# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကိုစောင့်ရှောက်**

မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ တစ်ပါးသူသည် အဘယ်မှာ ကိုးကွယ်ရာဖြစ်နိုင်အံ့နည်း။ မိမိသာလျှင် မိမိ၏ လဲလျောင်းရာဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းမြင်းများကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်လေလော့။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၈၀)


၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၆၁)


# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်နေသည့် ဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကျော်လွှားနေ

## အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်

နေပြည်တော် ဇွန် ၂၁

အကြံဉာဏ်များ၊ အထောက်အပံ့များ၊ ရုပ်ဝတ္ထုပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

ကမ္ဘာ့ဘဏ်၏ အဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (International Development Association-IDA)၏ (၁၈) ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❂


**"ယခုအစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် ကမ္ဘာ့ဘဏ်နှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ခြင်း၊ ရင်းနှီးမှုပိုမိုရရှိနိုင်ခြင်း၊ IDA မှ ကူညီထောက်ပံ့မှုများ ပိုမိုရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်"**




မြန်မာ့အလင်း

# မြန်မာ့အပြောင်းအလဲနှင့် လူ့အခွင့်အရေးမှတ်တမ်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စ ယန်ဟီလီတို့ ဇွန် ၂၀ ရက်က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ တွေ့ဆုံခဲ့သည်။ ထိုသို့ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးကိစ္စရပ်များ ဆောင်ရွက်နေမှုအရပ်ရပ်ကို ဆွေးနွေးခဲ့သည်ဟု သိရသည်။

ထို့ပြင် အဆိုပါဆွေးနွေးမှုများထဲတွင် ရခိုင်ပြည်နယ်ကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကိစ္စ၊ လွတ်လပ်စွာစုဝေးခွင့်နှင့် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ကိစ္စ၊ စီးပွားရေး၊ လူမှုအခွင့်အရေးများဆိုင်ရာကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်နိုင်ရေးကိစ္စနှင့် မြန်မာနိုင်ငံမှပါဝင်ရန် ကျန်ရှိသည့်နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များသို့ဝင်ရောက်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြီးခဲ့သည့်အစိုးရ၏ ရှေ့ပိုင်းကာလများတစ်လျှောက်လုံး မြန်မာနိုင်ငံသည် လူ့အခွင့်အရေးမှတ်တမ်းများ နိမ့်ကျခဲ့သည်မှာ အများအသိပင်ဖြစ်သည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် လေးဦးခန့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အစီရင်ခံစာများ တင်သွင်းခဲ့ကြဖူးပါသည်။ ယခင်က သတင်းစာရှင်းလင်းပွဲကိုပင် ထိုင်းနိုင်ငံရောက်မှ ပြုလုပ်သည်လည်း ရှိခဲ့ဖူးသည်။ ယခု မစ္စ ယန်ဟီလီ၏ ၁၂ ရက်ကြာ ခရီးစဉ်မှတွေ့ရှိချက်များကို စက်တင်ဘာလတွင်ပြုလုပ်မည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလအထူးကိုယ်စားလှယ်၏ ယခုခရီးစဉ်တွင် ရန်ကုန်၊ စစ်တွေ၊ မြစ်ကြီးနား၊ လားရှိုးမြို့များသို့ သွားရောက်မည့်အပြင် အင်းစိန်အကျဉ်းထောင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနများသို့ပါ သွားရောက်မည်ဖြစ်ကာ ဇူလိုင်လ ၁ ရက်နေ့တွင် ရန်ကုန်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်သည်။

ယခုခရီးစဉ်မှာ မစ္စ ယန်ဟီလီ၏ စတုတ္ထအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ်ဖြစ်သလို အစိုးရသစ်လက်ထက် ပထမဆုံးခရီးစဉ်လည်း ဖြစ်ပါသည်။ ယခင်ခရီးစဉ်များအတွင်း ရခိုင်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စများ ထိပ်တန်းရောက်ခဲ့သည်ကို တွေ့ခဲ့ရသည်။ ယခုအစိုးရသစ်လက်ထက်တွင်မူ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီတစ်ရပ်ကို မေလ ၃၀ ရက်နေ့က ဖွဲ့စည်းထားခဲ့သည်။ ၎င်းဗဟိုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ လေးခုဖွဲ့စည်းပြီး ဝန်ကြီးဌာနပေါင်းစုံပါဝင်သောအဖွဲ့များက ရခိုင် ပြည်နယ်အရေးကို ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အရေးကို ဗဟိုအစိုးရယန္တရား တစ်စုံလုံးဆင်း၍ ကိုင်တွယ်ဆောင်ရွက်နေသည်ကို မစ္စ ယန်ဟီလီ တွေ့မြင်ရမည်ဖြစ်သည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလလောက်က ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ် ပဋိပက္ခများစုံစမ်းရေးကော်မရှင်၏ အကြံပြုချက်များထဲမှာ ဒုက္ခသည်များကိစ္စ၊ လူမှုရေး(ကမန်များကိစ္စ၊ လူဦးရေတိုးပွားနှုန်းကိစ္စ)၊ နိုင်ငံသားပြုရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ NGO၊ INGO များ၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးစသော ပြဿနာပေါင်းများစွာနှင့်ပတ်သက်သည့် အကြံပြုချက်များပါဝင်ခဲ့သည်။ ထိုပြဿနာများကို ယခင်အစိုးရလက်ထက်က ပိုဆိုးမလာအောင် ထိန်းထားရုံလောက်သာ လုပ်နိုင်ခဲ့ပြီး တကယ်အစစ်အမှန်ပြေငြိမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရအောင် မလုပ်ဆောင်နိုင်ခဲ့သည့်အတွက် ယခုမှလုပ်နေရခြင်း ဖြစ်ပေသည်။

ရခိုင်ပြည်နယ်တွင် ဘာသာမတူသူများကြား သဟဇာတဖြစ်စွာအတူ ယှဉ်တွဲနေနိုင်ရေးသည် အရေးကြီးသော်လည်း ထိုကိစ္စကို လူ့အခွင့်အရေး ရှုထောင့်တစ်ခုတည်းမှ ချဉ်းကပ်၍မရနိုင်ကြောင်း အထက်အစီရင်ခံစာပါ အချက်များကိုကြည့်က သိနိုင်ပေသည်။ မြန်မာ့အပြောင်းအလဲ၏ သဘောသဘာဝမှာ လူ့အခွင့်အရေးအခြေခံသောအပြောင်းအလဲ မဟုတ်ဘဲ တစ်နိုင်ငံလုံး တည်ဆောက်ပုံဆိုင်ရာ အပြောင်းအလဲမျိုး ဖြစ်ပါသည်။ အာဏာရှင်စနစ်မှပြောင်းလဲကြရာတွင် လူ့အခွင့်အရေးတစ်ခုတည်း မဟုတ်ဘဲ ဘက်ပေါင်းစုံမှ လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည် ဖြစ်ပေသည်။

ယခုခရီးစဉ်တွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အနေဖြင့် ယခင်ခရီးစဉ်များနှင့်မတူသော အခြေအနေတချို့ကို တွေ့မြင်ရမည်ဟု မျှော်လင့်ရသည်။ ဤခရီးစဉ်သည် အရေးကြီးသည့် အဆင့်တစ်ခုဖြစ်လာမည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးကလည်း ထုတ်ပြန်ထားသည်။ အစိုးရသစ်၏ သုံးလမပြည့်မီဆောင်ရွက်ချက်များသည် ကုလသမဂ္ဂ စံချိန်စံညွှန်းများ ပြည့်မီသည်အထိ ရောက်ရှိဖို့မလွယ်သော်လည်း ဖြစ်ထွန်းတိုးတက်နိုင်စေရန် အလားအလာကောင်းများကို တွေ့မြင်ရလိမ့်မည်ဟု ယူဆပါကြောင်း။ ။




## ငွေကျပ် ၂၀၀ တန်ထီ ဇူလိုင် ၁ ရက်ဖွင့်မည်

**ရန်ကုန် ဇွန် ၂၁**

အကြိမ်(၃၃၀)မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ်(၁၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဇူလိုင် ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီး တစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ် ဆု၊ ကျပ်သိန်း ၅၀၀ ငါး ဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ဆုခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ ဆု ၁၈ ဆု၊ ကျပ်သိန်း၅၀ဆု ၂၀ ဆု၊ ကျပ် ၂၅ သိန်းဆု ၂၀၊ ကျပ် ၁၀ သိန်း ဆု ၂၆ ဆု၊ ကျပ် ၅ သိန်းဆု ၄၉ ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်းငါးလုံးတူ(၁၀) ယူနစ်အတွက် ကျပ် ၃ သိန်းဆု ၁၀၀၊ အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးတူ(၁၀)ယူနစ်အတွက် ကျပ် ၂ သိန်းဆု ၁၀၀၀၊ အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးတူ(၇)ယူနစ်အတွက် ကျပ် ၁ သိန်းဆု ၇၀၀၀ နှင့် အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံးတူ (၃)ယူနစ်အတွက် ကျပ် ၅ သောင်းဆု ၃၀၀၀၀ အပါအဝင် ဆုမဲပေါင်း ၃၈၂၅၄ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဓနုတိုင်းရင်းသားမဂ္ဂဇင်းထုတ်ဝေခြင်းဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြို့ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်) အသင်းရုံးအစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက်မွန်းလွဲပိုင်းက ပထမအကြိမ်ထုတ်ဝေခဲ့သော ဓနုတိုင်းရင်းသားမဂ္ဂဇင်းထုတ်ဝေခြင်း အခမ်းအနားကျင်းပရာ ဓနုတိုင်းရင်းသားမိသားစုအသင်း (ရန်ကုန်)မှ နာယက ဦးမျိုးမြင့်၊ အသင်းဥက္ကဋ္ဌ ဦးစိုးညွှန့်နှင့် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကြိုင်တို့က မဂ္ဂဇင်းဖြစ်မြောက်ရေးတွင်ပါဝင်ကူညီသူများနှင့် စာမူရှင်၊ စာရေးဆရာများကို အသင်းနာယကနှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

ထင်သာမြင်သာပြုပြင်စရာ

## ရှာသာအေးကျေးရွာ၌ စက်ရေတွင်းပျက်၍ သောက်သုံးရေခက်ခဲနေ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ရှာသာအေးကျေးရွာတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်က စက်ရေတွင်းသစ်တစ်တွင်း တူးဖော်ပေးခဲ့သည်။ အဆိုပါကျေးရွာတွင် အိမ်ခြေ ၂၂၀၊ လူ ဦးရေ ၉၇၄ ဦး၊ နွားကောင်ရေ ၅၅၀၊ ဆိတ်ကောင်ရေ ၄၅၀တို့ သောက်သုံးရန်အတွက် နေ့စဉ် နေ့မနားညမနား ရေမောင်းပေးခဲ့ရာ ယခုအခါတွင် စက်ရေတွင်း ပျက်စီးနေပြီဖြစ်သည့်အတွက် စက်ရေတွင်းအား ပြုပြင်ပေးစေလိုကြောင်း ကျေးရွာသူ ကျေးရွာသားများထံမှ သိရသည်။

"ကျွန်တော်တို့ရွာ စက်ရေတွင်းက ပျက်နေတာ တစ်လခွဲလောက်ကြာသွားပြီး အခုအချိန်ထိ လာရောက်ပြင်မပေးသေးတဲ့အတွက် ရွာမှာ ရေအခက်အခဲဖြစ်နေပါတယ်။ အရင်က နွေရာသီ နေပူတုန်းကတော့ အခြားလူမှုရေးအသင်းတွေကလည်း ရေလာလှူကြတယ်။ ရွာမှာ စက်ရေတွင်းပျက်တော့ သောက်သုံးရေအတွက် မှီခိုနေခဲ့ကြတဲ့ လူဦးရေ၊ တိရစ္ဆာန်နဲ့ စာလျှင် စက်ရေတွင်း တစ်တွင်းနဲ့ မလောက်ငပါဘူး။ အခုလက်ရှိပျက်နေတဲ့ တွင်းကိုလည်း အမြန်ဆုံး ပြန်လည်ပြုပြင်ပေးစေလိုပါတယ်"ဟု စက်ရေတွင်း အကျိုးတော်ဆောင် နာယကဥက္ကဋ္ဌ ဦးကြံအောင်က ပြောသည်။

"ကျွန်တော်တို့ဆီမှာ မိုးတော့ ရွာပါတယ်။ ကန်ရေကလည်း မဝင်တော့ နှစ်မိုင်လောက်ဝေးတဲ့သူကောင်းတည်



မြစ်ရေတင်ကန် (၆)နှင့် ကန်(၇)သို့ နွားလှည်းနဲ့ သွားခပ်ရပါတယ်။ အခုလို ဝေးလံတဲ့နေရာတွေကို သွားခပ်ရတာရယ်၊ အများသူငါ ရေကားတစ်စီး ငွေကျပ် ၁၅၀၀၀ ပေးဝယ် သောက်ရတာတွေရယ် မလွယ်တဲ့အတွက် စက်ရေတွင်းလေးကို ပြုပြင်ပေးစေလိုပါတယ်" ဟု ရှာသာအေးရွာနေ ဦးမောင်စန်းက ပြောသည်။

**ကျော်ဌေး(ညောင်ဦး)**

## ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံကြီးအတွက် အောက်ဆီဂျင်စက်နှစ်လုံးလှူ

**ရမည်းသင်း ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန်အတွက် ငွေကျပ် ၂၈ သိန်းတန်ဖိုးရှိ အောက်ဆီဂျင်စက်နှစ်လုံးကို ရမည်းသင်းမြို့ပျဉ်တပ်ရပ်ကွက်နေ ဖခင်ကြီး ဦးသာဟန်ကို ရည်စူး၍ (ဇနီး) ဒေါ်ကြည်သန်း(သမီး) မစံပယ်၊ မဆွေ (အလှကုန်စတိုး)(သား)ဦးရွှေဇင် ညွှန်ကြားရေးမှူး လမ်း/ဦးစီးဌာန စစ်ကိုင်းတိုင်း၊ ဒေါက်တာထွန်းစိုးနိုင်၊ သားဖွားမီးယပ် (အထူးကု- မန္တလေး)မိသားစုတို့ကဇွန် ၂၀ ရက်တွင် အထွေထွေအထူးကုသမားတော်ကြီး ဒေါက်တာခင်မမဦး ထံပေးအပ်ခဲ့သည်။

**အတ်ကလေး(ရမည်းသင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၄၀ / ၅၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၅၆၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၁.၄၀ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၇၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၂၂ |
| တရုတ် | တစ်ယွမ် | ၁၇၉.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၅၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

✪ ရှေ့စုံမှ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာနိုင်ငံသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရာသီဥတုပြောင်းလဲမှုကြောင့် ပေါ်ပေါက်နေသည့် သဘာဝဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကျော်လွှားရလျက်ရှိပါကြောင်း၊ ကျား-မ အချိုးညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလုပ်အကိုင်နေရာများဖန်တီးရေးနှင့် ပညာရည်ဖွံ့ဖြိုးတိုးတက်ရေး၊ အုပ်ချုပ်ရေးစနစ်ကောင်းမွန်မှုနှင့် အုပ်ချုပ်ရေးယန္တရားဖွံ့ဖြိုးရေးတို့တွင်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက် ပေးကြစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ပြည်တွင်း၊ ပြည်ပမှ ကိုယ်စားလှယ် ၂၁၅ ဦးခန့် တက်ရောက်ကြသည်။

ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအား IDA Borrower Countryအဖြစ်လည်းကောင်း၊ Fragile and Conflict Affected State (FCS)အဖြစ်လည်းကောင်း ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ IDA သည် မြန်မာနိုင်ငံအပါအဝင် တစ်ဦးကျဝင်ငွေအနည်းဆုံးနိုင်ငံများ၏ ဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး၊ အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများစသည်တို့အတွက် ထောက်ပံ့ကူညီနိုင်ရန် ၎င်း၏ရန်ပုံငွေများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။

IDA 18 Replenishment အတွက် ၂၀၁၆ ခုနှစ်အတွင်း အစည်းအဝေး လေးကြိမ်ကျင်းပသွားရန် စီစဉ်ထားသည်။ ယခုအစည်းအဝေးသည် ကမ္ဘာ့ဘဏ်၏ ကုန်ကျစရိတ်ဖြင့် ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ပုံငွေထပ်မံဖြည့်ဆည်းပေးရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုအစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် ကမ္ဘာ့ဘဏ်နှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ခြင်း၊ ရင်းနှီးမှုပိုမိုရရှိနိုင်ခြင်း၊ IDA မှ ကူညီထောက်ပံ့မှုများ ပိုမိုရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဩစတြီးယားနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှတာဝန်ရှိသူများအား သီးခြားစီတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

နိုင်ငံတော်၏ ပကတိလိုအပ်ချက်နှင့် ကိုက်ညီစွာ လယ်ယာကဏ္ဍအဆင့်မြှင့်တင်ရေးအတွက် အရေးပါသော စက်မှုလယ်ယာစနစ် ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရေရှည်တွင် ဖြစ်ပေါ်လာမည့် လယ်ယာလုပ်ငန်းခွင်သုံးစက်ကိရိယာများ၏ ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်ပေးမှုအပိုင်းအတွက် အထူးအလေးထားပြီး ကြိုတင်စီမံဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေး အဖြေရှာဖြည့်ဆည်းပေးနိုင်ရေး နှစ်ဖက်ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ကိုရီးယားနိုင်ငံ Daedong ကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် Daedong ကုမ္ပဏီမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးစဉ်

အလားတူ နံနက် ၁၁ နာရီခွဲတွင် ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံအမတ်ကြီး H.E Mr. Emo Drofenik နှင့် တွေ့ဆုံစဉ် သဘာဝဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်မည့် အစီအစဉ်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးနှင့် တိရစ္ဆာန်ကုသရေးလုပ်ငန်းများတွင် အထောက်အပံ့နှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အရည်အသွေးကောင်းမွန်သောကုန်ပစ္စည်းများတိုးမြှင့်တင်ပို့နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် ယနေ့မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Mohammad Sufiur Rahman အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများတိုးမြှင့်တင်ပို့နိုင်ရေး၊ စားသုံးသူရေးရာကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်ရေး၊ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်သွားရောက်၍ ကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးနိုင်ရေး၊ အထည်ချုပ်လုပ်ငန်းဆိုင်ရာ အတွေ့အကြုံများ မျှဝေနိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီကျင်းပနိုင်ရေးနှင့် နယ်စပ်ကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် အရေးပါသော ပို့ဆောင်ဆက်သွယ်ရေးပိုင်းတွင် အဆင်ပြေချောမွေ့စေရန် လမ်း၊ တံတားများ အဆင့်မြှင့်တင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မေ ၂၀ ရက်က မန္တလေးတိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်

တင်မောင်(မန္တလေး)





# ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ပုသိမ် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဌာန၏ ရက်ပေါင်း ၁၀၀ စီမံချက်အဖြစ် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

ဇွန် ၂၀ ရက်က ပုသိမ်မြို့နယ်အတွင်း ခုတ်မောင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်၊ ကုန်တင်ရေယာဉ်များ စည်းကမ်းမဲ့ပြေးဆွဲခြင်း မရှိစေရန်နှင့် သတ်မှတ်ထားသည့် လိုင်စင်များ ပြည့်စုံ မှု ရှိ/မရှိ စစ်ဆေးခြင်းများကို တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီး၍ မြန်မာနိုင်ငံ ရေကြောင်းရဲတပ်ဖွဲ့(ပုသိမ်)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ရေယာဉ်ရှောင်တခင် စစ်ဆေးခဲ့သည်။

ထို့အပြင် လိုင်စင်မဲ့၊ စည်းကမ်းမဲ့ရေယာဉ်များ စစ်ဆေးတွေ့ရှိခြင်းအပေါ် ရေကြောင်းဘက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် One Stop Service ဖြင့် ရေယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်နှင့် စက်တပ်ရေယာဉ်ငယ် မောင်းနှင်ခွင့်ကတ်များအား ကွင်းဆင်းစစ်ဆေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ၊ အကူအညီပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၁**

ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် International Bar Association's Human Rights Institue (IBAHRI) မှ Senior Programme Lawyer Ms. MulukaMiti-Drummond တို့သည် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ၊ အကူအညီပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်

**သံတွဲ ဇွန် ၂၁**

မိုးရာသီ အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက် ၇ နာရီက သံတွဲမြို့ ဒွါရာဝတီမြို့သစ်ရှိ ခရိုင်ပညာရေးမှူးရုံး ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးနှင့် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောခိုင်ဦးတို့က သစ်ပင်များကို ပေးအပ်ရာ ခရိုင်ပညာရေးမှူး ဦးအောင်သန်းမြင့်၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ဌာနဆိုင်ရာများက လက်ခံယူကြပြီး စုစုပေါင်း အပင် ၁၅၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



မိုင်းရှူးမြို့နယ် ပန်စွဲ့ကျေးရွာတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်း ဦးဆောင်၍ မြို့နယ်ဆေးရုံမှ သွားဆရာဝန် ဒေါက်တာစိုင်းခွမ်ခေးနှင့် သူနာပြုရှစ်ဦးတို့သည် ကျေးရွာဘုန်းကြီးကျောင်း၌ ကျေးရွာပြည်သူနှင့် ကျောင်းသား ကျောင်းသူများအား သွားနှင့် ခံတွင်း ကျန်းမာရေးစောင့်ရှောက်ခြင်းကို ဇွန် ၁၇ ရက်က ဆောင်ရွက်ပေးစဉ်

(မြို့နယ် ပြန်/ဆက်)

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# မကွေးမြို့ မြသလွန်စေတီတော်ကြီးရှိ ဗုဒ္ဓမြတ်စွယ်တော်ပွားအား ဗုဒ္ဓါဘိသေကအနေကဇာတော်တင်

**နေပြည်တော် ဇွန် ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ဗုဒ္ဓမြတ်စွယ်တော် ဘုရားကျောင်း၏ ဗုဒ္ဓမြတ်စွယ်တော် ဆရာတော် GAOSHENG CHANG ZANG က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ချီးမြှင့်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော်များကို အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် မကွေးမြို့မြသလွန်စေတီတော်ကြီး၌ထားရှိကိုးကွယ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်က လှူဒါန်းခဲ့သည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို ဇွန် ၂၀ ရက် နံနက်ပိုင်းက မြသလွန်စေတီတော်မြတ် ရင်ပြင်တော်ရှိ မဟာအတုလရံသီတန်ဆောင်း၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရာဇမုနိကျောင်း ပဓာနနာယကဆရာတော်ကြီး ဘဒ္ဒန္တကေသာလ အမှူးပြုသော မြသလွန်စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တာဝန်ရှိသူများ တပ်မတော်သားများနှင့် မိသားစုဝင်များ မြသလွန်စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရာဇမုနိကျောင်း ပဓာနနာယကဆရာတော်ကြီး အမှူးပြုသောမြသလွန်ဩဝါဒါစရိယ ဆရာတော်ကြီးကိုးပါးတို့က ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။ **(ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရာဇမုနိကျောင်း ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များနာယူ၍ မြသလွန်စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများထံသို့ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် ဓမ္မစေတီလမ်းနှင့် လင့်လမ်းထောင့်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော ရွှေဂုံ(လင့်လမ်း)အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရွှေဂုံအိမ်ရာပြန်လည်စည်ပင်ရေး စီမံကိန်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် မူလနေထိုင်သူများအား ပြန်လည်နေရာချထားပေးမှု၊ အခန်းခွဲဝေမှုတို့နှင့် ပတ်သက်၍ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နေထိုင်သည့် ပြည်သူများအဆင်ပြေစေရေး ဦးစားပေးစဉ်းစားရန်၊ ရေ၊ မီးနှင့် မိလ္လာစနစ်ကောင်းမွန်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးတို့ စနစ်တကျဆောင်ရွက်ထားရှိရန်တို့ကိုမှာကြားကာ တည်ဆောက်ပြီး Block-A လူနေအိမ်ခန်းများ ဖွဲ့စည်းထားရှိမှုနှင့် Block-B လူနေအိမ်ခန်းများ ဖွဲ့စည်းထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၆၀ ရှိ Prime Hill Business Square ရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Chiyoda Corporation တို့ ပူးပေါင်းဆောင်ရွက်သော Chiyoda & Public Works Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက CPW ၏ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ Convention Hall နှင့် အစည်းအဝေးခန်းများကျင်းပနိုင်သည့် ရုံးခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သော မင်းရဲကျော်စွာအိမ်ရာစီမံကိန်းသို့ ရောက်ရှိပြီး အိမ်ရာစီမံကိန်းဆောင်ရွက်ပြီးစီးမှုနှင့် လူနေအိမ်ခန်းများ ဖွဲ့စည်းထားရှိမှုအခြေအနေကို လည်းကောင်း၊ လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန လျှပ်စစ်ဌာနခွဲ လျှပ်စစ်အလုပ်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ်(လျှပ်စစ်) ဦးမြင့်သိန်းက လျှပ်စစ်ဌာနခွဲ၏ ဖွဲ့စည်းပုံ၊ လျှပ်စစ်အလုပ်ရုံ (ရန်ကုန်)နှင့် (မန္တလေး) ဌာနခွဲ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ကြီးဌာနများအလိုက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဌာနခွဲမှ ပြန်လည်ပြုပြင်ထားသည့် လျှပ်စစ်ပစ္စည်းများနှင့် အသစ်ထုတ်လုပ်သည့် လျှပ်စစ်ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားပြီး လျှပ်စစ်အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# မြန်မာ-ထိုင်း နယ်ခြားကော်မတီအစည်းအဝေးတက်ရောက်မည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

နေပြည်တော် ဇွန် ၂၁

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်မည့် အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်ရန် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်** Lt.Gen.Somsak Nilbanjerdkul **ဦးဆောင်သောအဖွဲ့သည် ဇွန် ၂၀ ရက် နံနက်ပိုင်းက ကျိုင်းတုံ လေဆိပ်သို့ ရောက်ရှိလာကြသည်။** (အောက်ပုံ)




ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen.Somsak Nilbanjerdkul ဦးဆောင်သောအဖွဲ့သည် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် အဖွဲ့ဝင်များနှင့်အတူ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားအား ဖူးမြော်ကြည်ညိုကြပြီး သစ်တစ်ပင်တောင်သို့ သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လွယ်မွေမြို့ရှိ စတုရဌသုမင်္ဂလ စေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လွယ်မွေမြို့ရှိ နှစ်(၁၀၀)အိမ်တော်နှင့် ဒေသထွက် သစ်သီးဝိုင်ထုတ်လုပ်ရောင်းချနေမှုအားလည်းကောင်း၊ ညနေပိုင်းတွင် ကျိုင်းတုံမြို့ရှိ တိုင်းလိယဉ်ကျေးမှုခန်းမဆောင်၌ ခင်းကျင်းပြသထားသော ဒေသခံတိုင်းရင်းသားများ၏ ရိုးရာလက်မှုလုပ်ငန်းများအားလည်းကောင်း ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။
**(မြဝတီ)**

# လားရှိုး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**လားရှိုး ဇွန် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ရက် ၁၀၀ စီမံချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ လားရှိုးမြို့နယ် ဦးစီးမှူးရုံးမှ ကွင်းဆင်းဆောင်ရွက်ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဇွန် ၂၁ ရက်၌ အထက(၅) မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် လားရှိုးမြို့နယ်ဦးစီးမှူး ဦးကျော်နိုင်မြင့်တို့က ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်ကြီးတင်ထွန်းဦးနှင့် ကျောင်းသားကျောင်းသူများ၏ လက်ဝယ်သို့နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၃၈၀ တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၅ ကတ် ပေးအပ်ခဲ့ကြောင်း သိရသည်။
**ဇော်လွင်(လားရှိုး)**

# အသက်မွေးဝမ်းကျောင်း ထောက်ကူပြုသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၂၁**

မြို့ပြနေအခြေခံပြည်သူများ အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ပြီး ဒေသထွက်သစ်သီးဝလံများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တစ်ပိုင်တစ်နိုင်ထုတ်လုပ်ကာ အသေးစားလုပ်ငန်းရှင်များအဖြစ် ရပ်တည်နိုင်စေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖြစ်သည့် သစ်သီးဝလံအခြေခံစားသောက်ကုန် ထုတ်လုပ်နည်း ပညာပေးသင်တန်းဖွင့်ပွဲကို ဇွန်လတတိယပတ်က မော်လမြိုင်မြို့နယ် သမဝါယမအသင်းစု၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မော်သက်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြဆရာများက သင်ကြားပြသပေးလျက်ရှိရာ သင်တန်းကာလကို ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။
**(မော်လမြိုင်-ကိုယ်ပွား)**

# ကျေးလက်လူငယ်များအတွက် ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၁**

ကျေးလက်တောရွာများတွင် နေထိုင်ကြသော လူငယ်လူရွယ်များ အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအဖြစ် နေရာဒေသမရွေးလုပ်ကိုင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်အတွက် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်အောင်မြင်ကျေးရွာအုပ်စု ဇီးဖြူကုန်းကျေးရွာ၌ ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် သင်တန်းသို့ ကျေးရွာအတွင်းမှ သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ဇွန် ၁၅ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး "ကျွန်တော်တို့ရွာမှာ ဆိုင်ကယ်တွေက အရင်ကထက်များလာပြီဆိုတော့ ဆိုင်ကယ်ပြင်တဲ့အလုပ်က တွက်ခြေကိုက်ပြီလေ၊ ယခုလိုအချိန်မှာ ကျေးလက်ဦးစီးဌာနက သင်တန်းဖွင့်လှစ်သင်ကြားပေးတော့ သင်တန်းတက်ပြီးအပြင်မှာ ထပ်လေ့လာပြီးရင် ကျွန်တော်က ဆိုင်ကယ်ပြင်ဆိုင်ဖွင့်ပြီး အသက်မွေးဝမ်းကျောင်းပြုမယ်" ဟု သင်တန်းသားတစ်ဦးက ပြောသည်။
**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**နေပြည်တော် ဇွန် ၂၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr.Enno Drofenik အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံးအမှတ် (၃၁) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာ၌ သာသနာရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အစိုးရနှင့် မီဒီယာအကြား ပေါင်းကူးဆက်သွယ်မှုတစ်ရပ်ဖြစ်လာတော့မည့် ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေးအလုပ်ရုံဆွေးနွေး



ပါမောက္ခ ဒေါက်တာမြင့်ဟန်
(ညွှန်ကြားရေးမှူးချုပ်)



Mr. Ramon R.Tuazon



ဒေါ်နွဲ့နွဲ့ဝင်း
ညွှန်ကြားရေးမှူးချုပ်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအခြေစိုက် ယူနက်စကိုနှင့် အီးယူတို့ ပူးပေါင်းကာ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ဇွန် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့သည်။

ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများသည် သတင်းမီဒီယာများမှတစ်ဆင့် ပြည်သူများနှင့်ထိတွေ့ဆက်ဆံမှုကို ပုံမှန်အလုပ်ကဲ့သို့ ဆောင်ရွက်နိုင်ရေးကြိုတင်ပြင်ဆင်ထားနိုင်ရန်အတွက် အလေ့အကျင့်များရရှိပြီး ယုံကြည်မှုပိုမိုရရှိနိုင်ရန် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

သို့ဖြစ်၍ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများ မီဒီယာဆက်ဆံရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

**ဒေါ်နွဲ့နွဲ့ဝင်း**
**ညွှန်ကြားရေးမှူးချုပ်**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် မီဒီယာတွေနဲ့ ဆက်သွယ်တဲ့အခါမှာ အီးမေးလ်တွေ၊ တယ်လီဖုန်းတွေနဲ့ဆက်သွယ်နိုင်ပြီး ဝက်ဘ်ဆိုက်တွေမှာလည်း ကျွန်မတို့ဌာနရဲ့ လုပ်ငန်းတာဝန်တွေကို တင်ပြလို့ရပါတယ်။ ကျွန်မတို့ဌာနမှာဆိုရင် စီတီဇင်ဘတ်ဂျက်တွေ ထုတ်ဝေခြင်းအားဖြင့် ကျွန်မတို့ရဲ့ အချက်အလက်တွေကို မီဒီယာတွေက သိရှိနိုင်မှာဖြစ်ပါတယ်၊ အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီးတော့ မီဒီယာတွေကို ဖိတ်ကြားပြီး အင်တာဗျူးတွေ ဆောင်ရွက်လို့ရတယ်ဆိုတာ သိလာပါတယ်။

အရင်က ကျွန်မတို့ media directory ဆိုတာ မသိခဲ့ပါဘူး။ media directory မှာဆိုရင် သုံးပိုင်းရှိပါတယ်။ local၊ national၊ International ပါ။ local ဟာဆိုရင် ပြည်တွင်းမှာထုတ်ဝေနေတဲ့ ဂျာနယ်တွေသတင်းစာတွေနဲ့ သက်ဆိုင်ပါတယ်၊ national ကတော့ MRTV နဲ့ ဆိုင်ပါတယ်။ International ကတော့ BBC တို့၊ CNN တို့ သူတို့နဲ့ပတ်သက်တယ်။ သူတို့နဲ့ဆက်သွယ်ရမယ့်ပုဂ္ဂိုလ်တွေ၊ contact person တွေနဲ့ပတ်သက်လို့ ကျွန်မတို့ directory တွေထားရှိပြီးတော့ ဆောင်ရွက်ရင်ပိုပြီးအကျိုးကျေးဇူးရှိတယ်ဆိုတာ သိလာရတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်မတို့ press release နဲ့ press conference ကွဲပြားတာပါ။ press briefing မှာ သီးခြားသတ်မှတ်ထားတဲ့ Topic တစ်ခုရှိရပါတယ်။ အဲဒီ Topic ပေါ်မှာ မူတည်ပြီးတော့ ဆွေးနွေးရပါတယ်။ မီဒီယာတွေက မေးမြန်းတဲ့ အခါမှာလည်း ဒီ Topic အတိုင်းပဲ မေးရပါမယ်။ တခြားဟာ မေးခွင့်မရှိပါဘူး။ press conference မှာကျတော့ Topic ကို သတ်မှတ်မထားပါဘူး။ အဲဒီအတွက်ကြောင့် မီဒီယာတွေအနေနဲ့ မိမိမေးမြန်းလိုတဲ့ question တွေကို မေးမြန်းနိုင်ပါတယ်။ ကျွန်မတို့ဘက်ကလည်း သူတို့သိလိုတဲ့အချက်အလက်တွေကို ပြည့်ပြည့်စုံစုံဖြေကြားပေးဖို့ လိုတယ်။ အဲဒါကြောင့် press briefing နဲ့ press Conference ရဲ့ ကွာခြားချက်ကို ကျွန်မတို့ ဒီသင်တန်းတက်ခြင်းအားဖြင့် သိရှိခဲ့ရပါတယ်။

ကျွန်မတို့ မီဒီယာနဲ့ဆက်သွယ်တဲ့အခါမှာ မိမိဌာနရဲ့လုပ်ငန်းတာဝန်တွေ၊ မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို မီဒီယာတွေကတစ်ဆင့် ပြည်သူတွေကိုသိအောင် ကျွန်မတို့ ဖြန့်ဝေပေးတာဖြစ်ပါတယ်၊ မီဒီယာတွေကို message ပေးခြင်းအားဖြင့် ပြည်သူလူထုထံ သတင်းအချက်အလက်အမှန်တွေရရှိတဲ့အပြင် ကျွန်မတို့ဝန်ကြီးဌာနဘက်ကလည်း မိမိပြောလိုတဲ့အချက်အလက်တွေကို ပြည်သူအများသိအောင် ဖြန့်ဝေပေးနိုင်မှာဖြစ်တယ်။

**ပါမောက္ခ ဒေါက်တာမြင့်ဟန်**
**(ညွှန်ကြားရေးမှူးချုပ်)**
**ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

အရင်တစ်ပတ်သင်တန်းက နှစ်ရက်၊ အဲဒီနှစ်ရက်မှာလည်း ပြည်တွင်းက ပညာရှင်တွေနဲ့ ဆွေးနွေးသင်ကြားပို့ချခွင့်၊ နာယူခွင့်ရခဲ့ပါတယ်။ အခု တစ်ခေါက်ကတော့ ယူနက်စကိုက ပညာရှင်တွေနဲ့ ဆွေးနွေးတဲ့သင်တန်းဖြစ်ပါတယ်၊ နှစ်ခုစလုံးက ဆက်စပ်နေပါတယ်၊ အဓိက ကတော့ ဝန်ကြီးဌာနတွေရဲ့ spoke person တွေအနေနဲ့ သိသင့်သိထိုက်တာတွေကို ဆွေးနွေးသွားတဲ့အတွက် အများကြီး အကျိုးရှိပါတယ်။ အရင်သင်တန်းမှာရော၊ ဒီသင်တန်းမှာပါ ခေါင်းစဉ်တွေမတူဘူး၊ ဒါပေမယ့် အားလုံး ဆက်စပ်နေတဲ့အတွက် အကျိုးရှိတယ်လို့ ယူဆပါတယ်။

spoke person ဆိုတာ တာဝန်ကြီးပါတယ်။ ဘာလို့လဲဆိုတော့ ဆရာတို့ပေးချင်တဲ့သတင်း၊ ဆရာတို့ပေးချင်တဲ့ message ကို ပြည်သူလူထုတွေဆီကို ထိထိရောက်ရောက် မှန်မှန်ကန်ကန်နဲ့ ရောက်ရှိသွားဖို့အတွက် ဆရာတို့က မီဒီယာတွေနဲ့ဆက်သွယ်ပြီး လုပ်ငန်းကို ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ဒီသင်တန်းတွေမှာ မီဒီယာရဲ့အခြေခံသဘောတရားတွေကို ဆရာတို့ လေ့လာခွင့်ရပါတယ်၊ နောက်ပြီး မီဒီယာတွေနဲ့ ဆက်သွယ်ခွင့်ရတဲ့အခါမှာ ဆရာတို့ ဘယ်လိုနည်းလမ်းတွေကိုကျင့်သုံးပြီးတော့ ဆောင်ရွက်သင့်တယ်၊ နောက်ပြီး မီဒီယာအမျိုးမျိုးရှိတဲ့နေရာမှာ ဘယ်လိုမီဒီယာကို ဘယ်လိုအကျိုးရှိအောင် ဆရာတို့အနေနဲ့ ဆက်သွယ်ပြီးတော့ အဲဒီမီဒီယာတွေကို အသုံးချပြီးတော့ ပြည်သူတွေအကျိုးအတွက် သတင်းတွေဖြန့်ချိ ဆောင်ရွက်နိုင်တယ်ဆိုတာကို ဒီသင်တန်းမှာ လေ့လာခွင့်ရပါတယ်။

ဝန်ကြီးဌာနတစ်ခုနဲ့တစ်ခု မတူညီတဲ့အချက်တွေရှိတယ်။ ကိုယ့်ဝန်ကြီးဌာနနဲ့ အချို့ဝန်ကြီးဌာနတွေက အခြေခံအချက်တွေတူတယ်၊ တချို့အချက်တွေမတူဘူးဆိုတဲ့အခါမှာ ဆရာတို့တွေက မိမိနဲ့လိုက်လျောညီထွေဖြစ်မယ့် Strategy မျိုးကို သုံးစွဲပြီးတော့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ခြုံပြောရရင်တော့ အကျိုးရှိတယ်လို့ ဆရာတို့အနေနဲ့ ပြောလိုပါတယ်။

သင်ကြားမှုမှာ ဆရာ့အတွက် အမှတ်တရဖြစ်စေတာကတော့ ဆရာတို့သိပ်ပြီးတော့ အကျွမ်းမဝင်ခဲ့တဲ့အပိုင်း (အထူးသဖြင့်) မီဒီယာပေါ့၊ မီဒီယာကဏ္ဍမှာ မီဒီယာရဲ့ကျင့်ဝတ်တွေရှိတယ်။ မီဒီယာနဲ့ပတ်သက်တဲ့ ဥပဒေတွေလည်းရှိတယ်၊ ရှိမှန်းတော့သိတယ်၊ ဆရာတို့ ထိထိရောက်ရောက် မလေ့လာမိဘူး၊ အချိန်နည်းပါးတာလည်း ပါပါတယ်၊ ဆရာတို့အနေနဲ့ လေ့လာပြီးတော့ သိသင့်တဲ့အချက်ပါ၊ ဒါကိုလည်း ဆရာတို့အနေနဲ့ လေ့လာသွားဖို့လည်း လိုပါတယ်။ ဒီကဏ္ဍလည်း ဖွံ့ဖြိုးဖို့လိုတယ်လို့ ထင်ပါတယ်။

ဆရာတို့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဆိုတော့ မီဒီယာတွေနဲ့ တော်တော်များများ ထိတွေ့ရ ပါတယ်၊ ထိတွေ့ခဲ့တဲ့ မီဒီယာတွေနဲ့လည်း အတွေ့အကြုံအများကြီး ရှိခဲ့ပါတယ်၊ နောက် မီဒီယာက တော်တော်များများနဲ့လည်း ခင်မင်တာတွေ ရှိပါတယ်၊ ဒီနေရာမှာ အချက်တစ်ချက်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးချင်တာက အခုကာလမှာ ပိုပြီးတော့ ပွင့်လင်းလာတဲ့အတွက် ပြည်သူတွေဆီကို သတင်းတွေ မှန်မှန်ကန်ကန်နဲ့ ရောက်ရှိဖို့ဆိုတာ အင်မတန်အရေးကြီးပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်၊ တစ်ပိုင်းက ဆရာတို့ဘက်က ပြောရေးဆိုခွင့်ရှိသူဖြစ်ဖြစ် သတင်းပေးမယ့်သူဖြစ်ဖြစ် တစ်ပိုင်းပါတယ်။ နောက်တစ်ပိုင်းကတော့ မီဒီယာပိုင်းပေါ့။ ဆရာတို့ဘက်ကလည်း ပြည်သူလူထုကို သတင်းမှန်ရအောင် ကြိုးစားသလို မီဒီယာဘက်ကလည်း သတင်းမှန်ရဖို့အတွက် ဆရာတို့နဲ့ပူးပေါင်းပြီး ဆောင်ရွက်ဖို့ လိုပါတယ်။

တချို့နေရာတွေမှာ တွေ့ရတာကတော့ မီဒီယာတွေကဏ္ဍမှာ ဆရာတို့ပြောချင်တဲ့ ပေးချင်တဲ့ message က ပြည်သူလူထုဆီကို ဆရာတို့ ဖြစ်စေချင်သလို၊ ရောက်သွားစေချင်သလို မရောက်သွားတာတွေရှိတယ်။ မီဒီယာတိုင်းတော့ မဟုတ်ဘူး။ တချို့မီဒီယာတွေကျတော့ အကြောင်းအရာကို သေချာစွာ လေ့လာထားမှုမရှိဘူး။ သူတို့အတွက် အခက်အခဲရှိတာတွေလည်း ရှိမှာပေါ့။ ဘာလို့လဲဆိုတော့ အကြောင်းအရာအားလုံးကိုတော့ သူတို့မသိနိုင်ဘူးပေါ့။ Background Information ကို ထပ်ပြီးလေ့လာပြီးမှ ဒီသတင်းကို ထုတ်ပြန်မယ်ဆိုရင် သတင်းကပိုပြီးတော့ ပီပီပြင်ပြင်နဲ့ ပြည်သူတွေအတွက် အကျိုးရှိမယ့် သတင်းဖြစ်မယ်လို့ ယူဆပါတယ်။

အဲဒီတော့ ဆရာတို့ဘက်ကလည်း ကြိုးစားဖို့လိုသလို မီဒီယာတွေကလည်း အရည်အသွေးတကယ်ပြည့်မီပြီးတော့ ပြည်သူတွေအပေါ်မှာ စိတ်ကောင်း၊ စေတနာကောင်းနဲ့ တကယ့်ကို မီဒီယာကျင့်ဝတ်နဲ့အညီ ဆောင်ရွက်နိုင်ဖို့ ဆရာအနေနဲ့ ဒီနေရာမှာ အခွင့်သာတုန်း ပြောကြားချင်ပါတယ်၊ မီဒီယာတွေနဲ့ ပတ်သက်ပြီးတော့ ရရှိမယ့်အကျိုးခံစားမှုကို ဆရာတို့နိုင်ငံမှာ နိုင်ငံသားတွေအားလုံးက ဒါကို ပြည့်ပြည့်ဝဝ ခံစားနိုင်မှာဖြစ်ပါတယ်။ အဓိကကတော့ လေ့လာဖို့၊ ကြိုးစားဖို့နဲ့ရည်ရွယ်ချက်တွေ မှန်ကန်ဖို့က အရေးကြီးဆုံးဖြစ်ပါတယ်ဆိုတာ ပြောကြားချင်ပါတယ်။

Mr. Ramon R.Tuazon

ဒီနေ့တင်ပြသွားတဲ့ အချက်အလက်တွေနဲ့ပတ်သက်ပြီး ယူနက်စကိုကနေပြီးတော့ တာဝန်ပေးတဲ့အတွက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မီဒီယာဆက်ဆံရေးနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတာဖြစ်ပါတယ်။ မီဒီယာတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ဘယ်လိုလုပ်ပြီးတော့ ကောင်းမွန် တဲ့ရလဒ်တွေကို ရလာနိုင်မလဲဆိုတာကို ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ ပြည်တွင်းမီဒီယာတွေရော၊ အစိုးရမီဒီယာတွေနဲ့ပတ်သက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေတာ တစ်နှစ်လောက်ရှိပါပြီ။ တစ်နှစ်အတွေ့အကြုံကနေပြီးတော့ ရရှိခဲ့တဲ့အတွက် အခုလိုဆွေးနွေးပွဲလုပ်တဲ့အခါမှာ ဘာမှ အခက်အခဲမရှိပါဘူး။

အခု ဒီမှာတက်ရောက်တဲ့သူတွေဟာ သူတို့လုပ်ကိုင်ဆောင်ရွက်တဲ့ကိစ္စတွေမှာ တက်တက်ကြွကြွနဲ့ ပါဝင်တဲ့အတွက် ကျွန်တော်ဝမ်းမြောက်ဝမ်းသာရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာတက်ရောက်တဲ့သူတွေဟာ သူတို့ရဲ့ အတွေ့အကြုံတွေကို တင်ပြကြတယ်။ အတွေ့အကြုံတွေနဲ့ ပတ်သက်ပြီးတော့ မျှဝေကြတယ်။ အဲဒီအတွေ့အကြုံပေါ်မူတည်ပြီးတော့ ဆွေးနွေးကြတဲ့အတွက် ကျွန်တော် ဒီကိစ္စကို နှစ်သက်ပါတယ်၊ သဘောကျပါတယ်၊ ဝမ်းမြောက်ပါတယ်။ အစိုးရသစ်တက်လာပြီးတော့ အပြောင်းအလဲတွေဖြစ်လာပါတယ်။ အပြောင်းအလဲတွေဟာ ပွင့်လင်းမြင်သာမှုရှိပါတယ်။ နိုင်ငံသားတွေအနေနဲ့ ပွင့်လင်းမြင်သာမှုအပေါ်မှာ ဘယ်လိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သင့်ပါသလဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာကို အပြန်အလှန်အနေနဲ့ တုံ့ပြန်မှုတွေရလာနိုင်မှာဖြစ်တဲ့အတွက် ဒီကိစ္စဟာ တော်တော်လေးထိရောက်မယ်လို့ ကျွန်တော်တို့ ယူဆရပါတယ်။

ယခု ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များကိုဖိတ်ခေါ်ကာ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိသူများအနေဖြင့် မီဒီယာများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရာတွင် လိုအပ်မည့် ဗဟုသုတ၊ ဆောင်ရွက်ရန် လုပ်ငန်းဆောင်တာများနှင့် လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်နှင့် စောင့်ထိန်းမှုဆိုင်ရာများအတွက် များစွာအထောက်အကူရရှိနိုင်ကြောင်း သိရှိရသည်။

**မေး/ရေး - အောင်နိုင် (သတင်းစဉ်)**
**ဓာတ်ပုံ - အေးသန်း (သတင်းစဉ်)**

# မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် တောင်ကြီးမြို့၌ ကျင်းပ

**တောင်ကြီး ဇွန် ၂၁** ၂၀၁၆ ခုနှစ် အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုနှင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို တောင်ကြီးမြို့ ကိုးနဝင်းစေတီတော်မြောက်ဘက်တွင် ဇွန် ၁၈ ရက် နံနက် ၈ နာရီက သစ်ပင်စိုက်ပျိုးခဲ့ကြသည်။ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အမှာစကားပြောကြားပြီး စိုက်ပျိုးမည့်ပျိုးပင်များကိုဖြန့်ဝေပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အဆင့်ဌာနဆိုင်ရာများကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား ပျိုးပင်များကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းရွှေမြင့်က ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်တစ်ဦးအား ပျိုးပင်များကို တာဝန်ရှိသူများက အသီးသီး ပျိုးပင်များ ပေးအပ်စိုက်ပျိုးစေခဲ့သည်။ ယနေ့တွင် ချယ်ရီ၊ ခါတော်မီ၊ ထင်းရှူး၊ စိန်ပန်းပြာ၊ ရေသင်းဝင် စသည့် သစ်မျိုးစုံ စုစုပေါင်း အပင် ၁၀၂၀ စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ကြိုတင်ပြင်ဆင် အောင်ပွဲဝင်

**ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာညီလာခံမတိုင်မီ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့်ဆိုင်သော အစီရင်ခံစာတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် ၂၀၃၀ ပြည့်နှစ်တွင် အလွန်အမင်း ဆင်းရဲသူဦးရေသန်း ၁၀၀ ကျော်ရှိလာမည်ဟု ကမ္ဘာ့ဘဏ်၏ လေ့လာမှုများအရ သိရှိရပြီး ရာသီဥတု အဆိုးရွားဆုံးခံစားနိုင်သည့် နိုင်ငံစာရင်းများကို ၁၉၉၄ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း လေ့လာချက်များအရ ၁၀ နိုင်ငံစာရင်းတွင် မြန်မာကအဆင့်(၂)တွင် ရှိသည်ဟု( Global Climate Risk Index 2015) ထုတ်ပြန်ချက် အရသိရသည်။ မှန်ပေသည်။**

မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲလာမှုကြောင့်တစ်နှစ်ထက်တစ်နှစ် အပူအအေးမမျှတတော့ဘဲ ပူလွန်းအေးလွန်းသည့် ရာသီဥတုတို့ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ အယ်နီညို (El Nio)(ပုံမှန် အပူချိန်ထက် ပူပြင်းလွန်း) ဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုနည်းပါးခြင်း၊ အပူချိန်မြင့်မားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ အပူကြောင့်ဖြစ်သော ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့်ရေရှားပါးခြင်းတို့ ကြုံတွေ့ခဲ့ရပြီး အထူးသဖြင့် ရေရှားပါးသည့်အရပ်ဒေသတွင် နေထိုင်လျက်ရှိသော ကျေးလက်နေပြည်သူလူထုအတွက် များစွာအခက်အခဲဖြစ်ခဲ့ရသည်။ ယခုလည်း အယ်နီညိုပြီးဆုံးလျှင်လာနီညာ (La-Nina) ဟုခေါ်သော(ပုံမှန်ထက်အေးလွန်း) သည့် ရာသီဥတုကို ကြုံတွေ့ရဦးမည်ဖြစ်သည်။

လာနီညာဆိုသည်မှာပင်လယ်ရေမျက်နှာပြင် အပူချိန်များကျဆင်းပြီးအေး၍ စိုစွတ်သည့် ရာသီဥတုကိုဆိုလိုခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် အယ်နီညိုလည်းမဟုတ်၊ လာနီညာလည်းမဟုတ်ဘဲ ကြားနေရာသီဥတုမျိုးလည်း ဖြစ်ပေါ်လေ့ရှိသည်။ လက်ရှိ ဖြစ်ပေါ်နေသည့် အယ်နီညိုရာသီဥတုမှာ ဖြစ်စဉ်ကုန်ဆုံးပြီးသည်နှင့် ပစိဖိတ်သမုဒ္ဒရာ၏ ရာသီဥတုမှာကြားနေအဆင့်သို့ ကူးပြောင်းသွားပြီး ၂၀၁၆ခုနှစ် ဇွန်လမှ စက်တင်ဘာလနောက်ဆုံးပတ်ထိ ဆက်လက်တည်ရှိနေနိုင်ပြီး စက်တင်ဘာလနောက်ဆုံးပတ်ထဲတွင် လာနီညာရာသီဥတုကို ကူးပြောင်းသွားမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်မှုများအရ သိရသည်။ အဆိုပါ လာနီညာရာသီဥတု မှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်မှ စတင်ပြီး ၂၀၁၇ ခုနှစ် ဇွန်လလောက်တွင် ပြီးဆုံးသွားနိုင်သည်ဟုလည်း ခန့်မှန်းဖော်ပြထားသည်။

အယ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် စိုက်ပျိုးမှု နောက်ကျခြင်းတို့အပြင် ရေတွင်းရေကန်များ၌ ရေခန်းခြောက်လာခြင်း၊ နေ့အပူချိန်များတစ်နေ့ထက်တစ်နေ့ မြင့်တက်လာခြင်း၊ မီးများမကြာခဏလောင်ကျွမ်းခြင်း၊ အချို့ဒေသများတွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများဖြစ်ပေါ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ စသည့်ဆိုးကျိုးများဖြစ်ပေါ်ခဲ့ရသည်။ အယ်နီညိုရာသီဥတုကြောင့် ဆိုးကျိုးများစွာခံစားရသော်လည်း လာနီညာရာသီဥတုကြောင့် မိုးကြိုကာလအတွင်းမုန်တိုင်းများဖြစ်ပေါ်မှုမရှိခြင်း၊ နွေရာသီတွင် အပူချိန်အနည်းငယ် ကျဆင်းပြီး မုတ်သုံလေ ဝင်ရောက်မှုပါ နောက်ကျသွားနိုင်ခြင်းတို့အပြင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်ပြီး ခန်းခြောက်နေသော ရေတွင်းရေကန်များတွင် ရေများဝင်ရောက်နိုင်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်။ လာနီညာရာသီဥတုကြောင့် အကျိုးကျေးဇူးများ ရရှိနိုင်သလို အအေးလွန်ကဲပြီး အပူချိန်များ လျော့နည်းကာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်းနှင့်မုန်တိုင်းများ ဝင်ရောက်ခြင်းများ စသည့် ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်သည်။

လာနီညာရာသီဥတုဖြစ်ပေါ်လာမည့် ကြိုတင်သတိပေးချက်များရရှိလာပါက အအေးဓာတ်လွန်ကဲနိုင်သည့်ဒေသများဖြစ်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အအေးဒဏ်ကာကွယ်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရှိခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားနိုင်သည့်အတွက် မြေပြိုနိုင်သော အနေအထားရှိသည့်နေရာများမှ ဘေးလွတ်ကင်းနိုင်သည့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ခြင်းများ ဆောင်ရွက်သင့်သည်။ ထို့ပြင်ရေကြီးခြင်းနှင့် မုန်တိုင်းများ ဝင်ရောက်နိုင်သည့် နေရာများတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံနေရာများ ကြိုတင်ရှာဖွေ၍ သရုပ်ပြလေ့ကျင့်ခြင်း၊ ရေကြီးရေလျှံမှုကြောင့် သောက်သုံးရေသန့် နှင့်အစားအစာများ ပြတ်တောက်နိုင်၍ ကြိုတင်ရှာဖွေစုဆောင်း သိမ်းဆည်းထားခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အအေးလှိုင်းနှင့်မိုးများခြင်းဒဏ်ခံနိုင်သည့် သီးနှံများကို စိုက်ပျိုးသင့်သည်။ မွေးမြူရေးနှင့်ပတ်သက်၍လည်း ရာသီဥတုဒဏ်ခံနိုင်မည့် တိရစ္ဆာန်များကို ရွေးချယ်မွေးမြူသင့်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးဝါးများ ကြိုတင်စုဆောင်းထားခြင်းတို့ ဆောင်ရွက်သင့်သည်။ ထို့အပြင် ရေကြောင်းသွားလာရေးနှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက်လည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်သည်။ ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုများစုပေါင်းလုပ်ဆောင်၍ မိုးလေဝသအခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်သည်။ တယ်လီဗွီးရှင်းနှင့် ရေဒီယိုများမှ ထုတ်လွှင့်သည့် မိုးလေဝသသတင်းများကိုလည်း အချိန်ပေး၍ နားထောင်သင့်သည်။

လာနီညာမဖြစ်ပွားမီတွင် ကြိုတင်လုပ်ဆောင်သင့်သည်များရှိသကဲ့သို့ ဖြစ်ပေါ်ပြီးသည့်အခြေအနေတွင်လည်း ဆောင်ရွက်မည့် အစီအစဉ်များလည်းရှိသင့်သည်။ အအေးလှိုင်းဖြတ်၍ အအေးလွန်ကဲမှုဖြစ်ပေါ်မည့်ဒေသများအတွက် အနွေးထည်များ၊ စောင်များ၊ ဆေးဝါးများပေးအပ်လှူဒါန်းခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကျမှုများဖြစ်ပွားခဲ့သည့် ဒေသများတွင် ကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ဦးဆောင်၍ လိုအပ်သည့် အကူအညီများပေးအပ်ခြင်း၊ ထို့ပြင်ရေကြီးခြင်းနှင့်မုန်တိုင်းများ ဝင်ရောက်ခြင်း တို့ဖြစ်ပွားသည့် ဒေသများအတွက် အလားတူအဖွဲ့အစည်းများမှ လိုအပ်သည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ထားရှိရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပေသည်။

ထိုကဲ့သို့ သဘာဝဘေးအန္တရာယ်များဖြစ်သည့်ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းများ ဝင်ရောက်ခြင်းကြောင့် ကျေးလက်လမ်းများပျက်စီးနိုင်ခြင်း၊ သောက်သုံးရေများ ပြတ်တောက်နိုင်ခြင်း၊ ကျေးလက်အိမ်ရာများပျက်စီးနိုင်ခြင်း၊ ဆိုလာမီးလင်းရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးနိုင်ခြင်း၊ မြစ်မ်းရောင်ကျေးရွာများ သဘာဝဘေးအန္တရာယ်များ ခံစားရနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။

ယင်းအခြေအနေမျိုးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းတံတားပျက်စီးမှုများ ဖြစ်ပေါ်ပါက အမြန်ဆုံးပြင်ဆင်နိုင်ရေး၊ သောက်သုံးရေအတွက် ရေတွင်းရေကန်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ပါက နီးစပ်ရာဒေသမှ အရင်းအမြစ်များရယူ၍ ဖြန့်ဝေပေးနိုင်ရေးနှင့် ပျက်စီးသွားသော ရေတွင်းရေကန်များပြုပြင်ခြင်း၊ ဆေးကြောခြင်းများအား ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးလက်အိမ်ရာနှင့် မီးလင်းရေးလုပ်ငန်းပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်နိုင်ရေးတို့အပြင် မြစ်မ်းရောင်ကျေးရွာများ ပျက်စီးဆုံးရှုံးမှုတွင် ပါဝင်ပါက ဆုံးရှုံးမှုပမာဏ အပေါ်မူတည်၍ သက်သာခွင့်များ သတ်မှတ်ဆုံးဖြတ်ပေးနိုင်ရေးတို့အတွက် ကြိုတင်အစီအမံများ ရေးဆွဲဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူသဘာဝဘေးအန္တရာယ်များကျရောက်နိုင်သည့်ဒေသများအနက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများ အထူးသဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ကယ်ဆယ်ရေးအတွက် ထောက်ပံ့ပေးရန် ပစ္စည်းများကြိုတင်စုဆောင်း၍ ထောက်ပံ့နိုင်ရေးအတွက်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဆိုလျှင် လာနီညာမဖြစ်ပွားမီ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် ဖြစ်ပွားပြီးချိန်တွင်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ကြိုတင်သိရှိပြီး သက်ဆိုင်သူအားလုံး (အစိုးရဌာနဆိုင်ရာများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထု)မှ လိုအပ်သည့် ကြိုတင် ပြင်ဆင်မှုများဆောင်ရွက်ထားရှိခြင်းဖြင့် လာနီညာထိခိုက်မှုအား အပြည့်အဝ တွန်းလှန်နိုင်မည်ဖြစ်ပြီး သာယာလှပသော အနာဂတ်ကို ထာဝရပိုင်ဆိုင်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါတော့သည်။

**"စိုက်ပျိုးရေးနှင့်ပတ်သက်၍ အအေးလှိုင်းနှင့်မိုးများခြင်းဒဏ်ခံနိုင်သည့် သီးနှံများကို စိုက်ပျိုးသင့်ပါသည်။ မွေးမြူရေးနှင့်ပတ်သက်၍လည်း ရာသီဥတုဒဏ် ခံနိုင်မည့် တိရစ္ဆာန်များကို ရွေးချယ်မွေးမြူသင့်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးဝါးများ ကြိုတင်စုဆောင်းထားခြင်းတို့ ဆောင်ရွက်သင့် . . ."**

**ကိုညီ(ကျေးလက်ဦးစီး)**



## ချင်းတွင်းမြစ်ရေတက်မှုကြောင့် မြစ်ကြောင်းများ၌ ရေယာဉ်များပြေး

**ကလေးဝ ဇွန် ၂၁**

မိုးတွင်းကာလ၌ ချင်းတွင်းမြစ်ရေကြောင်းကိုအဓိကအားထားသွားလာလျက်ရှိရာ ချင်းတွင်းမြစ်ရေမှာ ဇွန် ၁၉ ရက်တွင် ၁၂၂၉ စင်တီမီတာသို့ မြင့်တက်လာသဖြင့် ချင်းတွင်းမြစ်အတွင်းပြေးဆွဲနေသော ခရီးသည်တင်အမြန်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များ အဆင်ပြေလွယ်ကူလျင်မြန်စွာ ပြေးဆွဲလျက်ရှိပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်စွာလည်ပတ်နေကြောင်း အမြန်ရေယာဉ်ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်သည် ချင်းတွင်းမြစ်အထက်ပိုင်းဖြစ်သော ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်မြို့များ ချင်းတွင်းမြစ်အောက်ပိုင်း မင်းကင်း၊ ကနီ၊ မုံရွာမြို့များနှင့်အတွင်းပိုင်းကလေး၊ တမူး၊ ချင်းပြည်နယ်မြောက်ပိုင်းမြို့များတို့နှင့် ကုန်စည်စီးဆင်းရာလမ်းကြောင်းပေါ်တွင်တည်ရှိသည်။

**(မြို့နယ် ပြန်/ဆက်)**

## လူ့အခွင့်အရေးရုပ်ရှင်ပွဲတော်မှတ်တမ်းရုပ်ရှင်ကားများ ဆုချီးမြှင့်

**ရန်ကုန် ဇွန် ၂၁**

လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်ရည်ရွယ်၍ လူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်ကြီးကို ရန်ကုန်မြို့၌ ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်ကြီးတွင်ပါဝင်ပြသခဲ့သော ပြည်တွင်း ပြည်ပရုပ်ရှင်ကားများအနက် အကောင်းဆုံးသော ဇာတ်ကားများကို ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ဇွန် ၁၉ ရက်က ဆုချီးမြှင့်ခဲ့ရာ နိုင်ငံခြားရုပ်ရှင်ဇာတ် ကားတစ်ကားနှင့် ပြည်တွင်းရုပ်ရှင်ကား ရှစ်ကား စုစုပေါင်း ကိုးကား ဆုဆွတ်ခူးနိုင်ခဲ့သည်။ ဆီးရီးယားနိုင်ငံ တက်ကြွလှုပ်ရှားသူ လူငယ်နှစ်ဦးအကြောင်းဦးတည် ရိုက်ကူးထားသည့် ASyrian Love Story မှတ်တမ်းရုပ်ရှင်ကားနှင့် မြန်မာလူငယ်ဒါရိုက်တာများဖြစ်ကြသည့် ကိုဂျက်၊ ထက်အောင်စံ၊ ဖြိုးဇေယျာကျော်တို့ရိုက်ကူးသော "မော်" အမည်ရှိဇာတ်ကားတို့က ဒေါ်အောင်ဆန်းစုကြည်ဆုများအဖြစ် ချီးမြှင့်ခံရသည်။ မော်ဇာတ်ကားတွင် ကချင်ပြည်နယ်ဖားကန့်ရတနာမြေအကြောင်းရိုက်ကူးတင်ပြထားသော ဖြစ်ရပ်မှန် မှတ်တမ်းရုပ်ရှင်ကားဖြစ်သည်။ ယင်းဇာတ်ကားကိုပင် ဦးဝင်းတင် အကောင်းဆုံးရုပ်ရှင်ကားဆုအဖြစ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

လူငယ်ဒါရိုက်တာ နေမင်းတင်ရိုက်ကူးသည့် The Mask(မျက်နှာဖုံး)အမည်ရှိဇာတ်ကားက မင်းကိုနိုင်ဆုအဖြစ် ချီးမြှင့်ခံရသည်။ မျက်နှာဖုံးဇာတ်လမ်းတိုသည် စိတ်ကူးယဉ်ဆန်သောတွေးတောစဉ်းစားစရာ လူ့စရိုက်သဘာဝကိုဖော်ကျူးဖွဲ့ဆိုထားသည့် ဇာတ်လမ်းတိုဖြစ်သည်။ လူငယ်အမျိုးသမီးဒါရိုက်တာ နွေဇာခြည်စိုးရိုက်ကူးသည့် Lovely Bone ဇာတ်ကားက Voice of America ဆုဆွတ်ခူးသွားခဲ့သည်။ မသန်စွမ်းသူအိမ်ထောင်ဦးစီး ဖခင်တစ်ဦး၏ ရုန်းကန်လှုပ်ရှားရသောဘဝကို သရုပ်ဖော်ရိုက်ကူးထားခြင်းဖြစ်သည်။ ဒါရိုက်တာ စိုင်းကောင်ခမ်းနှင့် လမင်းဦးတို့ရိုက်ကူးသည့် A Peaceful Land၊ ဒါရိုက်တာ ဉာဏ်ကျယ်စေ ရိုက်ကူးသည့် My Life, I Don't Want (ကျွန်မ မလိုချင်တဲ့ ကျွန်မဘဝ)၊ ဒါရိုက်တာ မေရီနှင့် ရူပါမိုမိုတို့ရိုက်ကူးထားသည့် ပူတာအိုဒေသမှ ရဝမ်အမျိုးသမီးတစ်ယောက်အကြောင်းဖြစ်သော Woman With a Gun၊ ဒါရိုက်တာမေရီ၊ ပြည်သျှိုင်းကိုနှင့် မင်းသီဟတို့ရိုက်ကူးထားသည့် Missing Footprint ဇာတ်ကားများလည်း ဆုအသီးသီးဆွတ်ခူးနိုင်ခဲ့သည်။ ပျောက်ဆုံးခြေရာအမည်ရှိ ယင်းမှတ်တမ်းရုပ်ရှင်ကားမှာ နိုင်ငံအတွက် ခြေထောက်တစ်ဖက်စွန့်လွှတ်ခဲ့ရသည့် စစ်ပြန်တစ်ဦး၏ဘဝရုန်းကန်ကြိုးစားရမှုကို ရသမြောက်စွာ ရိုက်ကူးခြယ်မှုန်းထားသဖြင့် ပရိသတ်များ အထူးနှစ်ခြိုက်အားပေးမှုကို ရရှိခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မာန်အောင်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီနှင့် ပြည်နယ်အစိုးရအဖွဲ့ဆွေးနွေး

**စစ်တွေ ဇွန် ၂၁**

စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်နေကြသော မာန်အောင်ကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မာန်အောင်အများပိုင် ကုမ္ပဏီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဇွန် ၂၀ ရက် ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ်အစိုးရရုံးအစည်း အဝေးခန်းမ (၁)၌ ကျင်းပသည်။

ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အားနည်းနေသော မာန်အောင်ကျွန်းသူကျွန်းသားတို့၏ဘဝ တိုးတက်မြင့်မားရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ကောင်းမွန်သော သောက်သုံးရေ ရရှိရေးတို့အတွက် မာန်အောင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲကာ မိမိတို့၏ကုမ္ပဏီက ပြည်နယ်အစိုးရအဖွဲ့အား လာရောက်တင်ပြပြီး အကူအညီတောင်း အကြံဉာဏ်ကောင်းများ လာရောက်တောင်းခံရခြင်းဖြစ်ကြောင်း မာန်အောင်အများပိုင်ကုမ္ပဏီ ဥက္ကဋ္ဌကတွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်တစ်ခုလုံး အချိန်နှင့်တစ်ပြေးညီတိုးတက်အောင် ဆောင်ရွက်နေသည့်အချိန်တွင်မာန်အောင်အများပိုင်ကုမ္ပဏီအနေဖြင့် မိမိဒေသတိုးတက်ရေးအတွက် ယခုလိုအစီမံများရေးဆွဲပြီး တင်ပြလာသည့်အတွက် ပြည်နယ်အစိုးရအဖွဲ့က ကြိုဆိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။ ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက မာန်အောင်ကျွန်းဒေသသည် ယခုအခါ ရေကြောင်းနှင့် လေကြောင်းကိုသာ အဓိကထား သွား လာနေရသော်လည်း ရာသီဥတုဆိုးရွားသည့်အခါတွင် အခက်အခဲရှိပါကြောင်း၊ လေကြောင်းသွားလာရာတွင် လေယာဉ်ကွင်းတိုသည့်အတွက် လေယာဉ်ငယ်များသာ ဆင်းသက်ရပါကြောင်း၊ လေယာဉ်ကြီးများ ဆင်းသက်နိုင်အောင် လေယာဉ်ကွင်း တိုးချဲ့ခြင်းအတွက် ခွင့်ပြုငွေများ တောင်းခံရရှိထားပြီးဖြစ်ကြောင်း၊ လေယာဉ်ကြီးများ ဆင်းသက်လာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် မာန်အောင်မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ မြို့မိမြို့ဖများ၊ မာန်အောင်အများပိုင်ကုမ္ပဏီမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်သည် ညှိခန်းမ၌ ပြည်နယ်ဝန်ကြီးများနှင့်အတူ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (United Nations Development Programe-UNDP) မှ Economic Advisor ဖြစ်သူ Mr . Thomas Kring အား လက်ခံတွေ့ဆုံပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သံတောင်ဒေသထွက် ဒူးရင်းသီးများ ဈေးကွက်အတွင်းနေ့စဉ်ဝင်ရောက်နေ

**ရေတာရှည် ဇွန် ၂၁**

မိုးဦးရာသီဖြစ်သော ယခုလဒုတိယပတ်မှစတင်ကာ ကရင်ပြည်နယ် သံတောင်မြို့နယ်ထွက် ဒူးရင်းသီးများ ဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများနှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသများသို့ ဆက်တိုက်တင်ပို့ရောင်းချနေရကြောင်း သိရသည်။ တောင်ပေါ်ဒေသမှ ထွက်ရှိသည့်ဒူးရင်းသီးများကို ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက်ရှိ မြို့ကြီး/မြို့ငယ်များရှိ ဈေးနှင့်လူစည်ကားရာ နေရာများ၊ ကားဂိတ်များ၊ ရထားဘူတာရုံများတွင် ရောင်းချလျက်ရှိကာ မိသားစုအလိုက် စားသုံးခြင်းအပြင် လက်ဆောင်ပေးရန်အဖြစ် ဝယ်ယူမှုများရှိကြောင်း သိရသည်။

တောင်ပေါ်ဒေသမှ ဆိုင်ကယ်နောက်တွင် ခွခြင်းဖြင့်သည်ဆောင်သည့်အခါ တစ်ခြင်းလျှင် အလုံးအကြီး/အသေးအပေါ်မူတည်၍ အလုံးရေ ၃၀ မှ ၅၀ အထိ တင်ဆောင်ပြီး လာရောက်ရောင်းချခြင်းဖြစ်သည်ဟုဆိုသည်။

အမှာရှိသည့် မြို့များသို့ တင်ပို့ရောင်းချရာတွင် ရထားဖြင့်သာ တင်ပို့ပေးရခြင်းဖြစ်ကာ တစ်ခေါက်လျှင် ခြင်းအလုံးရေ ၃၀ အထိတင်ပို့ပေးရပြီး လက်ရှိပေါက်ဈေးအရ အရွယ်အစားအပေါ်မူတည်၍ ကျပ်တစ်ထောင်မှ နှစ်ထောင်ကျော်ဖြင့်ပြန်လည်ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

❒ *ကျောဖုံးမှ*

ဖားကန့်မြို့နယ်အတွင်း မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဇွန် ၂၀ ရက် ည ၁၀ နာရီဝန်းကျင်က ငှက်ပျောတောရပ်ကွက်၊ ကြိုးတံတားထိပ်လမ်းဆုံနေရာ မြို့မရပ်ကွက် အေးမြသာယာရပ်ကွက် လမ်းဆုံနှင့်ကျောက်ပိုင်းလမ်းဆုံအနိမ့်ပိုင်းနေရာများတွင် ဥရုချောင်းရေလျှံပြီး လမ်းမပေါ် နှစ်ပေခန့်အထိ ရေတက်ခဲ့ကြောင်းသိရသည်။

မိုးရွာသွန်းမှုကြောင့် ဥရုချောင်းရေမှာလည်း မြင့်တက်လျက်ရှိနေရာ မြို့နယ်၊ ရပ်ကွက်များမှ တာဝန်ရှိသူများအဖွဲ့က ထူးခြားမှုအခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အလားတူ ကချင်ပြည်နယ်အတွင်းရှိ မိုးညှင်းနှင့် မိုးကောင်းမြို့များတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရပ်ကွက်တချို့တွင် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်အတွင်း ရက် ၁၀၀ စီမံချက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးလှသန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် (11 /0.4)KV(200)KVA ထရန်စဖော်မာကိုးလုံးတည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံ (၁)နှင့် ဓာတ်အားခွဲရုံ(၂)တို့၏ ဖီဒါအသစ်ငါးလိုင်း ၄ ဒသမ ၉၉၇ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဇွန်လ ဒုတိယပတ်က စက်ယန္တရားနှင့် လူအင်အားများဖြင့် ဆောင်ရွက်ကြစဉ်**
(မြန်မာ့အလင်း)






# အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှ အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်ရှိ ကျေးရွာ ၁၅၆ ရွာမှ ကျေးရွာနေပြည်သူများနှင့် ဖြတ်သန်းသွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်နှင့် ယာဉ်ကြီး၊ ယာဉ်ငယ်များအား ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရန်အတွက် အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ ပညာပေးဆောင်ရွက်လျက်ရှိသည်။

အမြန်လမ်းမကြီးရဲတပ်ဖွဲ့အနေဖြင့် ကျေးရွာနေပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရန် ကျေးရွာများသို့အရောက်ဆင်းကာ ပညာပေး ဟောပြောဆွေးနွေးခြင်း၊ ကျောင်းများသို့ သွားရောက်၍ ဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ လမ်းမကြီးအနီးရှိ ကျေးရွာသူ ကျေးရွာသားများအား အမြန် လမ်းမကြီးပေါ်တွင် ကျွဲ၊ နွား တိရစ္ဆာန်များ လွှတ်ကျောင်းခြင်းမပြုရန် ပညာပေးဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အမှတ်(၃)လမ်းဆုံတိုးဂိတ်၊ ၁၁၅ မိုင်ဖြူးတိုးဂိတ်၊ ၂၀၁ မိုင် (စီလမ်းဆုံ)တိုးဂိတ်၊ ၂၈၅ မိုင် သီးကုန်းတိုးဂိတ်၊ ၃၅၂ မိုင် စကားအင်းတိုးဂိတ်များတွင်လည်း Express ယာဉ်၊ ကိုယ်ပိုင်ယာဉ်ငယ်များအား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆိုင်ကယ်စီးနင်းသူများအား ပညာပေးဟောပြောခြင်းများအပြင်၊ အမြန်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များမောင်းနှင်ရာတွင် သတိပြုမောင်းနှင်ရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် အမြန်လမ်းရဲစခန်းအသီးသီး၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များအား သတင်းစာ၊ ဂျာနယ်၊ ရုပ်သံများမှ တစ်ဆင့် အသိပညာပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းကုန်းလမ်းခရီးသည် ပို့ဆောင်ရေးအသင်း(ITA)နှင့်ပူးပေါင်း၍ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်လျက်ရှိသော Express ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၁ ရက်က အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားကွင်း၌လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးသည် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး လေးခု၊ ခရိုင်ကိုးခု၊ မြို့နယ် ၁၆ မြို့နယ်၊ ကျေးရွာပေါင်း ၁၅၆ ရွာအား ဖြတ်သန်းဖောက်လုပ်ထားပြီး ၃၆၆/၃ မိုင်ရှည်လျားသည့်လမ်းဖြစ်သည်။ အမြန်လမ်းမကြီးတစ်လျှောက် နေ့စဉ်ယာဉ်စီးရေဖြတ်သန်းသွားလာမှုမှာ တိုးတက်များပြားလာသဖြင့် လည်းကောင်း၊ ယာဉ်စီးခရီးသည်များ ပိုမိုများပြားလာသဖြင့် လည်းကောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရန်နှင့် လမ်းမကြီးတစ်လျှောက် လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် အမြန်လမ်းမကြီးရဲတပ်ဖွဲ့အား တပ်ဖွဲ့မှူးရုံး တစ်ရုံး၊ တပ်ဖွဲ့စုရုံးသုံးရုံး၊ ရဲစခန်း ၁၆ ခု၊ ရဲကင်း ၄၀ တို့ဖြင့် စုဖွဲ့၍ နေ့/ညတာဝန်များခွဲကာ မီးတန်းယာဉ် လှည့်ကင်းခြောက်စီး၊ မော်တော်ယာဉ် ၅၃ စီး၊ ဆိုင်ကယ်(မီးတန်းပါ) ၈၉ စီးတို့ဖြင့် တရားဥပဒေစိုးမိုးရေးတာဝန်များအား ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

# ယာဉ်ထိန်းရဲတို့၏စွမ်းဆောင်မှုကြောင့် ဘုရင့်နောင်လမ်းမပေါ်ယာဉ်ကြောရှင်းလင်းမှုတွေ့ရ




**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဝင်း ဘုရင့်နောင် မော်တော်ယာဉ် အပိုပစ္စည်းရောင်းဝယ်ရေး ဈေးရှေ့ရှိ ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ဇွန် ၂၀ ရက်က ယာဉ်ထိန်းရဲ အများအပြား မြင်တွေ့ရပြီး စည်းကမ်းတကျမောင်းနှင်ရေး လမ်းညွှန်ဆောင်ရွက်မှုကြောင့် ယင်းယာဉ်ကြောပေါ်၌ ယာဉ်ကြောရှင်းလင်းနေမှုကို တွေ့ရသည်ဟု လိုင်းကားစီး၍ ဘုရင့်နောင် ဈေးပွဲရုံမှတ်တိုင်တွင် ဆင်းလာသူတစ်ဦးကပြောသည်။

ဇွန် ၂၀ ရက် နေ့လယ်ပိုင်းတွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသို့ ဝင်၊ ထွက်ပေါက်ဖြစ်သော ကံ့ကော်လမ်းမကြီး၊ ရိုးကြီးချောင်းတို့တွင် အဝင်လမ်းမပေါ်၌ ယာဉ်ထိန်းရဲများမြင်တွေ့ရသည်။ မှတ်တိုင်အနီး လူသွားပလက်ဖောင်းပေါ်တွင်လည်း စောင့်ကြည့်အရေးယူသည့် အမျိုးသမီးယာဉ်ထိန်းရဲသုံးဦးနှင့် ကားလမ်းပေါ် အနီးကပ်ယာဉ်ကြော ထိန်းသိမ်းနေသည့် အမျိုးသားယာဉ်ထိန်းရဲတစ်ဦးပါ မြင်တွေ့ရသည်။

ယင်းသို့စောင့်ကြည့်ယာဉ်ကြောထိန်းသိမ်းမှုကြောင့် ယင်းအဖွဲ့ရှိစဉ်တွင် လမ်းဘေးရပ် ဒိုင်နာလိုင်းကား၊ အငှားတက္ကစီများ မမြင်တွေ့ရပါ။ လိုင်းကားများလည်း မှတ်တိုင်ရောက်အောင် မောင်းနှင်၍ခရီးသည်တင်/ချပြုလုပ်လာသည်။

ဇွန် ၂၀ ရက် နေ့လယ်ပိုင်း ယာဉ်ထိန်းရဲ အများအပြားချထားမှုကြောင့် ဘုရင့်နောင်လမ်းဆုံ ခုံးကျော်တံတားမှ ဘုရင့်နောင်ဈေးဝန်းကျင်ရှေ့ထိ နေ့စဉ်နီးပါး စည်းကမ်းမဲ့ရပ်နားမောင်းနှင်မှုကြောင့် ယာဉ်ပိတ်ဆို့မှုရှိရာမှ ရှင်းလင်းလွယ်ကူလာသည်ကို ယင်းလမ်းကြောင်းအတိုင်း ဖြတ်သန်းမောင်းနှင်လာသည့် လိုင်းကားယာဉ်လုပ်သားများက ပြောသည်။

ကားလမ်းများပေါ်တွင် လှည့်ကင်းများဖြင့် ယာဉ်စည်းကမ်းထိန်းသိမ်းခြင်းထက် အထိုင်ချစည်းကမ်းထိန်းသိမ်းခြင်းသည် ပိုမိုကောင်းမွန်သည့်ဖြစ်စဉ်များမြင်တွေ့နေရရာ ကားလမ်းများအနက် ယာဉ်ကြောပိတ်ဆို့မှုများသောနေရာများတွင် ယာဉ်ထိန်းရဲအင်အား ပိုမိုချထားပေးခြင်းဖြင့် ကားလမ်းနှင့်မှတ်တိုင်များတွင် စည်းကမ်းမဲ့ရပ်နား၊ မောင်းနှင်ခြင်း၊ ခရီးသည်အတင်အချပြုလုပ်ခြင်းများ လျော့နည်းလာမည်ဟု လမ်းမတော်မြို့နယ် (၂) ရပ်ကွက် ကမ်းနားလမ်းနေ ကုန်ကားပိုင်ရှင်တစ်ဦးက ပြောသည်။

**ခင်ဆိုင်**

# တပ်မတော်နှင့် မြစ်ကူးချောင်းခြားဖြစ်သွားကြသူများ

**မြင့်ဆွေဦး**

မြန်မာနိုင်ငံရေးသမိုင်းတွင် စစ်ပြီးခေတ်၌ လွတ်လပ်ရေးရခါစအချိန်တွင် ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာပြီး ပြည်တွင်းစစ်ကြီးနှင့် ထိပ်တိုက်ရင်ဆိုင်တိုးမိတော့သည်။ ထိုအခါ တပ်မတော်ကို ဦးဆောင်နေသူများဖြစ်သည့် ဗိုလ်လကျ်ာ၊ ဦးတင်ထွတ်တို့ကို ဖယ်ရှား၍ ဗိုလ်နေဝင်းက နေရာရလာလေသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးစအချိန်တွင် ကွန်မြူနစ်ပါတီက တောခိုခဲ့ပြီး ထိုစဉ်က တပ်မတော်ခေါင်းဆောင်အချို့ အပါအဝင် အစိုးရကို ပုန်ကန်တိုက်ခိုက်ခဲ့ကြသည်။ ထို့နောက် ဆက်၍ ကေအင်ဒီအိုက တော်လှန်ပုန်ကန်ခဲ့ကြသည်။ ရဲဘော်ဖြူများကလည်း လက်နက်စွဲကိုင်၍ တော်လှန်ခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံအတွင်း၌ အဖွဲ့အစည်းပေါင်းစုံမှ သောင်းကျန်းမှုများ အလျှိုလျှိုပေါ်ပေါက်လာခဲ့ရာ ရောင်စုံသူပုန်များဟု ဝေါဟာရတစ်ရပ်ပင်ပေါ်ထွက်လာခဲ့ရသည်။

ထိုရောင်စုံသူပုန်များကြောင့် ၁၉၄၉ ခုနှစ်လောက်တွင် အင်းစိန်အထိ ကေအင်ဒီအိုများ သိမ်းပိုက်ထားပြီး ရန်ကုန်သို့ဆက်လက်ချီတက်၍ သိမ်းယူရန် စီစဉ်နေ ချိန်ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရကိုလည်း နိုင်ငံတကာ စာနယ်ဇင်းများက ရန်ကုန်အစိုးရဟု ခေါ်ဝေါ်ရေးသားနေချိန် ဖြစ်သည်။

တပ်မတော်မှတပ်မှူးများသည် ရန်ကုန်ကိုသူပုန်လက်ထဲမကျသွားအောင် အသေအလဲခုခံကာကွယ်၍ ကယ်တင်နိုင်ခဲ့သည်။ ထို့အတူ နိုင်ငံတစ်ဝန်း၌ ရောင်စုံသူပုန်များ သိမ်းပိုက်ထားသည့် မြို့များကို တစ်မြို့ပြီးတစ်မြို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။

ထိုသို့ ရောင်စုံသူပုန်များလက်ထဲမှ မြန်မာပြည်ကို ပြန်လည်ကယ်တင်နိုင်ခဲ့သော တပ်မတော်ခေါင်းဆောင်အချို့မှ ၁၉၃၆-၃၈ ကျောင်းသားသပိတ်တွင်ပါဝင်ခဲ့ကြပြီး တပ်မတော်ထဲရောက်လာကြသူများဖြစ်သည်။ ထို့နောက် တပ်မတော်တွင် ထိပ်ဆုံးမှပုဂ္ဂိုလ်ကြီး ဗိုလ်နေဝင်းနှင့် တပ်မတော်ခေါင်းဆောင်အချို့သည် ထိပ်တိုက်တွေ့ကြသည်။ နောက်ဆုံးတွင် တပ်မတော်နှင့်မြစ်ကူးချောင်းခြားဖြစ်သွားလေတော့သည်။ ထိုတပ်မတော်ခေါင်းဆောင်များတွင် အထင်ရှားဆုံးပုဂ္ဂိုလ်နှစ်ဦးမှာ ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးကြီး ကြည်မောင်တို့ဖြစ်သည်။

ဗိုလ်မှူးချုပ် မောင်မောင်မှာ ဆေးကောလိပ်ကျောင်းသားဘဝတွင် ထိုစဉ်က ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း စသူတို့နှင့် ပေါင်းစည်းသိကျွမ်းသွားခဲ့ရာမှ နိုင်ငံရေးစိတ်ဓာတ်နိုးကြားလာခဲ့သည်။ BIA ခေတ်တွင် တပ်မတော်ထဲရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲဖြစ် လာခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးအပြီးတွင် ဝါသနာပါရာ ဆေးကျောင်း ပြန်တက်ချင်သဖြင့် တပ်မတော်မှ နုတ်ထွက်ခွင့် တောင်းရာ ဗိုလ်ချုပ်အောင်ဆန်းက

"တို့တပ်မတော်မှာ ခေတ်ပညာတတ်အရာရှိတွေ နည်းပါးနေ တယ်။ အဲဒါကြောင့် မင်းထွက်သွားလို့မဖြစ်ဘူး၊ ရှင်နည်းရတဲ့အထဲ အဂ္ဂလူထွက်သွားသလို ဖြစ်နေမှာပေ့ါ။ အဲဒီတော့ တပ်မတော်မှာပဲ မင်း ဆက်လုပ်သွားရမယ်ဒါပဲ" ဟု ပြောသဖြင့် ဗိုလ်မှူးချုပ် မောင်မောင်မှာ တပ်မတော်တွင် ဆက်၍ တာဝန်ထမ်းဆောင် နေရလေသည်။




ဗိုလ်မှူးချုပ်မောင်မောင်သည် အရှိန်အဟုန်ကြီးမားလာသော ရောင်စုံသူပုန်များအား စစ်ဆင်ရေးပြုလုပ်ရန် အရေးပေါ် မိတ္ထီလာ သို့သွားရသည်။ မိတ္ထီလာမှ ပတ်ဝန်းကျင်စစ်မြေပြင်သို့ ကားဖြင့် အလျင်စလိုဆင်းလာစဉ် မမျှော်လင့်ဘဲ ကေအင်ဒီအိုများ၏ ဖမ်းဆီးခြင်းကိုခံရလေသည်။ သူကဲ့သို့ပင် ဗိုလ်မှူးထွန်းအုံ၊ ဗိုလ်မှူးသိမ်းထွတ်၊ ဗိုလ်မှူးစောမြသိန်း၊ ဗိုလ်ကြီးရဲမြင့်၊ ဗိုလ်ကြီး လှဘော်၊ ဗိုလ်မှူးဖိုးကူးတို့လည်း အဖမ်းခံကြရပြန်သည်။

ဗိုလ်မှူးချုပ်မောင်မောင်တို့ကို ကေအင်ဒီအိုများက မိတ္ထီလာအကျဉ်းထောင်၊ တောင်ငူအကျဉ်းထောင်၊ ၎င်းမှတစ်ဆင့် ကရင်ပြည်နယ် သံတောင်အကျဉ်းထောင်၊ ၎င်းမှတစ်ဖန် ဘောဂလိကျေးရွာကြီး သီးသန့်နေရာတွင် ချုပ်နှောင်ထိန်းသိမ်းထားခဲ့သည်။ ကေအင်ဒီအိုလက်ထဲတွင် နှစ်နှစ်နီးပါး ခန့်ကြာခဲ့သည်။ ညှဉ်းပန်းနှိပ်စက်ခြင်း အမျိုးမျိုးခံရသည်။ သေသူသေ ကြေသူကြေနှင့်ခံခဲ့ရလေသည်။

ဗိုလ်မှူးချုပ် မောင်မောင်တို့ကို ကေအင်ဒီအိုလက်ထဲမှ လွတ်မြောက်ရေးအတွက် ဗိုလ်မှူးချုပ်အောင်ကြီး၊ ဗိုလ်မှူးကြီး စောမြင့်၊ ရန်ကုန်ဘဆွေတို့က သူတို့အစီအစဉ်ဖြင့် နှစ်ကြိမ်တိုင်တိုင် ဘောဂလိကျေးရွာကြီးသို့ သွားရောက်တိုက်ခိုက်ခဲ့ဖူးသည်။ ပထမအကြိမ်တွင် မိမိတို့ဘက်မှ အသက်တွေပေးဆပ်ခဲ့ရသော်လည်း မအောင်မြင်ခဲ့၊ ဒုတိယအကြိမ်ကျမှ အောင်မြင်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဗိုလ်မှူးချုပ်မောင်မောင်တို့က ကေအင်ဒီအိုလက်မှ လွတ်မြောက်လာခဲ့သည်။

ဗိုလ်မှူးချုပ်မောင်မောင်တို့ကို ကေအင်ဒီအိုလက်ထဲမှ စွန့်စွန့်စားစား သွားရောက်ကယ်တင်ခဲ့ပုံကို ရန်ကုန်ဘဆွေက 'ချီလေသော်လည်း' နှင့် 'တိုက်ယူရသော မျက်ရည်တစ်ပေါက်' ဟူ၍ စာအုပ်များရေးသားတင်ပြခဲ့သည်။

ဤသို့နှင့် ဗိုလ်မှူးချုပ်မောင်မောင်သည် စစ်မှုထမ်းဘဝသည် ရပ်တန့်မသွားဘဲ ကေအင်ဒီအိုများလက်မှ လွတ်မြောက်လာသည်။ ဗိုလ်မှူးချုပ် အောင်ကြီး၊ ဗိုလ်မှူးကြီးစောမြင့်တို့က တိုက်တွန်းမှုကြောင့် စစ်မှုထမ်းရပြန်သည်။

ဗိုလ်ချုပ်နေဝင်း၏သဘောတူညီချက်ဖြင့် ဗိုလ်မှူးချုပ်မောင်မောင်နှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့သည် ဦးနုထံသွားပြီး အချိန်အကန့်အသတ်ဖြင့်အာဏာလွှဲပြောင်းပေးရန် တင်ပြလေသည်။ ထိုအခါ ဦးနုကရွေးကောက်ပွဲလုပ်ပေးမည်ဟု ကတိပေးလျှင် လွှဲပြောင်းပေးမည်ဟုဆိုပြီး လွှဲပြောင်းပေးခဲ့သည်။ ထိုကတိအတိုင်းတပ်မတော်က ရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး အနိုင်ရခဲ့သည့် သန့်ရှင်းဖဆပလခေါင်းဆောင် ဦးနုကပင် အစိုးရဖွဲ့နိုင်ခဲ့သည်။ ထိုရွေးကောက်ပွဲအပြီးတွင် ဗိုလ်မှူးချုပ်မောင်မောင် တပ်မတော်မှ နုတ်ထွက်ခဲ့ရသည်။ ထို့နောက် ဗိုလ်မှူးချုပ်မောင်မောင်အား သံအမတ်ကြီးအဖြစ်ခန့်အပ်ပြီး တိုင်းပြည်ပြင်ပသို့ထွက်ခွာစေခဲ့သည်။ ပြင်ပတွင် ၁၅ နှစ်တိုင်တိုင် သံအမတ်ကြီးအဖြစ် အမှုထမ်းခဲ့ရပြီး အမိနိုင်ငံသို့ ခေတ္တပင် ပြန်လာခွင့်မရခဲ့။ တစ်နည်းအားဖြင့် နိုင်ငံရေးပြည်နှင်ဒဏ်ပေးခြင်းခံရသည်ဟု ဆိုလေသည်။

ထို့နောက် ၁၅နှစ်ကြာမှ အမိနိုင်ငံပြန်ရောက်လာသော ဗိုလ်မှူးချုပ်မောင်မောင်က အောက်ပါအတိုင်း ရင်ဖွင့်ခံစားချက်ကို ပြောပြခဲ့လေသည်။

'၁၉၆၁ ခုနှစ် ထွက်သွားရတုန်းက အလွန်သာယာသောမြန်မာပြည်ကြီးသည် ၁၉၇၅ ခုနှစ်မှာ ပြန်ရောက်လာရာတွင် မြင်မကောင်း၊ ရှုမကောင်း၊ ဖွတ်ဗလာချာ နိုင်ငံနုတ်ကလေးအဖြစ်နှင့် ဆိုရှယ်လစ်ကွန်မြူနစ် ပဋိစ္စသမုပ္ပါဒ်လည်သွားခြင်းခံရရှာသည်ကို စိတ်ဆင်းရဲစွာ တွေ့ရပါသည်။'

ဗိုလ်နေဝင်းနှင့် အမြင်ချင်းမတူသဖြင့်၊ ဗိုလ်နေဝင်း၏ အာဏာသိမ်းမှုကို သဘောမတူသဖြင့် တပ်မတော်နှင့် မြစ်ကူးချောင်းခြားဖြစ်သွားသူ နောက်တစ်ဦးမှာ ဗိုလ်မှူးကြီး ကြည်မောင်ဖြစ်သည်။

ဗိုလ်မှူးကြီး ကြည်မောင်သည် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင်သမဂ္ဂအမှုဆောင် တစ်ဦးဖြစ်သည်။ ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်တွင် ဗိုလ်အောင်ကျော်နှင့်အတူ အရိုက်ခံခဲ့ရသည်။ မိမိဒဏ်ရာကို ဂရုမပြု၊ ဗိုလ်အောင်ကျော်ဒဏ်ရာကိုသာ စိုးရိမ်သမှုဖြင့်ပြုစုခဲ့သူ ဖြစ်သည်။

၁၉၄၃ ခုနှစ်တွင် ပထမပတ် မင်္ဂလာဒုံ ဗိုလ်သင်တန်းတက်၍ ဗိုလ်ကြည်မောင်ဖြစ်လာပြီး ဂျပန်နိုင်ငံ စစ်တက္ကသိုလ်တက်ရန် အရွေးခံရပြီး ဂျပန်နိုင်ငံသို့သွားခဲ့ရသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သည့် တပ်မတော်က အာဏာသိမ်းပြီး တော်လှန်ရေးကောင်စီဖွဲ့စည်းသောအခါ ဗိုလ်မှူးကြီး ကြည်မောင်သည် အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။

၁၉၆၃ ခုနှစ် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲကို ဟသ်ာတခရိုင် ဇလွန်မြို့နယ် ခေါင်ကြီးအပိုင် ဒူးယားရွာတွင် ကျင်းပရာ ထိုစဉ်က ဧရာဝတီတိုင်း တိုင်းမှူးဖြစ်သူ ဗိုလ်မှူးကြီး ကြည်မောင်သည် ထိုအခမ်းအနားသို့ အချိန်မီမရောက်လာခဲ့၊ ဗိုလ်ချုပ်နေဝင်းက သူ့အားတမင်သက်သက်အရွဲ့တိုက်သည်ဟု ထင်မြင်သွားသည်။ ထို့အပြင် ဒူးယားနှီးနှောဖလှယ်ပွဲသို့ မလာခင် ဗိုလ်ချုပ်နေဝင်းက ဗိုလ်မှူးချုပ်အောင်ကြီးကို ရာထူးမှ ရပ်စဲခဲ့သည်။ ဗိုလ်မှူးကြီးကြည်မောင်ကိုလည်း ဗိုလ်မှူးချုပ် အောင်ကြီး၏ လူရင်းဟု ယူဆခဲ့သည်။

ထို့နောက် သိပ်မကြာခင် ၁၂-၃-၆၃ ရက်နေ့စွဲဖြင့် တိုင်းမှူး ဗိုလ်မှူးကြီး ကြည်မောင်ကို တပ်မတော်မှအနားပေးလိုက်သည်ဟူသော တော်လှန်ရေးကောင်စီရုံးအတွင်းရေးမှူး ဗိုလ်မှူးကြီးကိုကို လက်မှတ်ဖြင့် သတင်းထုတ်ပြန်ချက် ရေဒီယို၊ သတင်းစာများတွင် ပါရှိလာသည်။

၁၉၆၆ ခုနှစ်တွင် ဗိုလ်မှူးကြီးကြည်မောင်အဖမ်းခံရသည်။ တစ်နှစ်အကြာတွင် ပြန်လည်လွတ်မြောက်လာပြီး လပိုင်းအကြာတွင် အဖမ်းခံရပြန်သည်။ အရေးအခင်းကာလတွင် ဗိုလ်မှူးကြီးကြည်မောင်သည် ဗိုလ်အောင်ကြီးတို့နှင့် ပါဝင်လှုပ်ရှားခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည်။

၁၉၈၈ အရေးအခင်းအပြီး တပ်မတော်က နိုင်ငံတာဝန်လွှဲပြောင်းရယူပြီးနောက် နိုင်ငံရေးပါတီများ ထူထောင်ခွင့်ပြုသည့်အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ပါဝင်လာခဲ့သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားသည့်အခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးဆောင်မှုပေးပြီး ရွေးကောက်ပွဲဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များနှင့် ဗဟိုဦးစီးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ဂန္ဓီခန်းမဆောင်တွင်ပြုလုပ်ခဲ့ပြီး ဦးကြည်မောင်က အစည်းအဝေးကြီး သဘာပတိအဖြစ်ဆောင်ရွက်ပြီး သမိုင်းဝင် မိန့်ခွန်း ပြောကြားခဲ့သည်။

ဤစာအုပ်တွင် ဦးတင်ဦး၏ ဦးကြည်မောင်အကြောင်း၊ သခင်တင်မြ၏ ဦးကြည်မောင်အကြောင်းများကို ထည့်သွင်းထားသည်။ ဦးကြည်မောင်၏ နဝတအပေါ် ဝေဖန်ပြောကြားချက်များကို Asiaweek မဂ္ဂဇင်းမှ သတင်းထောက်နှင့်တွေ့ဆုံခန်းဖော်ပြခဲ့သည်။ ထိုတွေ့ဆုံခန်းတွင် ဦးကြည်မောင်က တပ်မတော်ထဲမှ မလုံမခြုံခံစားနေရသူများရှိသည်။ ဥပမာ ဗိုလ်ချုပ်ခင်ညွန့်တို့လိုပေ့ါဟုပြောကြားခဲ့ရာ နောက်တစ်ရက်တွင် ဗိုလ်ချုပ်ခင်ညွန့်က သတင်းစာရှင်းလင်းပွဲတွင် ဦးကြည်မောင်အား ဒေါသတကြီးဖြင့် ပြန်လည်ချေပခဲ့သည်။ ထိုသူနှစ်ယောက်အနက် ဦးကြည်မောင်က သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သွားသည်။

ဤစာအုပ်တွင် မှုရင်းမှတ်တမ်းများနှင့်အတူ စစ်ဗိုလ်ကြီးနှစ်ဦးအကြောင်းကို တင်ပြထားပြီး ရေးသူက အောင်စွမ်းဖြစ်သည်။ စာအုပ်အမည်က "**တပ်မတော်နှင့် မြစ်ကူးချောင်းခြားဖြစ်သွားကြသူများ**"ဖြစ်၍ ဟန်သာဆုစာအုပ်တိုက်က ထုတ်ဝေခြင်းဖြစ်သည်။

**ဗိုလ်မှူးချုပ် မောင်မောင်မှာ ဆေးကောလိပ်ကျောင်းသားဘဝတွင် ထိုစဉ်က ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း စသူတို့နှင့်ပေါင်းစည်း သိကျွမ်းသွားခဲ့ရာမှ နိုင်ငံရေးစိတ်ဓာတ်နိုးကြားလာခဲ့သည်။ BIA ခေတ်တွင် တပ်မတော်ထဲရောက်လာပြီး ဗိုလ်ချုပ်အောင်ဆန်း၏အပါးတော်မြဲ ဖြစ်လာခဲ့**

## ဆေးပညာသင်ကြားမှုထိရောက်ထက်မြက်မှုရှိစေရေး ဆေးပညာသင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

ဆရာ ဆရာမများ ဆေးပညာသင်ကြားရာတွင် ထိရောက်ထက်မြက်မှုရှိစေရေးအတွက် ဆေးပညာသင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲ Awareness Raising Workshop on Medical Education (2/2016)ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် သွားဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်းပြီး ဇွန် ၂၀ ရက်မှ ၂၁ ရက်ထိ နှစ်ရက်တာ ကျင်းပခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာတက္ကသိုလ်များမှ ဆရာဝန် သစ်လွင် ဆရာ ဆရာမ ၄၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် ဇွန် ၂၁**

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင်နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

## MSI နိုင်ငံတကာပညာရေးပြပွဲကြီးကျင်းပမည်

**တောင်ကြီး ဇွန် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ Royal Star Hotel (Ball Room)၌ ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ MSI နိုင်ငံတကာ ပညာရေးပြပွဲကြီး ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

MSI နိုင်ငံတကာပညာရေးပြပွဲသည် ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား နားလည်သဘောပေါက်သည်အထိ ရှင်းလင်းဆွေးနွေးပေးပြီး နိုင်ငံတကာပညာသင်ဆုနှင့် ဘာသာရပ်ကင်းလွတ်ခွင့်များကို ကူညီလျှောက်ထားပေးခြင်း၊ ကျောင်းသား ကျောင်းသူများ သင်ယူလိုသည့် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကူညီပေးမည်ဖြစ်သည်။

ပညာသင်နှစ် ကိုးနှစ်မှ ၁၁ နှစ်ရှိသော ကျောင်းသား ကျောင်းသူများ၊ နဝမတန်းအောင်၊ ဒသမတန်းအောင်မြင်ပြီးသော ကျောင်းသား ကျောင်းသူများ GCE "O" Level/ IGCSE ဖြေဆိုထားသော ကျောင်းသား ကျောင်းသူများ၊ IELT (or) TOFEL မရှိပါက English Proficiency Test(EPT) ကို Myanmar Search International (MSI) ရုံးခန်းတွင် ဖြေဆိုခြင်းဖြင့် ကျောင်းဝင်ခွင့်ရရှိနိုင်ကြောင်း မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်ထံမှ သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇွန်လ (၁၀)ရက်နေ့မှ (၁၈)ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း












| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | ဇန်းမော်ညိုနွဲ့ | ကဗျာပေါင်းချုပ်(၂) | ၅၀၀၀ိ/- | ကျားချောင်း |
| ၂ | ပါရဂူ | နိဗ္ဗာန် | ၂၂၀၀ိ/- | စိတ်ကူးချိုချို |
| ၃ | အောင်မင်းဘိတ် | မှန်ကန်သော အင်္ဂလိပ်အသံထွက်များ | ၂၅၀၀ိ/- | Momentum |
| ၄ | မောင်မောင်လှိုင် | စိတ်ကြိုက်ကျန်းမာရေး-၂ | ၂၀၀၀ိ/- | Perfect |
| ၅ | ဦးလှမြင့် | မြန်မာနိုင်ငံ၏တွင်းထွက်သယံဇာတများ | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၆ | ရောင်နီသစ် | ကောင်းကင်သစ်ဖွင့်လှစ်ခြင်း | ၃၀၀၀ိ/- | Globalpiece Group |
| ၇ | ရဲမာန်အောင် | ပြည်တွင်းရွှေဈေးကွက်ရွှေပန်းထိမ်ရွှေအကြောင်း | ၃၀၀၀ိ/- | Globalpiece Group |
| ၈ | ခက်နွယ်(နတ္တလင်း) | ဓမ္မစာပန်းချီနှင့် ကျွန်ုပ်ဘဝမှတ်စုမှတ်တိုင်များ | ၂၅၀၀ိ/- | နိုင်ငံ့ဂုဏ်ရည်စာပေ |
| ၉ | မောင်ခင်မင်(ဓနုဖြူ) | မွေးရပ်မြေအလွမ်းလက်ဆင့်ကမ်းအမွေ | ၂၅၀၀ိ/- | ဇွန်ပွင့် |
| ၁၀ | ဦးသိန်းဝင်း | အာဆီယံပညာသင်ဆု | ၅၀၀၀ိ/- | |
| ၁၁ | ရဲစတိုင်း | ကြိုက်သလောက်ဖတ်၊ ကြိုက်သလောက်ရယ် | ၇၀၀ိ/- | စိတ်ကူးချိုချို |
| ၁၂ | ဇော်ဇော်အောင် | သမ္မတအဖြစ်စိတ်ကူး၍ ပီတာဇော်မြင့် ရှူးသွားခြင်း | ၃၀၀၀ိ/- | |
| ၁၃ | (မင်းသုဝဏ်၊ ဒလဘန်း၊ သားတက်တိုး) | မြန်မာစာပေနှင့် ကိုယ်ကျင့်တရား၊ အဘပေးခဲ့သည့်အမွေ မောင်တို့၏အဖေ | ၁၀၀၀ိ/- | ပညာရတနာ |
| ၁၄ | ဦးတင်ဦး(ကျူရှင်) | လီကွမ်းယူ၏ အတွေးအခေါ် | ၃၀၀၀ိ/- | Wisdom House |
| ၁၅ | သတင်းထောက်ဝင်းမြင့်ကြီး | မြန်မာပြည်၏ ထိပ်တန်းလျှို့ဝှက်ပေါက်ကြားမှုကြီး | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၁၆ | ကျော်မောင်မောင် | အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေ | ၁၀၀၀ိ/- | ယဉ်မျိုး |
| ၁၇ | ကျော်မောင်မောင် | မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ သား၊ သမီး၊ မြေးများ အမွေအကြောင်း သိကောင်းစရာ | ၁၅၀၀ိ/- | ယဉ်မျိုး |
| ၁၈ | The key | ကမ္ဘာ့သိပ္ပံပါရဂူများ | ၁၅၀၀ိ/- | the key |
| ၁၉ | ကြည်အေး | ပွင့်ဒင်္ဂ | ၂၀၀၀ိ/- | ဆန်းစသော်တာ |
| ၂၀ | သိန်းဟန်(၁) | 24 Lessons from the world's greatest (CEO) | ၂၅၀၀ိ/- | သိန်းဟန်(၁) |
| ၂၁ | မြသန်းတင့် | စကြာဝဠာတိုက်တစ်သောင်း | ၂၀၀၀ိ/- | တိုးမြစ် |
| ၂၂ | သစ္စာနီ | ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ | ၅၅၀၀ိ/- | ကံ့ကော်ဝတ်ရည် |
| ၂၃ | နီကိုရဲ | အလွဲပေါင်းချုပ် | ၆၀၀၀ိ/- | ငါတို့စာပေ |
| ၂၄ | ကဖိုးသီ | ရာဇဝင်မှာ ထားခဲ့မယ်နှင့် ဘီလူးတစ်ကောင် | ၁၀၀၀ိ/- | စိတ်ကူးသစ် |
| ၂၅ | ဆရာဦးခန့်ကျော် | ဆေးဖက်လည်းဝင်၊ စားလို့လည်းကောင်း၊ လှပလည်သွားမယ့် အသုပ်စုံကောင်းကောင်း | ၁၀၀၀ိ/- | ခန့်ကျော်စာပေ |
| ၂၆ | ကိုစိုင်း | အခြေခံဂစ်တာတီးခတ်နည်း | ၃၅၀၀ိ/- | Smart စာပေ |
| ၂၇ | လူသာမန် | အဟောင်းကောင်၊ အလွမ်းကောင်၊ ကမ္ဘာကနှင်ချခံထားရတဲ့ကောင် | ၁၅၀၀ိ/- | စံပယ် |
| ၂၈ | အောင်ဘညို | တောမီး | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၂၉ | သားအေးည | သင်္ချိုင်းရတဲ့ ... သင်္ချိ ရတစ္ဆေ | ၃၀၀၀ိ/- | ဇွန်ပွင့် |
| ၃၀ | ရဲကျော်မြင့် | မြန်မာနိုင်ငံ၏ ပထမဆုံးအမျိုးသမီး နိုင်ငံခြားရေးဝန်ကြီး (သို့မဟုတ်)မျှော်လင့်ခြင်းမီးအိမ် | ၁၅၀၀ိ/- | မဇ္ဈိမစာပေ |
| ၃၁ | ကျော်မောင်မောင် | ပြစ်မှုဆိုင်ရာကျင့်ထုံးအထူးနှင့်အထွေထွေဥပဒေများ | ၁၅၀၀ိ/- | ယဉ်မျိုး |
| ၃၂ | သပြေ | ခေတ်ရှေ့ကအလင်းများ | ၁၅၀၀ိ/- | ဓာတုလက်ာ |
| ၃၃ | ငြိမ်းချမ်းသာ | အမျိုး၊ ဘာသာ၊ သာသနာအတွက် လူငယ်တစ်ယောက်ရဲ့အသံ | ၁၀၀၀ိ/- | မန်းချောင်းစာပေ |
| ၃၄ | ကိုတာ | ရယ်ရှင်ဖွယ်နှင့်အခြားစာတမ်းများ | ၁၅၀၀ိ/- | မုံရွေး |
| ၃၅ | ကိုတာ | သူငယ်ချင်းများနှင့်စကားစမြည်ပြောခြင်း | ၃၅၀၀ိ/- | မုံရွေး |
| ၃၆ | ကလောင်စုံ | နှလုံးသားရပ်ဝန်းဝတ္ထုတိုစုစည်းမှု | ၃၀၀၀ိ/- | ရွှေပ |
| ၃၇ | သာချို(ဟသ်ာတ) | ဘဝမှာဘာအရေးကြီးဆုံးလဲ | ၂၀၀၀ိ/- | Globalpiece Group |
| ၃၈ | သာချို(ဟသ်ာတ) | ဗုဒ္ဓနည်းကျဒီမိုကရေစီ | ၂၀၀၀ိ/- | GlobalpiecEGroup |
| ၃၉ | ကလောင်စုံ | Myanmar Studies Journal Mo.6,June,2016 | ၅၀၀၀ိ/- | MKS publishing |
| ၄၀ | AungPyae | Who was Gandhi? | ၁၀၀၀ိ/- | စိန်မိုးယံ |
| ၄၁ | AungPyae | မမှောင်ခင်တွေ့ခဲ့ရသောဒိုင်နိုဆော | ၁၀၀၀ိ/- | စိန်မိုးယံ |
| ၄၂ | ကောင်းသန့် | ချစ်သောဆရာ/ဆရာမလေးများဖတ်ဖို့(၁) | ၁၈၀၀ိ/- | ကောင်းသန့် |
| ၄၃ | နေမျိုးကျော်စိုး | ဒီမိုကရေစီအကျိုးပြုဆောင်းပါးများစုစည်းမှု | ၃၀၀၀ိ/- | မုခစာပေတိုက် |

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၄ | ထက်ကျော် | ငါးနှစ်လောက်မှန်ကြည့်ခဲ့တယ် | ၃၀၀၀ိ/- | မျိုးဆက်သစ် |
| ၄၅ | မောင်စင်ကြယ် | ကရင်နှင့်ဗမာထိပ်တိုက်ရင်ဆိုင်မှုပြဿနာ | ၃၅၀၀ိ/- | ကရင်အမျိုးသား |
| ၄၆ | ရီရီမြေး | သတိထားစရာကျောက်ကပ်ရောဂါ | ၂၀၀၀ိ/- | စိန်မိုးယံ |
| ၄၇ | ရဲထက် | တရုတ်စီမံခန့်ခွဲမှုနှင့်နိုင်ငံအုပ်ချုပ်ရေး ရှီကျင့်ဖျင် | ၅၀၀၀ိ/- | အလင်းသစ် |
| ၄၈ | ဦးသန်းဖေ | အင်္ဂလိပ်ဘာသာသိစရာမှတ်စရာ-၂ | ၄၀၀၀ိ/- | လောကသစ် |
| ၄၉ | စိုးသိဏ်း | ရော့(ခ်)ဂီတလောကမှာ ထာဝရရှင်သန်နေမည့်သူများ | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၅၀ | မင်းကျော်ဝင်း | အာဟာရဓာတ် | ၇၀၀၀ိ/- | သိမ့်ထိုက်စာပေ |
| ၅၁ | ကောင်းသာ-မြန်မာပြန် | သင်ရှေ့ဆုံးရောက်ရေးလုပ်ဆောင်ရမယ့်အချက်များ | ၁၂၀၀ိ/- | စိတ်ကူးချိုချို |
| ၅၂ | အရှင်သောဘိတ | ရဟန်းသံဃာတော်များ နိုင်ငံရေးလုပ်သင့်၊မလုပ်သင့်နှင့် ဘာသာရေးဆိုင်ရာသိမှတ်ဖွယ်ရာများ | ၅၀၀ိ/- | စိုးစာပေ |
| ၅၃ | သန်းထွန်း(လှည်းကူး) | သင်္ဂဇာဆရာတော်၏စကားစဉ်လာဥပမာများ | ၅၀၀ိ/- | မိတ်ဆွေ |
| ၅၄ | လူပန်ငယ် | အာဒမ်ရဲ့နံရိုး | ၂၃၀၀ိ/- | ရွက်စိမ်း |
| ၅၅ | အောင်မင်းဘိတ် | မှန်ကန်သောအင်္ဂလိပ်အသံထွက်များ | ၂၅၀၀ိ/- | Momentum Book Publishing |
| ၅၆ | တီချယ်လှိုင်-မြန်မာပြန် | ကမ္ဘာကျော်စာရေးကြီးချားဒစ်ကင်၏ဝတ္ထု အော်လစ်ဗာတွစ် | ၂၀၀၀ိ/- | စိတ်ကူးချိုချို |
| ၅၇ | မမကြီး-မြန်မာပြန် | အီတလီစတိုင်လ်ဟင်းလျာများနှင့် မုန့်လုပ်နည်းများ | ၂၃၀၀ိ/- | စိတ်ကူးချိုချို |
| ၅၈ | ဒေါက်တာအုန်းကျော် | ကြယ်ကြွေသောနှစ်နှင့် ကိုယ်တွေ့ဇာတ်လမ်းများ | ၂၅၀၀ိ/- | တံခွန်တိုင် |
| ၅၉ | ဝင်းဖေ | ဝင်းဖေ၊လွယ်အိတ်(ရေဒီယိုအသံလွှင့်ချက်များ(၃)+CD | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၆၀ | မျိုးမင်းထိုက် | ဘဝအောင်မြင်ရေးလက်ဆောင် | ၂၅၀၀ိ/- | ရန်အောင်(၂) |
| ၆၁ | ဇေနမ်မင်း | မဖဲဝါနှင့် လေလွင့်တစ္ဆေ | ၅၀၀ိ/- | မိတ်ဆွေ |
| ၆၂ | မြင်းသိန္ဓော | ငါဘယ်လိုလူစားလဲ | ၃၀၀၀ိ/- | မြင်းသိန္ဓော |
| ၆၃ | အောင်ဘုန်းခိုင် | ဒဿနအလင်္ကာ | ၁၀၀၀ိ/- | ဝေဘူလစာပေ |
| ၆၄ | ပန်းချီ-မျိုးမာန် | ကလေးရဟန္တာများ(၂) | ၁၅၀၀ိ/- | မြင့်မိုရ်မေမေ |
| ၆၅ | တက်တိုး | ကမ္ဘာကျော်စာရေးဆရာကြီးများ(၁) | ၃၀၀၀ိ/- | တက်တိုး |
| ၆၆ | ခင်မောင်နှင်း (ကျောက်ပန်းတောင်း) | ဒို့ဘုရားသာသနာ ၅၀၀၀ ပဲလားနှင့် ဘာသာရေးဆောင်းပါးများ | ၁၅၀၀ိ/- | |
| ၆၇ | ပြည်ကျော်ကျော် | အလွယ်တကူလေ့လာ ကလေးများအတွက် ဂဏန်းသင်္ချာ+ Whiteboard Marker | ၂၅၀၀ိ/- | KKH |
| ၆၈ | ဂျူနီယာဝင်း | အမေးနှင့်အဖြေစွယ်စုံကျမ်း-၂၀၁၅ | ၃၀၀၀ိ/- | ရန်အောင်စာပေ |
| ၆၉ | SCHOLASTC | MONSTER HOUSE | ၁၅၀၀ိ/- | လမ်းပြကြယ် |
| ၇၀ | တင်ညွန့် | အဖေ့စကားလောကကျင့်ဝတ်များ | ၃၀၀၀ိ/- | ညီနောင်စာပေ |
| ၇၁ | မောင်ဝင့်သူ | လူတိုင်းအတွက် အိတ်ဆောင်ဘဝလမ်းညွှန် | ၁၅၀၀ိ/- | ထွန်းဖောင်ဒေးရှင်း |
| ၇၂ | လမင်းမောင်မောင် | တိမ်ရောင်စုံကောင်းကင်ကြီးရဲ့အောက်ကကစားပွဲများ (ဝတ္ထုတိုစု) | ၂၅၀၀ိ/- | လမင်းစာအုပ်တိုက် |
| ၇၃ | အောင်အောင်(IR) | အချဉ်နှင့်အခြားဆောင်းပါးများစုစည်းမှု | ၄၅၀၀ိ/- | ငြိမ်းချမ်းရေး |
| ၇၄ | ညီညီနိုင် | ကြွယ်ဝချမ်းသာခြင်းကို ရယူခြင်း | ၂၀၀၀ိ/- | မြရတနာ |
| ၇၅ | လူထုစိန်ဝင်း | လူငယ်နှင့်တာဝန်ယူစိတ် | ၂၀၀၀ိ/- | နှစ်ကာလများ |
| ၇၆ | စိုးစံ | လုပ်ငန်းခွင်ဝင်ရန်အတွက် အင်တာဗျူးပြင်ဆင်နည်းလမ်းညွှန် | ၂၂၀၀ိ/- | Knowledge Bridge |
| ၇၇ | နန်းနန္ဒာ | အလီဘာဘာနှင့်ခိုးသားလေးဆယ် | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၇၈ | နန်းနန္ဒာ | ရေသူမလေးအေရီရယ် | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၇၉ | နန်းနန္ဒာ | ကိုမြို့ကြွက်နှင့်တောကြွက် | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၈၀ | နန်းနန္ဒာ | ဘဲရုပ်ဆိုးလေး | ၁၂၀၀ိ/- | ပန်းဆက်လမ်း |
| ၈၁ | နေမင်းသူ | မြန်မာနိုင်ငံ၏စီးပွားရေးသူရဲကောင်းများ | ၃၀၀၀ိ/- | i Myanmar House |
| ၈၂ | မောင်ကြည်ဝင်း(ထားဝယ်) | လှူလိုက်လျှင်ကုန်သွားမှာလား | ၂၀၀၀ိ/- | ပါရမီစာပေ |
| ၈၃ | ကျွန်းစဉ်မြေစောခက် | ပြန်လမ်းမဲ့ခရီးသည်နှင့်မဂ္ဂဇင်းဝတ္ထုတိုများ | ၂၀၀၀ိ/- | ဘဝပင်လယ်စာပေ |
| ၈၄ | ဦးဟန်ညွှန့်(ဥပဒေ) | သတင်းသမားမြင့်မားဂုဏ်ရည် ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင်သတင်းဆောင်းပါးများ | ၁၀၀၀ိ/- | ကောင်းသန့်စာပေ |



## စစ်တွေမြို့နှင့် မောင်တောမြို့နယ်၌ NVC ကတ်များ စတင်ထုတ်ပေး

**စစ်တွေ ဇွန် ၂၁**

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ကနဦးလုပ်ငန်းအဖြစ် NVC (Identity Card for National Verification) ကတ်များ ထုတ်ပေးလျက်ရှိရာ ဇွန် ၂၁ ရက်က စစ်တွေမြို့နယ် အောင်မင်္ဂလာရပ်ကွက်နှင့် သက္ကေပြင်ကျေးရွာတို့တွင် NVC ကတ်များ စတင်ထုတ်ပေးခဲ့ကြောင်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စတင်ထုတ်ပေးသည့် ပထမနေ့တွင် အောင်မင်္ဂလာရပ်ကွက်၌ အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၅၁ ဦး ထုတ်ပေးနိုင်ခဲ့ပြီး သက္ကေပြင်ကျေးရွာ၌ အမျိုးသား ၂၀၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၄၄ ဦးအား ထုတ်ပေးနိုင်ခဲ့ကြောင်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အလားတူ ယင်းနေ့တွင် မောင်တောမြို့နယ်တွင်လည်း NVC ကတ်များ စတင်ထုတ်ပေးခဲ့ရာ ခမောင်းဆိပ်မြို့နယ်ခွဲ၌ အမျိုးသား နှစ်ဦး၊ ကြိမ်ချောင်းကျေးရွာ၌ အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦး၊ ငခူရကျေးရွာ၌ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၁၂ ဦး၊ ရွက်ညိုတောင်ကျေးရွာ၌ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး ထုတ်ပေးနိုင်ခဲ့သည်။ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ကနဦးလုပ်ငန်းများကို ဇွန် ၇ ရက်မှ စတင်ပြီး ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်များတွင် ဆောင်ရွက်နိုင်ခဲ့ရာ ကျောက်ဖြူ မြို့နယ်၌ စုစုပေါင်း၅၅၃ ဦး၊ မြေပုံမြို့နယ်၌ ၅၆၄ ဦး ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

## အကြမ်းဖက်သမားများအတွက် ဝါဒဖြန့်ချိမှုဖြင့် လူသုံးဦးကို တူရကီတရားရုံးက တရားစွဲ

**အန်ကာရာ ဇွန် ၂၁**

တူရကီတရားရုံးတစ်ခုက နယ်စည်းမခြား သတင်းထောက်များ (RSF)၏ ကိုယ်စားလှယ်တစ်ဦးအပါအဝင် လူသုံးဦးကို အကြမ်းဖက်သမားများအတွက် ဝါဒဖြန့်ချိသည်ဟူ၍ တရားစွဲဆိုခဲ့သည်။ အဖမ်းခံရသူများမှာ RSF မှ ကိုယ်စားလှယ် အာရိုးအွန်ဒီဂလူ၊ ဂျာနယ်လစ် အာဘနက်နေစင်နှင့် ဖယ်နီရိုကော်ရာဖင်ဆန်စီတို့ ဖြစ်ကြသည်။

RSF ကမူ ယင်းဖြစ်ရပ်မှာ တူရကီနိုင်ငံ၌ သတင်းစာလွတ်လပ်ခွင့်နည်းပါးသည်ဟု ပြောခဲ့သည်။ ဥရောပသမဂ္ဂမှ တူရကီအစိုးရကို ဂျာနယ်လစ်များနှင့် ကျောင်းဆရာများကို တရားစွဲခြင်းရပ်တန့်ရန် ဖိအားပေးထားသည့်ကြားမှ ယခုလို ဖမ်းဆီးမှုပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံရသည့် လူသုံးဦးမှာ ကာ့ဒ်များကို လိုလားသည့်သတင်းစာ O2gur Gundem ကို ထောက်ခံအားပေးရာတွင်လည်း ပါဝင်ခဲ့သည်။ ထို့ပြင် ၎င်းတို့သည် ယင်းသတင်းစာ၌ အယ်ဒီတာချုပ်အဖြစ် တစ်ရက်လုပ်ကိုင်ခဲ့သည်ဟုလည်း တူရကီမီဒီယာများက ဖော်ပြကြသည်။

တူရကီနိုင်ငံ၌ သတင်းစာလွတ်လပ်ခွင့်အမှောင်ဖုံးလွှမ်းခံရသည့် နေ့တစ်နေ့ဟု အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းမှ RSF ခေါင်းဆောင် ဂျွန်ဘီဟာက ပြောသည်။ မစ္စတာ အွန်ဒီဂလူမှာ အာအက်စ်အက်ဖ်အတွက် ဆယ်စုနှစ်နှစ်စုကျော် အလုပ်လုပ်ကိုင်ပေးခဲ့သူဖြစ်သည်။

**(ဘီဘီစီ)**

## ဘရပ်ဆဲလ်ဈေးဝယ်စင်တာအနီး၌ သံသယရှိလူတစ်ဦးကိုဖမ်းဆီး

**ဘရပ်ဆဲလ် ဇွန် ၂၁**

ဘရပ်ဆဲလ်ဈေးဝယ်စင်တာအနီး၌ အင်္ဂါနေ့နံနက်အစောပိုင်းက ပေါက်ကွဲစေတတ်သည့် ပစ္စည်းသယ်ဆောင်လာသည်ဟု သံသယရှိမှုကြောင့် လူတစ်ဦးကို ဘယ်လ်ဂျီယံရဲတပ်ဖွဲ့က ထိန်းသိမ်းထားကြောင်း သိရသည်။

နောက်ပိုင်းသတင်းများအရ သံသယရှိသူတွင် ပေါက်ကွဲစေတတ်သည့် ပစ္စည်းမပါရှိကြောင်း လုံခြုံရေးဆိုင်ရာ အရင်းအမြစ်တစ်ခုက ရိုက်တာသို့ ပြောသည်။ ဘယ်လ်ဂျီယံမြို့တော်အလယ်ပိုင်း စီးပွားရေးအချက်အချာနေရာရှိ စီးတီး-၂ ဈေးဝယ်စင်တာအနီးတစ်ဝိုက်ကို ပိတ်ထားပြီး အနီးရှိ မီးရထားဘူတာရုံသည် ဖွင့်လျက်ပင်ရှိကြောင်း သိရသည်။

အဆိုပါ သံသယရှိသူကို နံနက် ၅ နာရီခွဲအချိန်ခန့်တွင် ဖမ်းဆီးခဲ့ပြီး စစ်ဘက်ဗုံးရှင်းလင်းရေးအဖွဲ့မှ ပေါက်ကွဲစေတတ်သည့် ပစ္စည်းတပ်ဆင်ထားခြင်း ရှိမရှိ ၎င်းကို စစ်ဆေးခဲ့ကြောင်း ဘရပ်ဆဲလ်ရှေ့နေ ပြောခွင့်ရသူတစ်ဦးက ပြောသည်။

**(ရိုက်တာ)**

## ဒရုန်းတိုက်ခိုက်မှုကြောင့် တာလီဘန်နှင့် အိုင်အက်စ်သစ္စာခံ အကြမ်းဖက်သမားများသေဆုံး

**ကဘူးလ် ဇွန် ၂၁**

စနေနေ့ကတည်းက တာလီဘန်နှင့်အိုင်အက်စ်သစ္စာတော်ခံ အကြမ်းဖက်တိုက်ခိုက်ရေးသမားများအပါအဝင် အစိုးရကိုလက်နက်ကိုင်ဆန့်ကျင်သောင်းကျန်းသူ ၃၁ ဦး အာဖဂန်နစ္စတန်အကြမ်းဖက်စစ်ပွဲအတွင်း မောင်းသူမဲ့လေယာဉ်များကြောင့် သေဆုံးခဲ့ကြောင်း အရာရှိများက ဇွန် ၁၉ ရက်တွင် ပြောခဲ့သည်။

ကွန်ဒုဇ်ပြည်နယ်တွင် စနေနေ့ညက တာလီဘန်စစ်သွေးကြွများကို မောင်းသူမဲ့လေယာဉ်ဖြင့် တန်ပြန်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ တပ်မှူးတစ်ဦးအပါအဝင် တာလီဘန်ရှစ်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဂူလန်ဟက်ဇ်ရက်တ်ကာရီမီက ပြောခဲ့သည်။

အလားတူ နန်ဂါဟာအရှေ့ဘက်တွင် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုတစ်ရပ်ပြုလုပ်ခဲ့ရာ အိုင်အက်စ်သစ္စာခံ ၂၃ ဦး ကျဆုံးခဲ့သည်။ ဒရုန်းတိုက်ခိုက်မှုတွင် အရပ်သားများ ထိခိုက်ခြင်းမရှိကြောင်း အရာရှိများက ပြောခဲ့သည်။

**(ဆင်ဟွာ)**

## ဖြစ်နိုင်ခြေရှိသည့် မြောက်ကိုရီးယား၏ ဒုံးကျည်လွှတ်တင်မှုအတွက် ဂျပန်စစ်ဘက်ဆိုင်ရာမှ သတိပေး



**တိုကျို ဇွန် ၂၁**

ဖြစ်နိုင်ဖွယ်ရာရှိသည့် မြောက်ကိုရီးယား၏ဒုံးကျည်လွှတ်တင်မှုအတွက် ဂျပန် စစ်ဘက်ဆိုင်ရာမှ သတိပေးချက်ထုတ်ပြန်ထားကြောင်း အင်္ဂါနေ့က အစိုးရသတင်းအရင်းအမြစ်များအရ သိရသည်။

မြောက်ကိုရီးယားသည် ဒုံးကျည်ပစ်စင်ကို အရှေ့ဘက်ကမ်းရိုးတန်းဘက်သို့ ရွှေ့ပြောင်းဖွယ်ရာရှိကြောင်း၊ သို့သော်လည်း မကြာမီ ဒုံးကျည်ပစ်လွှတ်မည့်လက္ခဏာကို မတွေ့ရသေးကြောင်း တောင်ကိုရီးယား ယွန်ဟတ်သတင်းဌာနက ဖော်ပြသည်။ တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ ယွန်ဟတ် အစီရင်ခံစာကို အတည်မပြုနိုင်သေးကြောင်း ဝန်ကြီးဌာနအနေနှင့် မြောက်ကိုရီးယား၏ဒုံးကျည်လက်နက်ဆိုင်ရာ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်နေကြောင်း ပြောသည်။

မြောက်ကိုရီးယား၏ လေးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုများကြောင့် ဒေသတွင်းတင်းမာမှုများ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။

ဂျပန်အစိုးရဘက်မှ မြောက်ကိုရီးယား၏မေလကတည်းက ကြိုးစားခဲ့သော ဒုံးကျည်ပစ်လွှတ်ရန် ပြင်ဆင်သည့်အရိပ်အယောင်များကြောင့် သတိပေးချက်များထုတ်ပြန်ထားကြောင်း သိရသည်။

**(ရိုက်တာ)**

## အင်ဒိုနီးရှားဆူလာဝေစီတွင် ရေကြီးမြေပြိုမှုများကြောင့် လူများပျောက်ဆုံး

**ဂျကာတာ ဇွန် ၂၁**

ရေကြီးမြေပြိုမှုများ အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်တွင် အင်္ဂါနေ့က ဖြစ်ပွားခဲ့ရာ လူလေးဦးပျောက်ဆုံးပြီး အိမ်ခြေ ၄၀ နီးပါးပျက်စီးခဲ့ကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာအေဂျင်စီမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကီပူလန်ဆန်ဂီဟီဒေသတွင် မိုးများသဲကြီးမဲကြီးရွာသွန်းပြီး ဒီရေလှိုင်းများသည် ကီပူလန်ဆန်ဂီဟီဒေသတွင် ဒေသစံတော်ချိန် နံနက် ၅ နာရီလောက်တွင်တက်လာကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီမှ ဆူတိုပူပါဝူနူဂရိုဟိုက ဆင်ဟွာသို့ ဖုန်းဖြင့်ပြောခဲ့သည်။

ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာအေဂျင်စီက ဒဏ်ရာရသူများအပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုကို ခန့်မှန်းတွက်ချက်နေကြောင်း ၎င်းက ပြောကြားသည်။

တပ်မတော်သားများ၊ ရဲများ၊ ကယ်ဆယ်ရေးလုပ်သားများနှင့် စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးဆောင်ရွက်ချက်များ ပြုလုပ်နေကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီတွင် ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပွားလေ့ရှိသည်။

**(ဆင်ဟွာ)**

## ဗင်နီဇွဲလားနိုင်ငံ၌ လူထုဆန္ဒခံယူပွဲ ကျင်းပနိုင်ရေး လက်မှတ်များ ထပ်မံကောက်ခံ

**ကာရာကတ် ဇွန် ၂၁**

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် Henrique Capriles က ဗင်နီဇွဲလား သမ္မတနီကိုးလပ်(စ်)မာဒူရိုကို ဖြုတ်ချနိုင်ရေး လှုပ်ရှားမှုအရ လူပေါင်း ၇၀၀၀၀၏ လက်မှတ်ကို တနင်္လာနေ့က ရရှိခဲ့ပြီးဖြစ်ကြောင်း ပြောသည်။ ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် အတည်ပြုထားသည့် လက်မှတ် ၂၀၀၀၀၀ လိုအပ်နေဆဲဖြစ်သည်။

မစ္စတာမာဒူရိုသည် ၂၀၁၃ ခုနှစ်ဧပြီလက ရွေးကောက်ခံရခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ အတိုက်အခံအုပ်စုများက သမ္မတ၏ ဆိုရှယ်လစ်မူဝါဒများကြောင့် ငွေကြေးဖောင်းပွမှုများ၊အစားအသောက်နှင့် အခြေခံကုန်ပစ္စည်းများ ပြတ်လပ်မှုများ ဖြစ်ပေါ်လာရကြောင်း ပြစ်တင်ကြသည်။



သမ္မတဖြုတ်ချနိုင်ရေး လူထုဆန္ဒခံယူပွဲကျင်းပနိုင်ရန် လက်မှတ်များ ကောက်ခံသည့် ပထမနေ့၌ပင် မဲဆန္ဒရှင်များ အများအပြားလာရောက်ခဲ့ကြသည့်အတွက် ဗင်နီဇွဲလားပြည်သူများက အစိုးရအပြောင်းအလဲကို လိုချင်နေကြသည်ဟု အတိုက်အခံခေါင်းဆောင် Capriles ကပြောသည်။

အမျိုးသားရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့နိုင်ရန် လက်မှတ်ရေးထိုးသူများသည် ကိုယ်ရေးအချက်အလက်နှင့် လက်ဗွေရာများလိုအပ်ပြီး လက်မှတ်များကို သောကြာနေ့မတိုင်မီအထိ ဆက်လက် ကောက်ခံမည်ဖြစ်သည်။

လက်မှတ်ပေါင်း နှစ်သန်းခန့် ရရှိနေပြီဟု ပြောသော်လည်း ၎င်းတို့ထဲမှ ၆၀၀၀၀၀ မှာ အလိမ်အညာများဖြစ်သည်ဟု ရွေးကောက်ပွဲအရာရှိများက ပြောသည်။

**(ဘီဘီစီ)**



## ကူမာမိုတို၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူလေးဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံး

**တိုကျို ဇွန် ၂၁**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကျူရှူဒေသနှင့်အနီး အနားဝန်းကျင်တစ်ဝိုက် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကူမာမိုတိုစီရင်စု၌ တနင်္လာနေ့က မိုးသက်မုန်တိုင်းကြောင့် လူလေးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။ တနင်္ဂနွေနေ့က အချို့ဒေသများတွင် မိုးရေချိန် ၅၅၀ မီလီမီတာအထိ ရွာသွန်းခဲ့ပြီး ကူမာမိုတို၌ မြေပြိုမှုများဖြစ်ပွားခဲ့သည်။ မြစ်ရေကြီးမှုအန္တရာယ်ရှိနိုင်ကြောင်းကိုလည်း သတိပေးထားသည်။

ယင်းဒေသ၌အိမ်များနှင့် အဝေးပြေးလမ်းမတစ်ခု မြေပြိုမှုဒဏ်ကိုခံခဲ့ရပြီး အိမ်ပေါင်းများစွာမှာလည်း ရေလွှမ်းခံခဲ့ရကြောင်း သိရသည်။ မိုးလေဝသဌာနမှလည်း ရေကြီးမှု၊ မြေပြိုမှုအန္တရာယ်များကို သတိပေးချက်ထုတ်ပြန်ထားပြီး လူအများကို စိတ်ချလုံခြုံသည့်နေရာများတွင်နေထိုင်ကြရန် အကြံပြုထားသည်။

**(အင်န်အိတ်ချ်ကေ)**

# ဂျိုကိုဝီ၏ ရက်ပေါင်း ၆၀၀

**အောင်ထူး**

အင်ဒိုနီးရှားနိုင်ငံ၏ ပရိဘောဂထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအဖြစ်မှ ဆိုလိုမြို့ မြို့တော်ဝန် ယင်းမှ ဂျကာတာမြို့ မြို့တော်ဝန်ဖြစ်ခဲ့ပြီး အင်ဒိုနီးရှားသမ္မတဖြစ်လာခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကို ဝီဒိုဒို (ဂျိုကိုဝီ) အနေဖြင့် အင်ဒိုနီးရှားနိုင်ငံကို စီမံအုပ်ချုပ်ခဲ့သည်မှာ ရက်ပေါင်း (၆၀၀)သို့ချဉ်းကပ်လာခဲ့ပြီဖြစ်သည်။ ဂျိုကိုဝီသည် သမ္မတရွေးကောက်ပွဲတွင် လွန်စွာအင်အားတောင့်တင်းသည့် ဗိုလ်ချုပ်ကြီး ပရာဘိုဝိုဆူဘီရန်တိုကို အနိုင်ရခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးနှင့် တပ်မတော်၏ အထက်တန်းလွှာမှမဟုတ်ဘဲ အင်ဒိုနီးရှားနိုင်ငံတွင် ပထမဦးဆုံး အရပ်သားသမ္မတဖြစ်လာသူဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ သမ္မတဟောင်းဆူကာနို၏ သမီးဖြစ်သူ မီဂါဝါတီဆူကာနိုပူထရီ ခေါင်းဆောင်သည့် အင်ဒိုနီးရှား ဒီမိုကရက်ပါတီ (Indionesia Democratic Party-Struggle, DPI-P)ပါလီမန်တွင် အာဏာရရှိလာချိန်တွင် ယင်းပါတီ၏ ထောက်ခံမှုဖြင့် သမ္မတအဖြစ် ဂျိုကိုဝီ ဝင်ရောက်အရွေးခံခြင်းဖြစ်သည်။ ဂျိုကိုဝီသည် အင်ဒိုနီးရှားနိုင်ငံ၏ အခြေအနေကို ပြုပြင်ပြောင်းလဲလိုစိတ်ရှိခဲ့ပြီး စတင်အာဏာရရှိချိန်တွင်မူ လက်ရှိအခြေအနေများကို မလွန်ဆန်နိုင်သဖြင့် အစိုးရအဖွဲ့ကို အခြေအနေနှင့် လိုက်လျောညီထွေစွာ ဖွဲ့စည်းခဲ့ရသဖြင့် အဂတိလိုက်စားသူများပါဝင်နေသည်ဟု ဝေဖန်ခံရသော်လည်း အာဏာရရှိလာပြီး ၁၀ လအကြာတွင် သမ္မတဂျိုကိုဝီသည် ပထမဆုံးအကြိမ် အစိုးရအဖွဲ့အပြောင်းအလဲပြုလုပ်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးကိုလိုလားသည့်ဘာသာရပ်ကျွမ်းကျင်သူ (technoc-rats) များကိုအစားထိုးခန့်ထားခဲ့သည်။

သမ္မတသက်တမ်း ၁၉ လ ရှိလာချိန်တွင် ဂျိုကိုဝီအနေဖြင့် မိမိဘာသာ ခိုင်မြဲစွာရပ်တည်လာနိုင်ပြီး အာဏာမှာလည်း ပိုမိုတည်မြဲလာသည်။ ၂၀၁၆ ခုနှစ်မေလလယ်တွင် ကျင်းပခဲ့သည့် ဂေါ်ကာပါတီ၏ ရွေးကောက်ပွဲတွင်ပါတီဥက္ကဋ္ဌအဖြစ် ရွေးကောက်ခံရသည့် မစ္စတာ စက်တ်ာနိုဗန်တိုက ၎င်းပါတီသည် အတိုက်အခံအနီ-အဖြူညွန့်ပေါင်းမှ ဖယ်ခွာ၍ ဂျိုကိုဝီ၏ ညွန့်ပေါင်းအစိုးရကို ထောက်ခံမည်ဟု အတိအလင်းကြေညာခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးနိုင်ငံရေးပါတီဖြစ်သည့် ဂေါ်ကာပါတီအနေဖြင့် ညွန့်ပေါင်းအစိုးရတွင် ပါဝင်လာခြင်းဖြင့် ပါလီမန်၏ ၆၂ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့သည်။ ယင်းအချက်သည် သမ္မတ ဂျိုကိုဝီကို ၎င်း၏ ပြုပြင်ပြောင်းလဲရေးအစီအမံများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန် တွန်းအားပေးလျက်ရှိသည်။

## သမ္မတဂျိုကိုဝီ၏ ပြုပြင်ပြောင်းလဲမှုများ

ပြုပြင်ပြောင်းလဲမှုကို လိုလားသည့် သမ္မတဂျိုကိုဝီအနေဖြင့် သမ္မတရာထူးကို လက်ခံပြီး တစ်နှစ်အကြာ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် အင်ဒိုနီးရှား၏ စီးပွားရေးတိုးတက်မှုကို တွန်းအားပေးနိုင်ရန် စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒပထမအသုတ်ကို ထုတ်ပြန်ခဲ့သည်။ စက်မှုလုပ်ငန်းတွင် ပြိုင်ဆိုင်ထုတ်လုပ်မှု တိုးတက်စေရန် ကြိုးနီစနစ်များကို လျှော့ချခဲ့သည်။ ယင်းပြုပြင်ပြောင်းလဲရေးအစီအစဉ်တွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်း ၈၉ ခုကို ပယ်ဖျက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းလိုင်စင်ရရှိရေး၊ မြေငှားရမ်းရေးနှင့် ဘဏ်စာရင်းများဖွင့်လှစ်ခွင့်ရရှိရေးတို့တွင် ထားရှိသည့် တင်းကျပ်သောစည်းမျဉ်းစည်းကမ်းများကို လျှော့ချခဲ့သည်။

ယင်းနောက်ပိုင်းတွင်လည်း ပြုပြင်ပြောင်းလဲရေးအစီအစဉ် (၁၁) ခုကို တစ်လလျှင် တစ်ခုနီးပါးထုတ်ပြန်ခဲ့သည်။ ၎င်း၏စီးပွားရေးဝန်ကြီးများအနေဖြင့်လည်း ကဏ္ဍတစ်ခုစီအလိုက် ဖြေလျှော့သည့် ပြောင်းလဲမှုများနှင့်ပတ်သက်၍ အဆိုပြုချက်များကို ပြန်လည်သုံးသပ်လျက်ရှိသည်။ ယင်းပြောင်းလဲမှုများတွင် စည်းမျဉ်းစည်းကမ်းများလျှော့ချခြင်း၊ အခွန်အကောက်ဆိုင်ရာမက်လုံးများပေးခြင်း၊ ထပ်နေသည့် လုပ်ငန်းစဉ်များကို ဖယ်ရှားခြင်း၊ ကြိုတင်ခန့်မှန်းနိုင်မှုကို တိုးတက်စေခြင်း၊ အကောက်ခွန်၊ မြေယာအသုံးချမှုနှင့် ပေးချေရမည့် ငွေကြေးအမျိုးအစားနှင့်ပတ်သက်၍ တစ်ပြေးညီဖြစ်စေရေးတို့ ပါဝင်ခဲ့သည်။

တစ်နည်းအားဖြင့် ဂျိုကိုဝီသည် အင်ဒိုနီးရှားနိုင်ငံတွင် စီးပွားရေးလုပ်ငန်း လုပ်ဆောင်မှု၌ လွယ်ကူအောင်ဆောင်ရွက်ပေးမည်ဟူသည့် ကတိကဝတ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် လွယ်ကူမှုညွှန်းကိန်းအရ အင်ဒိုနီးရှားနိုင်ငံသည် ၁၀၉ နေရာတွင် ရှိနေသည်။ ယင်းအဆင့်သည် ဒေသအတွင်းရှိ အိမ်နီးချင်းနိုင်ငံများထက် များစွာနိမ့်ကျနေကြောင်း တွေ့ရသည်။ ယင်းညွှန်းကိန်းတွင် စင်ကာပူနိုင်ငံက ထိပ်ဆုံးမှရှိနေပြီး မလေးရှားနိုင်ငံက အဆင့် ၁၈ ၊ ထိုင်းနိုင်ငံက အဆင့် ၄၉ ၊ ဗီယက်နမ်နိုင်ငံက အဆင့် ၉၀ ရှိနေကြသည်။ အင်ဒိုနီးရှားနိုင်ငံသည် ဖိလစ်ပိုင်(အဆင့် ၁၀၃) နိုင်ငံထက်ပင် နိမ့်နေကြောင်း တွေ့ရသည်။ ဂျိုကိုဝီက ၎င်း၏သမ္မတသက်တမ်း ကုန်ချိန်တွင် ယင်းညွှန်းကိန်းအဆင့် ၄၀ အထိ တိုးတက်လာရမည်ဟုဆိုသည်။

သမ္မတဂျိုကိုဝီအနေဖြင့် ဒေသဆိုင်ရာအစိုးရများ၏ စည်းမျဉ်းစည်းကမ်းများအနက် ၃၀၀၀ ကို ၂၀၁၆ခုနှစ် ဇူလိုင်လမတိုင်မီ ဖျက်သိမ်းရန် ကတိကဝတ်ပြုထားသည်။ ယင်းစည်းမျဉ်းစည်းကမ်းများသည် စီးပွားရေးလုပ်ငန်းများ ထူထောင်ရန်နှင့် လုပ်ငန်းဆောင်ရွက်နိုင်ရန် အဟန့်အတားဖြစ်စေသည်ဟု ဆိုသည်။ စီးပွားရေးရာညှိနှိုင်းရေးဝန်ကြီး မစ္စတာ ဒါမင်နာဆူရှင်က ဂျိုကိုဝီ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာမူဝါဒများကို ၉၄ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်ပြီးပြီဟု ဆိုသည်။

ပြုပြင်ပြောင်းလဲမှု ပြုလုပ်သည့်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား အတားအဆီးဖြစ်နေသည့် စည်းမျဉ်းစည်းကမ်းများကို ပယ်ဖျက်ခြင်းအား ၂၀၁၆ခုနှစ် မေလကုန်ခါနီးတွင် ထုတ်ပြန်ကြေညာခဲ့ရာ ဂိတ်ကြေးကောက်ခံမည့် လမ်းတည်ဆောက်ရေးလုပ်ငန်းများ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် ရုပ်ရှင်ရုံများကို ရာနှုန်းပြည့် နိုင်ငံခြားပိုင်ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။ အီးကော်မတ်စ်(E-commerce) လုပ်ငန်းများတွင်မူ အမေရိကန်ဒေါ်လာခုနစ်သန်းအောက် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါက ပြည်တွင်း လုပ်ငန်းရှင်များကို အားပေးနိုင်ရန် နိုင်ငံခြားသားပိုင်ဆိုင်မှုကို ၄၉ရာခိုင်နှုန်းသာခွင့်ပြုရန် ကန့်သတ်ထားသည်။ နိုင်ငံခြားသားများ ပိုင်ဆိုင်လုပ်ကိုင်နိုင်သည့် စီးပွားရေးလုပ်ငန်းများ စာရင်းကို ထင်ရှားမြင်သာအောင် ထုတ်ပြန်ထားမှုသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကို အထောက်အကူပြုစေသည်။ ထို့ပြင် သမ္မတဂျိုကိုဝီသည် ဥပဒေများပြဋ္ဌာန်းရန် ဆောင်ရွက်နေသည့် ကာလတွင် စီးပွားရေးလုပ်ငန်း အသိုက်အဝန်းနှင့် နီးကပ်စွာ ထိတွေ့တိုင်ပင်ဆွေးနွေးမှုများကို ပြုလုပ်ခဲ့သည်။



အင်ဒိုနီးရှား ဘောဂဗေဒပညာရှင် တစ်ဦးဖြစ်သူနှင့် အစိုးရစာရင်းစစ်အေဂျင် စီ၏ ဥက္ကဋ္ဌဟောင်း အမ်ဝါနာဆူရှင်ကမူ ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ချက်များကို ကိုးကား၍ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းမှာ နှေးကွေးလျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အောင်မြင်မှုများရပ်တန့်နေကာ ယခုနှစ်ပထမသုံးလပတ်တွင် ပို့ကုန်များလည်း သိသာစွာတိုးတက်မှုမရှိသည်ကိုတွေ့ရကြောင်း၊ သို့ဖြစ်၍ အစိုးရ၏စီးပွားရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်၏ ထိရောက်မှုအပေါ် မေးခွန်းထုတ်စရာဖြစ်နေကြောင်း မေလ ၁၉ ရက်နေ့ထုတ် ကွန်းပတ်စ်သတင်းစာတွင် ဝေဖန်ခဲ့သည်။ လက်တွေ့တွင်လည်း အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ခန့်မှန်းထားသည်ထက်လျော့နည်းခဲ့ပြီး မူလ ခန့်မှန်းခြေ ၅ ဒသမ ၀၇ ရာခိုင်နှုန်းမှ ၄ ဒသမ ၉၂ ရာခိုင်နှုန်းသို့ လျော့ကျခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလကမှ စတင်ခဲ့သည့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးရလဒ်ကို ၂၀၁၆ ခုနှစ် ပထမသုံးလပတ်တွင် ထင်ဟပ်စေရန် မျှော်မှန်းခြင်းမှာမူ တရားမျှတမှုရှိမည်မဟုတ်ဟု ဂျိုကိုဝီကို ထောက်ခံသူများက ဆိုသည်။ ရင်းနှီးမြှုပ်နှံမှုအခြေအနေတိုးတက်မှုသည် ဖြစ်စဉ်တစ်ခုဖြစ်ပြီး လက်တွေ့ဖြစ်ပေါ်လာရန်မှာ အချိန်ယူရမည်ဟု ဆိုကြသည်။

## စားနပ်ရိက္ခာဖူလုံမှုအတွက် ကြိုးပမ်းဆောင်ရွက်မှု

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် တစ်ဦးကျဆန်စားသုံးမှု အများဆုံးနိုင်ငံဖြစ်နေ ပြီး ပြည်တွင်းဆန်မလုံလောက်မှုကြောင့် တစ်နှစ်လျှင် ဆန်တန်ချိန်သုံးသန်းခန့်ကို ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းရလျက်ရှိသည်။ ပြည်တွင်းဆန်ဖူလုံမှုရှိစေရေးအတွက် လယ်သမားများ၏ ထုတ်လုပ်မှု စွမ်းအားကို တိုးတက်အောင်နည်းပညာဆန်းသစ်မှုများ၊ ဓာတ်မြေသြဇာအပေါ် ထောက်ပံ့ကြေးပေးမှုများကို ဆောင်ရွက်နေသည့် အပြင် တစ်ဖက်မှလည်း တစ်ဦးကျဆန်စားသုံးမှုလျော့ကျစေရန် တစ်ပတ်လျှင်တစ်ကြိမ် ထမင်းတစ်နပ်လျှော့စားရန်စည်းရုံးဆောင်ရွက်မှုများကို ပြုလုပ်လျက်ရှိသည်။ လွန်ခဲ့သော ၁၀နှစ်အတွင်း ခေါက်ဆွဲ၊ ပေါင်မုန့်စသည့် ဂျုံစားသုံးမှု တိုးတက်လာခဲ့ပြီး ဆန်စားသုံးမှုမှာ တည်ငြိမ်သွားသည်ဟု သုတေသီများကဆိုသည်။ ဂျုံစားသုံးမှုတိုးတက်လာသည့်အတွက် အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးဂျုံတင်သွင်းသည့်နိုင်ငံ ဖြစ်လာ ခဲ့သည်။ လောင်စာဆီအတွက် ထောက်ပံ့ကြေးပေးမှုကိုလျှော့ချပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံ ထူထောင်မှုတွင်အစိုးရ ရန်ပုံငွေကိုပိုမိုအသုံးချရန် စီစဉ်လျက်ရှိပြီး ၂၀၁၇ခုနှစ်တွင် ပြည်တွင်းဆန်ဖူလုံမှုကိုရရှိစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေပေးဝေမှုစနစ်များကို ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အကြား ပြင်ဆင်ထိန်းသိမ်းသွားမည်ဟု ဂျိုကိုဝီကဆိုသည်။ ထို့အပြင် ရေစီမံခန့်ခွဲမှု အခြေခံအဆောက်အအုံများကို ပြန်လည် ထူထောင်ခြင်း၊ မျိုးစေ့များဖြန့်ဝေခြင်းနှင့် ဓာတ်မြေသြဇာနှင့် လယ်ယာသုံး စက်ကိရိယာများ ဖြန့်ဖြူးခြင်းတို့လည်း ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်သည်။

ယင်းသို့ လယ်ယာကဏ္ဍကိုတိုးမြှင့်အောင် ဆောင်ရွက်သော်လည်း စားနပ်ရိက္ခာလိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ ကုန်ဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် ကုန်သွယ်ရေးဝန်ကြီးဌာနသည် အမဲသား ၂၇၄၀၀ တန်၊ သကြား ၃၈၁၀၀၀ တန်နှင့် ကြက်သွန်နီတန် ၂၅၀၀ ကို တင်သွင်းခွင့်ပြုရန် စီစဉ်လျက်ရှိသည်။

အခြေခံအဆောက်အအုံများ၊ လုပ်ငန်းစီမံချက်များ ထူထောင်မှုအတွက် သမ္မတဂျိုကိုဝီသည် ၂၀၁၆ ခုနှစ် အစတွင် နိုင်ငံအဆင့် မဟာဗျူဟာကျသည့် လုပ်ငန်းစီမံချက် ၂၂၅ ခုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး အကြီးစားလုပ်ငန်းတစ်ခုတို့ကို ဖော်ထုတ်ခဲ့ပြီး ယင်းလုပ်ငန်းစီမံချက်များကို ဆောလျင်စွာအကောင်အထည်ဖော်ရန် သမ္မတ၏ အမိန့်များကို ပြဋ္ဌာန်းခဲ့ပါသည်။ သို့သော်လည်း လုပ်ငန်းစီမံချက် ၈၆ ခုသာစတင်နိုင်ခဲ့ပြီး ၁၃၉ ခုမှာ လုပ်ငန်း စတင်ရန်စီစဉ်နေသည့် အခြေအနေသာရှိနေသည်။ အဓိကအခက်အခဲများမှာ လုပ်ငန်းစီမံချက်များအတွက် မြေယာရရှိရေးတွင် အခက်အခဲဖြစ်နေခြင်းနှင့် ဘဏ္ဍာငွေလက်တွေ့ ပံ့ပိုးဖြန့်ဝေပေးရန် အခက်အခဲဖြစ်ပေါ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် စီဆွမ်ဒါဆူလမ်းခွန်ကောက်သည့် လမ်းမကြီးနှင့် မနာဒို-ဘင်တုန် လမ်းမကြီးဖောက်လုပ်ရန် တရုတ်နိုင်ငံ ပို့ကုန်၊ သွင်းကုန်ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၃၁၉ ဒသမ ၀၄ သန်းရရှိခဲ့သော်လည်း ယင်းချေးငွေများကို လက်တွေ့ဖြန့် ဖြူးပေးနိုင်သေးခြင်းမရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ သမ္မတဂျိုကိုဝီက သမ္မတရုံးနှင့် စီးပွားရေးညှိနှိုင်းမှုဝန်ကြီးတို့ကို ယင်းလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီတင်ပြကြ ရန် ၂၀၁၆ ခုနှစ် ဇွန်လအတွင်းက လမ်းညွှန်ခဲ့သည်။

## အစိုးရယန္တရားအား ပြုပြင်ပြောင်းလဲမှု

သမ္မတဂျိုကို ဝီဒိုဒိုအာဏာရရှိလာပြီးနောက်တွင် ဆောင်ရွက်မည့်လုပ်ငန်းတစ်ခုမှာ အစိုးရဗျူရိုကရေစီယန္တရားကို ပြုပြင်ပြောင်းလဲရန်ဖြစ်သည်။ အင်ဒိုနီးရှားအစိုးရဗျူရိုကရေစီ ယန္တရားသည် အဂတိလိုက်စားခြင်း၊ အခွင့်အာဏာကို အသုံးပြု၍ မိမိ အကျိုးအတွက်ရရှိအောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ လစာခံစားခွင့်များတိုးပေးပြီး ပိုမိုတင်းကျပ်သည့် ကြီးကြပ်ကွပ်ကဲမှုစနစ်ကို ကျင့်သုံးသွားရန် စီစဉ်လျက်ရှိသည်။ သို့သော်လည်း ဗျူရိုကရေစီသည် အစိုးရ၏ရည်ရွယ်ချက်နှင့် လုပ်ရှားမှုများနှင့်အညီ လိုက်လျောညီထွေလိုက်နိုင်ရန်ခက်ခဲနေသည်။ အုပ်ချုပ်ရေးနှင့် ဗျူရိုကရေစီယန္တရားပြုပြင်ပြောင်းလဲရေးဝန်ကြီး မစ္စတာယူဒီခရစ်နန်ဒီက ထောင်ပေါင်းများစွာသော အရည်အချင်းမပြည့်၊ စိတ်ထား မမှန်ဘဲ တာဝန်ခံမှုမရှိသည့် ဝန်ထမ်းများရှိနေခြင်းသည် ဗျူရိုကရေစီယန္တရားတစ်ခုလုံး၏လှုပ်ရှားမှုကို နှေးကွေးစေကြောင်း ပြောကြားခဲ့ပြီး အစိုးရဝန်ထမ်းဦးရေ လျှော့ချမှု အစီအစဉ်ကို ဆောင်ရွက်ရန် စီစဉ်ခဲ့သည်။ ယင်းအစီအစဉ်အရ ၂၀၁၇ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း ပြည်သူ့ဝန်ထမ်းသုံးသိန်းကိုလျှော့ချမည်ဖြစ်သည်။

ယင်းကာလအတွင်း ပြည်သူ့ဝန်ထမ်း ငါးသိန်းသည် အငြိမ်းစားယူကြမည်ဖြစ်ပြီး အစိုးရအဖွဲ့အစည်း ၇၆ ခုကို စွမ်းဆောင်ရည်ပြည့်ဝစေရန် ပေါင်းစည်းမည်ဖြစ်သည်။ ယင်းအစီအစဉ်ကို အပြည့်အဝအကောင်အထည်ဖော်ပါက ပြည်သူ့ဝန်ထမ်းအရေအတွက် တစ်သန်းအပေါ်အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး ဝန်ထမ်းများအတွက် အသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂ ဘီလီယံမျှ လျှော့ချနိုင်မည်ဖြစ်သည်ဟုဆိုသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၆ခုနှစ် အစိုးရဘတ်ဂျက်၏ ၂၆ ရာခိုင်နှုန်း ငွေပမာဏအားဖြင့် ရူးပြား ၃၄၇ ဒသမ ၅ထရီလီယံကို ပြည်သူ့ဝန်ထမ်းများ၏ လစာနှင့် ခံစားခွင့်များအတွက် သုံးစွဲနေရပြီး ဒေသန္တရအစိုးရ ၂၂၄ ခု၏ ဘတ်ဂျက်တွင် ဝန်ထမ်းများစရိတ်သည် ၅၀ ရာခိုင်နှုန်းမျှပါဝင်လျက်ရှိနေသည်။

ဝန်ထမ်းများလျှော့ချရန်အတွက် အုပ်ချုပ်ရေးနှင့် ဗျူရိုကရေစီယန္တရား ပြုပြင်ပြောင်းလဲရေးဝန်ကြီးဌာနသည် အဆင့်အနိမ့်ပိုင်းမှ ပြည်သူ့ဝန်ထမ်း ၁ ဒသမ ၉ သန်းအပေါ် ဆန်းစစ်မှုများပြုလုပ်သွားရန်ရှိသည်။ ယင်းသို့ ဆန်းစစ်မှုပြုလုပ်ရာတွင် ပြည်သူ့ဝန်ထမ်းများကို အရည်အချင်းပြည့် စွမ်းဆောင်နိုင်စွမ်းရှိပြီး လုပ်ငန်းဆောင်ရွက်မှုတွင် ကောင်းမွန်သည့်အုပ်စု၊ အရည်အချင်းနိမ့်ပြီး စွမ်းဆောင်နိုင်စွမ်းနည်းသော်လည်း လုပ်ငန်းဆောင်ရွက်မှုတွင် ကောင်းမွန်သည့်အုပ်စု၊ အရည်အချင်းပြည့် စွမ်းဆောင်နိုင်စွမ်းရှိပြီး လုပ်ငန်းဆောင်ရွက်မှုတွင် ကောင်းမွန်ခြင်းမရှိသည့်အုပ်စုနှင့် အရည်အချင်းနိမ့်ပြီး စွမ်းဆောင်နိုင်စွမ်းနည်းပြီး လုပ်ငန်းဆောင်ရွက်မှုတွင်လည်း ဆိုးရွားသည့်အုပ်စုဟူ၍ အုပ်စုလေးစုခွဲခြားသွားမည်ဖြစ်သည်။ စတုတ္ထအုပ်စုတွင်ပါဝင်သော ပြည်သူ့ဝန်ထမ်းများကိုစောစီးစွာ အငြိမ်းစားယူစေမည်ဖြစ်သည်။

၂၀၁၇ခုနှစ်တွင် သုံးသိန်းအထိ လျှော့ချရန် ရည်မှန်းထားပြီး ဗျူရိုကရေစီယန္တရား ပြုပြင်ပြောင်းလဲမှုကို သမ္မတဂျိုကိုဝီ သမ္မတသက်တမ်းကုန်သည့် ၂၀၁၉ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဟုဆိုသည်။

ယင်းသို့ ပြည်သူ့ဝန်ထမ်း အရေအတွက် အကြီးအကျယ်လျှော့ချမှုသည် သမ္မတဂျိုကိုဝီ၏ ရေပန်းစားမှုကို လျော့ကျစေပြီး ဒုတိယအကြိမ်အရွေးခံရမှုကို ထိခိုက်စေနိုင်သည်။ မည်သည့် သမ္မတကမျှ မိမိရေပန်းစားမှုကို ကျဆင်းစေမည့် ဆုံးဖြတ်ချက်မျိုးကို သမ္မတဂျိုကိုဝီကဲ့သို့ ဆောင်ရွက်လိုခြင်းရှိမည်မဟုတ်ကြောင်းကိုလည်း သုံးသပ်ကြသည်။ သို့သော်လည်း ယင်းသို့မျှမဆောင်ရွက်လျှင် ဖြစ်ပေါ်လာမည့် အကျိုးဆက်မှာကြီးမားကြောင်းကိုလည်း သုံးသပ်ကြသည်။ နောက်တစ်ချက်မှာ ပြည်သူ့ဝန်ထမ်းအဖြစ် အရည်အချင်းမပြည့်ဝသူများကို ခန့်ထားမှုဖြစ်သည်။

ယင်းသို့ခန့်ထားမှုသည် ဝန်ထမ်းအချို့ကို ကပ်ပါးများအဖြစ်ရှိနေစေပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးမှုကို နှောင့်နှေးစေ၍ အစိုးရအစီအမံများကို နှောင့်နှေးစေရုံမျှမက ပြည်သူများ၏ ယုံကြည်စိတ်ချမှုကိုလည်း လျော့ကျစေသည်ဟုဆိုသည်။

သို့ဖြစ်၍ ပြည်သူ့ဝန်ထမ်း၏ စွမ်းဆောင်မှုကို အခြေပြု၍ မြှောက်စားသည့်စနစ်ကို မြင်သာထင်သာစွာကျင့်သုံးသင့်ကြောင်းနှင့် ပိုမိုကျွမ်းကျင်ထိရောက်သည့် ဗျူရိုကရေစီယန္တရား (Professional Bureaucracy)ဘက်သို့ ဦးတည်သင့်ကြောင်း သုံးသပ်ကြသည်။

ဂျိုကိုဝီအနေဖြင့် ဤမျှနှင့် မကျေနပ်နိုင်သေးပေ။ အစိုးရအဖွဲ့ကို ပိုမိုခိုင်မာတောင့်တင်းစေရန် အစိုးရအဖွဲ့အတွင်း အပြောင်းအလဲများထပ်မံပြုလုပ်မည်ဟု ပြင်ပတွင် ကောလာဟလများ ထွက်ပေါ်လျက်ရှိသည်မှာလည်း အတန်ကြာပြီဖြစ်သည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တွင် ဂေါ်ကာပါတီပါဝင်လာခြင်းသည် အစိုးရအဖွဲ့အပြောင်းအလဲ ဖြစ်ပေါ်မှုကိုပိုမိုမြန်ဆန်စေမည်ဟု ထင်ကြေးပေးကြသည်။

အစိုးရအဖွဲ့တွင် ဂေါ်ကာပါတီအတွက် နေရာပေးရမည်ဖြစ်သည့်အတွက် ယင်းသို့နေရာပေးမှုနှင့်အတူ မူလကြံစည်ထားသည့် အစိုးရအဖွဲ့ပြောင်းလဲမှုကိုလည်း တစ်ပါတည်းပြုလုပ်နိုင်မည်ဖြစ်သည်ဟု အကဲဖြတ်ကြသည်။ ယခုတစ်ကြိမ်အပြောင်းအလဲတွင် ပြုပြင်ပြောင်းလဲမှုကို လိုလားပြီး အခြေခံကုန်စည်နှင့် သယံဇာတများကိုအခြေခံသည့် စီးပွားရေးစနစ်မှပိုမိုတိုးတက်သည့် စီးပွားရေးစနစ်သို့ သွားလိုသည့် ဝန်ကြီးများကို ထပ်မံအစားထိုးပြီး သမ္မတ၏ပြုပြင်ပြောင်းလဲမှု အစီအစဉ်ကို ဆက်လက်အကောင်အထည်ဖော်ရန် အခွင့်အလမ်းပေးမည်လားဆိုသည့်အချက်ကို အင်ဒိုနီးရှား ပြည်သူများက စောင့်ကြည့်လျက်ရှိကြကြောင်း တင်ပြလိုက်ရပါသည်။

# ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်လေးခု၌ စည်းကမ်းချက်နှင့်မညီသော၊ ရောင်းချခွင့်လိုင်စင်မရှိသော အရက်၊ ဘီယာဆိုင်များ အရေးယူ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့နယ်မြေအတွင်း ခရိုင်အလိုက် မှုခင်းဖြစ်ပွားမှုအများဆုံးဖြစ်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သန်လျင်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် ဒုစရိုက်မှုများ ပပျောက်စေရေး၊ ဒုစရိုက်မှုကျူးလွန်လေ့ရှိသူများ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် ဇွန် ၁၅ ရက်မှ စတင်၍ Pilot Project ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး ကြိုတင်ကာကွယ်မှုအနေဖြင့်လည်း ဖမ်းဆီးအရေးယူလျက်ရှိသည်။

ယင်းသို့ ကြိုတင်ကာကွယ်မှုများတွင် အရေးယူဆောင်ရွက်ခဲ့သည့်အနက် ရောင်းချခွင့် လိုင်စင်မရှိသော၊ လိုင်စင်စည်းကမ်းချက်နှင့်မညီသော အရက်၊ ဘီယာရောင်းချသည့်ဆိုင်များကို စစ်ဆေးရှာဖွေ၍ ယစ်မျိုးအက်ဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ရာ စီမံချက်စတင်သည့် ရက်မှ ဇွန် ၂၀ ရက်အထိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ၂၀ မှု၊ ကမာရွတ်မြို့နယ်တွင် လေးမှု၊ သန်လျင်မြို့နယ်တွင် ၁၆ မှုနှင့် လှိုင်သာယာမြို့နယ်တွင် ၁၆ မှုတို့ အရေးယူဆောင်ရွက်ခဲ့သည်။

**(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)**

# မြစ်ကြောင်းရှင်းသည့် သစ်တောဝန်ထမ်းများအား တရားမဝင် ဝါးဖောင်ပါ လူအုပ်စု၏ ရိုက်နှက်မှုကြောင့် နှစ်ဦး ဒဏ်ရာရ၊ တစ်ဦးသေဆုံး

**စဉ့်ကူး ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်ခွဲမှ သစ်တောဝန်ထမ်း သုံးဦးသည် ရက် ၁၀၀ စီမံချက်အရ ဧရာဝတီမြစ်အတွင်း မော်တော်ရေယာဉ်ဖြင့် မြစ်ကြောင်း ရှင်းလင်းဆောင်ရွက်စဉ် တရားမဝင် ဝါးဖောင်ပေါ်ပါလူအုပ်စု၏ ဝိုင်းဝန်းရိုက်နှက်မှုကြောင့် သစ်တောဝန်ထမ်း နှစ်ဦး ဒဏ်ရာများရပြီး တစ်ဦးမှာ ဒဏ်ရာဖြင့် ရေတွင် မျောပါနစ်မြုပ်သေဆုံးခဲ့ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲ သစ်တောရုံးမှ တောအုပ် ဦးမျိုးမင်းကြိုင်၊ ဦးဇော်မိုးနှင့် တောခေါင်း ဦးမျိုးထွန်းတို့ သုံးဦးသည် မော်တော်မောင်းသူ ပေတူးနှင့်အတူ တာဝန်အရ ဧရာဝတီမြစ်ကြောင်း ရှင်းလင်းဆောင်ရွက်စဉ် မြစ်အတွင်း တရားမဝင်သစ်ဖောင်အား သစ်တောပိုင် မော်တော်ရေယာဉ်ဖြင့် ဆိုက်ကပ်တက်ရောက်စစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးရန် မခေါက်ကျေးရွာဘက်ကမ်းသို့ ဆွဲကပ်ပေးရန် ပြောကြားခဲ့ကြောင်း ဖော်ပြပါ လူအုပ်စု ၂၅၊ ၃၀ ဦးခန့်က ဝါးရင်းတုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်ကြကြောင်း၊ ထိုသို့ ရိုက်နှက်မှုကြောင့် တောအုပ် ဦးမျိုးမင်းကြိုင်၊ ဦးဇော်မိုးနှင့် တောခေါင်း ဦးမျိုးထွန်းတို့ ဒဏ်ရာများရရှိခဲ့ပြီး မော်တော်ယာဉ်မောင်းနှင့်အတူ မြစ်အတွင်းသို့ ခုန်ဆင်းကူးခတ်ပြေးစဉ် တောအုပ် မျိုးမင်းကြိုင်မှာ ဒဏ်ရာကြောင့် ဖောင်ပေါ်သို့ ပြန်တက်စဉ် လူအုပ်စုက ဝါးလုံးဖြင့် ထိုးချနှစ်မြုပ်ခဲ့မှုကြောင့် သေဆုံးခဲ့ကြောင်း၊ ကျန်နှစ်ဦးမှာ ဒဏ်ရာများရရှိကာ မြစ်အတွင်းမှ မော်တော်ဖြင့် ပြန်လည်ဆယ်ယူနိုင်ခဲ့ကြောင်း၊ ယခုအခါ ရွှေဘိုဆေးရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း၊ ဖောင်သမားများနှင့် လူအုပ်စုတို့သည် ချက်ချင်း စက်လှေများဖြင့် မောင်းနှင်ထွက်ပြေးသွားကြကြောင်း မော်တော်ယာဉ်မောင်းသူ၏ ပြောပြချက်အရ သိရသည်။

သတင်းအရ စဉ့်ကူးမြို့နယ် သစ်တော ဦးစီးဌာနမှ တောအုပ် ကြီး ဦးစိန်ဝင်းနှင့် သစ်တောဝန်ထမ်းများ၊ စဉ့်ကူးမြို့နယ် ရဲတပ်ဖွဲ့မှ ရဲအုပ် မျိုးဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့သည် အခင်းဖြစ်နေရာသို့ မော်တော်ယာဉ် သုံးစီးဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ခက်သင်တောင်အနောက်ဘက် ထုံးဘိုကုန်းကျွန်းကမ်းစပ်၌ သစ်နှင့် ဝါးများတွေ့ရှိရပြီး အဆိုပါ သစ်နှင့် ဝါးများကို စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ သယ်ယူကာ ကျောက်မြောင်း သစ်တော ဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များ ချိတ်ဆက်ဆောင်ရွက်ပြီး ဖောင်သမားများနှင့် လူအုပ်စုတို့အား လိုက်လံရှာဖွေစုံစမ်းကာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

# မရမ်းကုန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆေးခြောက်များဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဦးရေခဲလမ်းတွင် မူးယစ်ဆေးဝါး ရောင်းချ၊ သုံးစွဲနေသော အဖွဲ့အား ဇွန် ၂၀ ရက် ည ၁၀ နာရီ ၄၅ မိနစ်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းမှ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းမှ ဒုတိယရဲအုပ် အောင်ဇော်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် (၂)ရပ်ကွက် ဦးရေခဲလမ်း အမှတ်(၁၀၄) ဦးစောရောနီ၏ နေအိမ်တွင် မူးယစ်ဆေးဝါး များ ရောင်းချ၊ သုံးစွဲနေသော သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အပေါ်ထပ် ဧည့်ခန်းတွင် ဦးစောရောနီ(၅၈ နှစ်)နှင့် ဦးစောအဲရို (၅၉ နှစ်)၊ ဇင်ထက်အောင်(ခ)ပါကြီး (၂၉ နှစ်)၊ ခွန်သန်းဝင်းရွှေ(ခ)ကတုံး (၂၅ နှစ်)၊ ခန့်ကျော်(ခ)ကိုခန့်(၂၃ နှစ်) တို့အား တွေ့ရှိရပြီး ဇင်ထက်အောင်(ခ) ပါကြီး၏ ယာလက်ရှိ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇ ပြား၊ ဆေးခြောက် အရိုး၊ အခြောက်၊ အစေ့ အလေးချိန် ခုနစ်ဂရမ်ခန့်စီပါ အထုပ် နှစ်ထုပ်တို့ကို တွေ့ရှိရသည်။

ထပ်မံ၍ ၎င်းအနီးရှိ အရိုး၊ အရွက်ခြောက်၊ အစေ့ အလေးချိန် ခုနစ်ဂရမ်ခန့်စီပါ အထုပ် ၂၄ ထုပ်၊ ငွေစက္ကူ ရောရာ ငွေကျပ် ၃၂၀၀၀ တို့ကို ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် အရိုး၊ အရွက်ခြောက်၊ အစေ့ အလေးချိန် ၂၅၀ ဂရမ်နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ဘုရင့်နောင်နယ်မြေရဲစခန်းမှ သိရသည်။

ဦးစောရောနီပါ ပြစ်မှုကျူးလွန်သူ ငါးဦးအား **(အောက်ပုံ)** ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# မန္တလေး၌ တစ်သောင်းတန် ငွေစက္ကူအတုနှင့် ဆက်စပ်ပစ္စည်းများဖမ်းမိ

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် ကုန်စုံဆိုင်တစ်ဆိုင်၌ ဇွန် ၂၀ ရက် ည ၇ နာရီခွဲက လူငယ်နှစ်ဦးသည် တစ်သောင်းတန် ငွေစက္ကူဖြင့် ဆေးလိပ်ဝယ်ယူရာမှ ငွေစက္ကူအတုများဖြစ်၍ စစ်ဆေးဖော်ထုတ်ရာ ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း တိုင်းရဲတပ်ဖွဲ့မှ သိရသည်။

တစ်သောင်းတန် ငွေစက္ကူအတု သုံးရွက်နှင့် ဆေးလိပ်ဝယ်နေကြောင်း သတင်းပေးချက်အရ အမှတ်(၄)နယ်မြေ ရဲစခန်းမှ လှည့်ကင်းရဲတပ်ဖွဲ့နှင့် တွေ့ရှိခြင်းဖြစ်သည်။ ၎င်းတို့အား စစ်ဆေးမေးမြန်းရာ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် နေအိမ်၌ ကွန်ပျူတာဖြင့် ငွေစက္ကူအတု ပြုလုပ်ခဲ့ကြောင်း၊ တစ်သောင်းတန် ငွေစက္ကူအတုနှင့် အကွာရာနံပါတ်များပါသည့် A-4 ရောင်စုံစက္ကူတစ်ရွက်နှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ အတုပြုလုပ်သူများသည် သာမန် ကာလာမိတ္တူစက်နှင့် စက္ကူကို အသုံးပြုကာ ကျပ်တစ်သောင်းတန် ငွေစက္ကူအတု ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဗဟိုဘဏ်မှ ထုတ်လုပ်သည့် တစ်သောင်းတန် ငွေစက္ကူနှင့် အလျားတူသော်လည်း အနံသေးငယ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဆိုသည်။

ငွေကျပ်တစ်သောင်းတန် အတုပြုလုပ်သူ ကိုဝင်းမင်းဟိန်း(ခ)ကိုဟိန်း (၂၆ နှစ်)နှင့် ညီဖြစ်သူ ကိုဂျင်ဟိန်း(ခ)ဂျိမ်း (၂၃ နှစ်) တို့ကို အမှတ်(၄)နယ်မြေ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


## (၃၉)ကြိမ်မြောက် တေဇညီအစ်ကိုများ၏ မိုးရာသီ(အထူး) ဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇညီအစ်ကိုများ၏ မိုးရာသီ(အထူး) ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တေဇကျောင်းဆင်းအရာရှိများ ပါဝင်ယှဉ်ပြိုင်နိုင်ပါရန်နှင့် ပြိုင်ပွဲမကစားသူများပါ တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ။ ။၂၆-၆-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၀၀ နာရီ

**နေရာ** ။ ။မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၆-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၄-၆-၂၀၁၆ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြင်းခြံမြို့နယ်၊ တလုပ်မြို့ အထကမှ မအိကျော်ဇင်၏ ဖခင် ဦးကုလားနှင့် ဦးအောင်ကျော်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ တလုပ်မြို့ အထက၊ ဆဋ္ဌမတန်း(A)မှ မောင်ဝေခေလျှံ၏ ဖခင်အမည်မှန်မှာ ဦးဝိုင်း ၉/မခန(နိုင်)၀၄၄၆၂၉ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ လက်ပံတန်းမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ဝင်းဇော်နိုင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ဖြစ်ပါသည်။ **ဦးထွန်းထွန်းဦး ၇/လပတ(နိုင်)၀၅၆၈၇၅**

## Y.E.S. International English Language Centre

Since 1994

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

ကျောင်းခွဲမရှိပါ။

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**

| | |
|---|---|
| Mon to Thurs-7:30-9:30 am | 6 June |
| Mon to Thurs-5:30-7:00pm | 6 June |
| Mon to Thurs-3:00-5:00 pm | 13 June |
| Sat & Sun - 12:30-3:30 pm | 18 June |
| Sat & Sun - 3:45-6:45 pm | 18 June |
| Mon to Thurs-7:30-9:30 am | 20,27 June |
| Mon to Thurs-1:00-3:00pm | 20 June |
| Mon to Thurs-10:00-12:00am | 27 June |

**Basic Writing Course**

| | |
|---|---|
| San & Sun - 12:30 - 3:30 pm | 18 June |
| Mon to Thurs - 10:00-12:00am | 20 June |

**Grammar Foundation Course**

| | |
|---|---|
| Mon to Thurs - 3:30-5:00pm | 27 June |

**Pre-Intermediate English**

| | |
|---|---|
| Mon to Thurs-10:00-12:00am | 20 June |
| Mon to Thurs-10:30-12:30pm | 27 June |
| Mon to Thurs-1:00-3:00pm | 27 June |
| Mon to Thurs-5:30-7:00pm | 27 June |

**Vocabulary Enrichment Course**

| | |
|---|---|
| Mon to Thurs - 3:30-5:00pm | 27 June |

**Structure & Written Expression**

| | |
|---|---|
| Mon toThurs 1:00-3:00pm | 20 June |

**NEW SAT** Sat & Sun -5:00-7:00pm4 June

TOEFL,SAT,IELTS,API,AWC,VEC

No.190, 2nd Flr.,28thSt.(Upper), Pabedan Tsp. Ph: 01-243950, 246910




## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/1393 Nissan Condar CM 87AD ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော် ၁၄/အမန(နိုင်) ၀၁၄၃၀၁ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၉၇၆၄၀ Harry Star-110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးရဲထွန်း ၁၄/အမန(နိုင်)၀၁၁၃၅၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**




ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့် ယှဉ်ပြိုင်ရမည့် ဧယျာရွှေမြေအသင်းသားများကို တွေ့ရစဉ်

*ကျော်ဖုံးမှ*

ရှုံး/ထွက်ပွဲစဉ် ကစားရခြင်းဖြစ်သည်။ မူလရေးဆွဲထားမှုအရ နေပြည်တော်-ရှမ်းယူနိုက်တက်ပွဲစဉ်မှာ ဇွန် ၂၉ ရက်မှ ကစားရမည်ဖြစ်သော်လည်း ရှမ်းယူနိုက်တက်အသင်းမှာ အမှတ်ပေးပြိုင်ပွဲ အိမ်ကွင်းပွဲစဉ်နှစ်ပွဲအကြား ရန်ကုန်သို့ လာရောက်ကစားရမည် ဖြစ်သောကြောင့် ရွှေ့ဆိုင်းပေးရန်တင်ပြခဲ့ခြင်းဖြစ်ပြီး Horizon- ရတနာပုံပွဲစဉ်နှင့် ရက်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ဒုတိယအဆင့်ပွဲစဉ်များကို ဇွန် ၂၉ ရက်နှင့် ဇူလိုင် ၆ ရက်တို့တွင် ထပ်မံကျင်းပမည်ဖြစ်ပြီး လက်ရှိတွင် ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်းတို့သာ ကွာတားအဆင့်သို့ တက်ရောက်ကာ ကျန်ခြောက်နေရာထွက်ပေါ်ရန် ကျန်ရှိနေသေးသည်။

အမှတ်ပေးပွဲတွင် နိုင်ပွဲဆက်နေသည့် အသင်းကြီးနှစ်သင်းဖြစ်သော ဧယျာရွှေမြေနှင့် ရှမ်းယူနိုက်တက်အသင်းအနေဖြင့် ရှုံး/ထွက်ပြိုင်ပွဲတွင် နိုင်ပွဲဆက်နေမှုကို ထပ်မံရယူနိုင်မလား၊ ပထမတန်းကလပ်အသင်းများဖြစ်သည့် မြဝတီနှင့် နေပြည်တော်အသင်းတို့ကပဲ မထင်မှတ်သည့် ရလဒ်ရယူနိုင်မလားဆိုတာ ယနေ့ညနေပိုင်းတွင် အဖြေထွက်ပေါ်တော့မည်ဖြစ်သည်။

## ယူရို ၂၀၁၆ အုပ်စု(ခ)ဝေးလ်ပထမရပြီး အင်္ဂလန်တို့ဒုတိယဖြင့် ရှုံးထွက်အဆင့်တက်

ယူရို ၂၀၁၆ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်နှင့် ဆလိုဗက်ကီးယားမှာ ဂိုးမရှိသရေကျခဲ့ပြီး ဝေးလ်က ရုရှားကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ဆလိုဗက်ကီးယားနှင့် အင်္ဂလန်ပွဲစဉ်တွင် ဆလိုဗက်ကီးယားသည် ၄-၅-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့သော်လည်း အထောင်ကစားသမား ဒူဒါသည် ကွင်းလယ်နှင့် နောက်တန်းကိုဆင်းကာ ခံစစ်အားဖြည့်ခဲ့ရသည်။ အင်္ဂလန်အသင်းသည် နည်းပြ ရွိုင်ဟော့ဆန်၏ ကစားကွက်အပြောင်းအလဲနှင့် တိုက်စစ်အတွဲပါ ပြောင်းလဲကာ ၄-၃-၃ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် စတာရစ်၊ ဗာဒီ၊ လယ်လာနာတို့ကို တွဲလုံးထုတ်ခဲ့သည်။ အင်္ဂလန်အသင်းသည် ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၆ ကြိမ်ရရှိခဲ့ကာ ငါးကြိမ်ဂိုးပေါက် တည့်ခဲ့သည်။ ဆလိုဗက်ကီးယားမှာ သုံးကြိမ်ရရှိပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။ ဆလိုဗက်ကီးယားသည် ယူရို ၂၀၁၆ ပွဲစဉ်တစ်လျှောက် ဒုတိယထောင့်ကန်ဘော ကန်ခွင့်မရခဲ့သည့် အသင်းဖြစ်ခဲ့ပြီး ပထမမှတ်တမ်းတင်ရမည့်အသင်းမှာ ဇွန် ၁၉ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပေါ်တူဂီနှင့် သြစတြီးယားပွဲတွင် သြစတြီးယားအသင်း ထောင့်ကန်ဘော မရရှိခဲ့ပေ။ ဆလိုဗက်ကီးယားအသင်းသည် ဂိုးမပေးရရေး နောက်တန်းတွင် ပိတ်ဆို့ကာ ယှဉ်ပြိုင်ခဲ့ပြီး သရေရမှတ်တစ်မှတ်ယူနိုင်ခဲ့သလို အင်္ဂလန်အသင်းသည် အနိုင်ဂိုးမသွင်းနိုင်ခဲ့၍ အုပ်စုဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။

ရုရှားနှင့် ဝေးလ်ပွဲတွင် ရုရှားသည်၄-၂-၃-၁ ဖြင့် ပွဲထွက်ခဲ့ပြီး ဝေးလ်အသင်းသည် ၅-၃-၂ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ဝေးလ်အတွက် အနိုင်ဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ကွင်းလယ်ကစားသမား ရမ်ဆေး၊ မိနစ် ၂၀ တွင် နောက်တန်းကစားသမား တေလာနှင့် ၆၇ မိနစ်တွင် တိုက်စစ်မှူး ဂါးရတ်ဘေးလ်တို့က သွင်းယူခဲ့သည်။ ဝေးလ်အသင်းသည် ယူရို ၂၀၁၆ တွင် သုံးဂိုးပြတ်သွင်းယူနိုင်သော တတိယအသင်းဖြစ်သည်။ စပိန်က တူရကီကိုလည်းကောင်း၊ ဘယ်လ်ဂျီယံက အိုင်ယာလန်ကိုလည်းကောင်း သုံးဂိုးပြတ်စီ သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု(ခ)တွင် ဝေးလ်အသင်းသည် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ အင်္ဂလန်အသင်းသည် ရမှတ် ငါးမှတ်ဖြင့် အုပ်စုဒုတိယတို့ဖြင့် ၁၆ သင်း(အဆင့်) ရှုံး/ထွက်ပွဲစဉ်သို့ တိုက်ရိုက်တက်ရောက်သွားပြီး ဆလိုဗက်ကီးယားမှာ ရမှတ်လေးမှတ်ဖြင့် ၁၆ သင်း(အဆင့်)သို့ အကောင်းဆုံး တတိယရရှိသော အသင်းလေးသင်းဝင်နိုင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ရုရှားအသင်း ရမှတ် တစ်မှတ်သာရရှိပြီး အုပ်စုပွဲ၌ ရပ်တန့်ခဲ့ရသည်။

**သီဟ**




အင်္ဂလန်မှ လယ်လာနာ ဘောလုံးကန်သွင်းမှုကို ဆလိုဗက်ကီးယား ဂိုးသမား ပုတ်ထုတ်ကာကွယ်စဉ်

### ယူရို ၂၀၁၆ အုပ်စုပွဲစဉ်များ

| | | | | |
|---|---|---|---|---|
| ဇွန် ၂၂ ရက် | ဟန်ဂေရီ - ပေါ်တူဂီ | | ည | ၁၀း၃၀ |
| | အိုက်စ်လန် - သြစတြီးယား | | ည | ၁၀း၃၀ |
| ဇွန် ၂၃ ရက် | အီတလီ - အိုင်ယာလန် | | နံနက် | ၁း၃၀ |
| | ဆွီဒင် - ဘယ်လ်ဂျီယံ | | နံနက် | ၁း၃၀ |

### ကိုပါ အမေရိကဗလား အကြိုဗိုလ်လုပွဲဒုတိယပွဲစဉ်

ဇွန် ၂၃ ရက်
ကိုလံဘီယာ - ချီလီ နံနက် ၆း၃၀

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ လမ်းဦးစီးဌာန ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။ လိုအပ်သည့်ပစ္စည်းအမျိုးအစား ပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် စုံစမ်းနိုင်ပါသည်။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနများတွင် ၂၂-၆-၂၀၁၆ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၇-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ
**ဝယ်ယူရမည့်နေရာ** - ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ တာချီလိတ်မြို့နယ် ဖုန်း-၀၈၄-၅၁၀၀၈
- ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ မိုင်းဖြတ်မြို့နယ် ဖုန်း-၀၈၄-၆၃၀၂၀
- ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ မိုင်းယောင်းမြို့နယ် ဖုန်း-၀၈၄-၆၅၀၁၄

**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တာချီလိတ်ခရိုင်
**တင်ဒါဖွင့်မည့်ရက်** - ၆-၇-၂၀၁၆ရက် မွန်းလွဲ ၁၃း၀၀နာရီ

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-၀၈၄-၅၁၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၄၅၈၀၃၃၉၅၂

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(မန္တလေးရုံးခွဲ)
ကျိုင်းတုံတက္ကသိုလ်

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျိုင်းတုံတက္ကသိုလ်တွင် အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (၁) | Lab Equipment | (၃၈) မျိုး |
| (၂) | စက်ပစ္စည်း | (၁) မျိုး |
| (၃) | ရုံးသုံးစက်ပစ္စည်း | (၁) မျိုး |
| (၄) | ပရိဘောဂပစ္စည်း | (၃) မျိုး |
| (၅) | Educational Books | 1. Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၆ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ ရက် (၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံမြို့ ဖြစ်ပါသည်။
၄။ အသေးစိတ် အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၈၄-၂၁၆၈၁၊ ၀၈၄-၂၂၅၅၀၊ ၀၈၄-၂၂၅၃၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးကော်မတီ**
**ကျိုင်းတုံတက္ကသိုလ်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

သာကေတမြို့နယ် ဦးသိန်းလွင်နှင့်ဒေါ်အေးအေးသူ (ကိုရွှေသိန်းလွင်ငွေချေးလုပ်ငန်း) တို့၏သမီး မသွန်းနှင်းအိမ် Grade -11 (A)အထက-၁၊ ဒဂုံသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဘွားဘွား၊ ဦးဦး၊ ကြီးကြီး၊ အန်တီလေး၊**

### မြေကွက်ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ချင်းရွာ၊ သောက(၁၇)လမ်း၊ ၁၀၀'x၁၀၀' Permit မြေကွက်ရောင်းမည်။ (၆၀၀)သိန်း
- နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇဌာနီ(တိုးချဲ့) ပေါင်းလောင်းရပ်ကွက်၊ မြင့်မိုရ်နန်း Motel အနောက်၊ Permit မြေကွက် (၆၀'x၈၀') ရောင်းမည်။ (၅၅၀)သိန်း
- နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ စစ်ကိုင်း (၉)လမ်း၊ ရွှေပုစ္ဆန်နှစ်ခြိကျော်၊ အဆင့်မြင့်ဈေး Unit No: 29,30၊ (၂) Units၊ ဂရန်မြေကွက် (၂၀၀'x၂၀၀')အဆင့်မြင့်ခြံခတ်၊ အတွင်းပြင်ဆင်ပြီး။ ၈၀' x ၆၀' အဆင့်မြင့်ပြင်ပြီးအဆောက်အအုံ နှစ်လုံး။ (၂၀' x ၃၀')နှစ်ထပ်တိုက်၊ (၂၀' x ၂၀') နှစ်လုံး။ (၈၀' x ၅၀')ဂိုဒေါင်တစ်လုံး၊ 30 hp Power Meter နှစ်ခု၊ အဆင့်မြင့်စားသောက်ဆိုင်နှင့် Beauty Saloon လုပ်ငန်းများလုပ်ရန် အဆင့်မြင့်ပြင်ဆင်ပြီး ပစ္စည်းအဆင်သင့်၊ လုပ်ငန်းလိုင်စင်နှင့် ရစ်မျိုးလိုင်စင်များရှိပြီး (ရောင်း/ငှား)မည်။ 1 Unit ရောင်း(၅၀၀၀)သိန်း၊ ငှား (၂၅)သိန်း၊ 2 Unit ပေါင်းယူပါက ဈေးညှိနှိုင်းပေးမည်။
- ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကုလားဝဲတံတား ၆ လမ်းသွား၊ လမ်းမကြီးမေးတင်၊ မိုင်တိုင်(၄)မိုင် (၆)ဖာလုံအနီး၊ စုစုပေါင်း လယ်မြေ (၄၇ .၇၃)ကေ၊ မျက်နှာစာပေ (၆၀၀)ရှိ အနက်ထဲမှ (၅)ကေ လန(၃၀)ရရှိပြီး (မျက်နှာပွင့်)ပေ (၃၆၀)နှင့် ကျန်လယ်မြေ (၄၂ .၇၃)ကေများကို ရောင်းမည်။
- ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ခရမ်းသုံးခွ၊ လမ်းမကြီးမေးတင်၊ သူဌေးကွင်းကျေးရွာအနီး၊ လယ်မြေ (၁၃.၅)ကေ၊ (မျက်နှာပွင့်ပေ ၁၁၀၀) ရောင်းမည်။

အသေးစိတ်သိရှိလိုပါက
အမှန်တကယ်စိတ်ဝင်စားသူများသာ ဆက်သွယ်မေးမြန်းပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။ ပိုင်ရှင်ကိုယ်စား ဦးကျော်ကျော် (Manager)၊ ဖုန်း- ၀၉-၉၆၃၆၄၇၇၉၉၊ ၀၉- ၂၅၃၃၉၀၀၃၊ ၀၉- ၅၁၂၂၉၂၅

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်ဇံဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးခင်စိုး ၇/အတန(နိုင်)၀၀၀၀၈၄ ဖြစ်ပါကြောင်း။ **ဦးခင်စိုး**

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သက်နောင်ဝင်း၏ ဒုတိယတန်း ရေယာဉ်အုပ်လက်မှတ် ဆဒ/၇၈၉/၁၅ စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၈၁၂၃၂၃၄**

### ဖခင်အမည်မှန်

ရွှေကျင်မြို့၊ အထက(ခွဲ) ဇောတိ တက္ကသိုလ်ဝင်တန်းမှ မငုဝါထွန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်သူထွန်း ၇/ညလပ(နိုင်)၁၂၆၇၈၁ ဖြစ်ပါသည်။

**ဦးကျော်သူထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့နယ်၊ ရှမ်းစုကျေးရွာ၊ အလက(ခွဲ)မှ မယွန်းပိုးပိုးဇင်နှင့် မဆောင်းယွန်းသဇင်တို့၏ ဖခင် ဦးကိုနိုင်(ခ) ဦးအောင်နိုင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါသည်။ **ဦးကိုနိုင်(ခ)ဦးအောင်နိုင်ဝင်း**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မိုးညှင်းဒီဂရီကောလိပ်တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာ ရေးနှစ်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|
| 1. | **Non Control Item** | |
| | Laboratory Equipment | (1) Lot |
| 2. | **Machinery Equipment** | |
| | (1)EDI secure ® XID 8100 Professional Retransfer Card Printer | (1) No |
| 3. | **Office Equipment** | |
| | (1)Digital Multifunction Copier | (2) Nos |
| 4. | **Furniture** | (15) Set |
| 5, | **Other** | |
| | Educational Text & Reference Book | (1) Lot |

၂။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၀-၇-၂၀၁၆ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါ သည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို မိုးညှင်းဒီဂရီကောလိပ် ဘဏ္ဍာဌာနတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**မိုးညှင်း ဒီဂရီကောလိပ်**
ဖုန်း-၀၇၄-၆၀၄၆၉၊ ၀၇၄-၆၀၂၃၅

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး Vision zero Fund ရန်ပုံငွေအဖွဲ့အကူအညီပေးမည်

**ရန်ကုန် ဇွန် ၂၁**

စက်မှုထိပ်သီးခုနစ်နိုင်ငံ(ဂျီ-၇)က ယမန်နှစ်က ဖွဲ့စည်းထူထောင်လိုက်သည့် Vision zero Fund ရန်ပုံငွေအဖွဲ့ကြီးက မြန်မာနိုင်ငံတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်ပတ်သက်သော အကူအညီအထောက်အပံ့များ ပေးသွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စက်ရုံများနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောသည်။

"ဒီရန်ပုံငွေအဖွဲ့ကြီးက ကျွန်တော်တို့မြန်မာနိုင်ငံမှာ စက်ရုံအလုပ်ရုံတွေမှာ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ပတ်သက်ပြီးတော့ ဘယ်လိုကဏ္ဍတွေမှာ ထောက်ပံ့ကူညီပေးနိုင်မလဲဆိုတာ ပထမဆုံးလာရောက်ဆွေးနွေးပွဲပြုလုပ်တာပါ။ ဒီကနေတစ်ဆင့် ဆွေးနွေးမှုရလဒ်တွေကနေ သက်ဆိုင်ရာကဏ္ဍတွေအလိုက် ထောက်ပံ့ကူညီပေးမှုတွေဖြစ်လာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ Vision Zero Fund ရန်ပုံငွေအဖွဲ့ကြီးအနေနဲ့ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ဆိုရင် လက်တွေ့ကျတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်ရမှာဖြစ်ပါတယ်။ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့လည်း ဒီလုပ်ငန်းစဉ်ကို ဆက်စပ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ ကျန်းမာရေးဥပဒေသစ်ကို ရေးဆွဲပြီးသွားပြီဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် အမျိုးသားအဆင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဖွဲ့စည်းပေါ်ပေါက်လာမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ဆက်လက်ပြောကြားသည်။




ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ Vision Zero Fund တာဝန်ရှိသူများ၊ ဂျာမနီနိုင်ငံ အလုပ်သမားနှင့် လူမှုရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဆူဆန်နီဟော့မန်း၊ စက်ရုံများနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ အာရှနှင့်ပစိဖိတ် ILO လက်ထောက်ညွှန်ကြားရေးမှူးချုပ် တိုမိုကိုနစ်ရှိမိုတို၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ် ပူးပေါင်းဆောင်ရွက်ရေးအကြီးအကဲ အစ္စဘယ်ဖာဒီယာဒီအယ်မီဒါ၊ အမေရိကန်အစိုးရ၊ ရန်ကုန်အမေရိကန်သံရုံး စီးပွားရေးအရာရှိဆူဆန်နီယွန်ချီတို့ က မြန်မာနိုင်ငံ၌ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနှင့်ပတ်သက်ပြီး အကူအညီများပေးရန် အကျယ်တဝင့် ဆွေးနွေးကြသည်။

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ သံအမတ်ကြီးများ၊ အလုပ်သမားအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အူရီဒူး ဖိုးဂျီဝန်ဆောင်မှုအထိမ်းအမှတ် ပျော်ပွဲရှင်ပွဲ မန္တလေးတွင်ကျင်းပ



**မန္တလေး ဇွန် ၂၁**

မျိုးဆက်သစ်ဖိုးဂျီနည်းပညာကွန်ရက် စတင်ဖြန့်ဖြူးခြင်းအထိမ်းအမှတ်ပျော်ပွဲရှင်ပွဲကို မန္တလေးမြို့တွင်ဇွန် ၁၈ ရက်ကကျင်းပခဲ့ပြီး အနုပညာရှင်များနှင့် မော်ဒယ်လ်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းအစီအစဉ်များနှင့် ဆုလက်ဆောင်များ၊ ကံစမ်းမဲအစီအစဉ်များနှင့် လက်ဆောင်ပေးဝေခြင်းများ အစရှိသည့် အစီအစဉ်များပါဝင်ပြီး မန္တလေးမြို့အတွင်းလှည့်လည်ကာဖျော်ဖြေရေးအစီအစဉ်များ၊ 4G နည်းပညာနှင့် 4G Plus ဝန်ဆောင်မှုတွေကို မိတ်ဆက်ခြင်းအစီအစဉ်များကိုပြုလုပ်ခဲ့ပြီး ဝါခင်းကုန်းကွင်းတွင် ဂိမ်းဆော့ကစားခြင်းနှင့်ဖျော်ဖြေရေးအစီအစဉ်များကို ည ၉ နာရီအထိ ကျင်းပခဲ့ကြောင်းသိရသည်။

ဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်း၊ A-rT ၊ G-Fatt ၊ မန္တလေးပရိသတ် အချစ်တော် ဇော်မင်းဦး (Myanmar Idol) နှင့် အကအဖွဲ့များက ဖျော်ဖြေခဲ့ကြပြီး အူရီဒူးမြန်မာသည်အစိုးရမှခွင့်ပြုပေးသည့်လိုင်းနှုန်းစဉ်ပေါ် တွင်မူတည်ကာ တစ်နိုင်ငံလုံးတွင် 4G ကွန်ရက်ဆက်လက်ချဲ့ထွင်သွားရန်လျာထားကြောင်း သိရသည်။

**သွန်းဝသန်**

# ဘိုင်ပင်ဂူကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာအင်အားအတွက် လုပ်အားပေးနိုင်

**ပုသိမ်ကြီး ဇွန် ၂၁**

ပုသိမ်ကြီးမြို့နယ် မင်းကန်ကျေးရွာအုပ်စု ဘိုင်ပင်ဂူကျေးရွာရှိ အမှတ်(၂၆) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် ကျောင်းသား ကျောင်းသူများ စာပေသင်ယူမှုများပြားလာခြင်းကြောင့် ဆရာအင်အား လိုအပ်လျက်ရှိကြောင်း သိရသည်။

သူငယ်တန်းမှ စတုတ္ထတန်းအထိ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျောင်းသား ကျောင်းသူပေါင်း ၄၀ ကျော်တက်ရောက် ပညာသင်ကြားနေပြီး လက်ရှိတွင် သင်ကြားပို့ချနေသည့် ဆရာမနှစ်ဦးသာရှိကြောင်း ဒေသခံများထံက သိရသည်။

အိမ်ခြေပေါင်း ၄၀ ကျော်ခန့်သာရှိသည့် အဆိုပါ ဘိုင်ပင်ဂူကျေးရွာလေးသည် ငွေတောင် တောင်တန်းနှင့် ဘုတ်တောင်ရိုးကြားတွင် တည်ရှိနေပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိသေးသည့် နေရာတစ်ခုဖြစ်သည်။ စတုတ္ထတန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူလေးများမှာ တော၊ တောင်များကိုဖြတ်ကျော်၍ တောင်ခြေရှိ မင်းကန် အထက်တန်းကျောင်းသို့ သွားရောက်ကာ ပညာဆက်လက်သင်ယူနေကြရပြီး ခရီးအခက်အခဲကြောင့် နေ့ချင်းပြန်နိုင်ရန် အဆင်မပြေသဖြင့် ကျောင်းနှင့်နီးစပ်ရာတွင် နေထိုင်ကာ ပညာဆက်လက် ဆည်းပူးကြခြင်းဖြစ်သည်။

"ပရဟိတအလှူရှင် အချို့ရှိပါတယ်။ စာအုပ်စာတမ်းကအစ ကျောင်းတက်ရတာ အခမဲ့တွေပါ။ ဒီမှာပညာ လာသင်ပေးတဲ့ ဆရာတွေကို လစာအဖြစ် ရှစ်သောင်းပေးပါတယ်။ အဲဒီလိုပေးဖို့ ရွာထဲက အိမ်ထောင်စုတွေဆီက လစဉ်ကောက်ခံပါတယ်။ ဒီနေရာမျိုးမှာ ဆရာဆရာမတွေအတွက် အဆင်ပြေဖို့တော့ ခက်ခဲပါတယ်။ လမ်းခရီးကြမ်းတာ၊ ပြီးတော့ စေတနာကြေးနဲ့ သင်ကြားရတာကြောင့်ပါ" ဟု ကျောင်းသား မိဘတစ်ဦးက ပြောပြသည်။

လက်ရှိအဆိုပါရွာလေးမှ ဆဋ္ဌမတန်းအောင်ပြီး သတ္တမတန်းသို့ တက်ရောက်နေသည့် ကျောင်းသား သုံးဦးသာရှိပြီး မင်းကန်ကျေးရွာနှင့် ပုသိမ်ကြီးရေထွက်ကျောင်းသို့ တက်ရောက်နေကြရကြောင်း ဒေသခံများထံက သိရသည်။

ပုသိမ်ကြီးမြို့နယ်နှင့် ဘိုင်ပင်ဂူကျေးရွာသည်မြေပြန့်နှင့် ၁၀ မိုင်ခန့် အလှမ်းကွာဝေးသည့် တောင်ပေါ်ရွာလေး တစ်ရွာဖြစ်သည်။ ကျောင်းသားမိဘများ အနေဖြင့် ခက်ခက်ခဲခဲဖြင့် ပညာသင်ကြားပေးနေရပြီး သားသမီးများကို တက္ကသိုလ်ဝင်တန်းအောင်ပြီး ဘွဲ့ရကာ ရွာ၏ဂုဏ်ကိုဆောင်နိုင်ဖို့ မျှော်လင့်နေကြသည့်နည်းတူ ရွာမူလတန်းကျောင်းအတွက် ဆရာအင်အား လိုအပ်ချက်ကိုလည်း အမြန်ပြည့်မီလာရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ဆရာနှစ်ဦးလောက် ထပ်ခန့်ထားပေးနိုင်မယ်ဆိုရင် ရွာနဲ့ပတ်ဝန်းကျင်က ကျေးရွာတွေအတွက် အများကြီးအဆင်ပြေမယ်လို့ထင်ပါတယ်။ ကျွန်တော်တို့ရွာက ခေါင်လွန်းတော့ အားလည်းနာပါတယ်။ ကလေးတွေအတွက် လုပ်အားကုသိုလ်ပေးနိုင်မယ်ဆိုရင် ဆက်သွယ်ကြဖို့ မျှော်လင့်ပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

**ဖြိုးဝေ (ဆင်တဲဝ)**



# စိတ်ပိုင်းဆိုင်ရာအားနည်းသည့် ထိုင်းနိုင်ငံသူတစ်ဦးအား မိခင်ဖြစ်သူထံပြန်လည်အပ်နှံ

**တာချီလိတ် ဇွန် ၂၁**

စိတ်ပိုင်းဆိုင်ရာအားနည်းပြီး ထိုင်းနိုင်ငံမှပျောက်ဆုံးနေသော အမျိုးသမီးတစ်ဦးကိုလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)ရုံး တာချီလိတ်မှတပ်ဖွဲ့ဝင်များ အကူအညီဖြင့် ထိုင်းနိုင်ငံမှ မိခင်ဖြစ်သူထံ ဇွန် ၁၈ ရက်က ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့ဝိန်းကျောက်ရပ်ကွက် အာခါဈေးအနီးတွင် အမျိုးသမီးတစ်ဦးအား လူကုန်ကူးမှုစောင့်ကြည့်ရေး ရပ်/ကျေး အဖွဲ့ဝင် ဦးစိုင်းစံခမ်းနှင့်အဖွဲ့ဝင်များက တွေ့ရှိသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်ခဲ့ပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)ရုံးသို့ စိစစ်ဆောင်ရွက်နိုင်ရန်သတင်းပေးပို့လာသဖြင့်




၎င်းအမျိုးသမီးအား သွားရောက်ခေါ်ဆောင်ခဲ့ပြီး မေးမြန်းရာ မနထမွန် (၃၄ နှစ်) ဖတ် ထနီမြို့ မိန်းခရိုင် ထိုင်းနိုင်ငံနေသူဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ မယ်ကျန့်မြို့မှတစ်ဆင့် မယ်ဖလုံပန်းခြံတွင်လည်းကောင်း၊ ထိုမှတစ်ဆင့် မယ်ဆိုင်မြို့တွင်လည်းကောင်း၊ မယ်ဆိုင်မှ မြန်မာနိုင်ငံ တာချီလိတ်နယ်စပ်သို့ လွန်ခဲ့သောသုံးရက်ခန့်ကရောက်ရှိခဲ့ကြောင်း၊ ဝိန်းကျောက်ရပ်ကွက် အာခါဈေးအနီးတွင် ကြုံရာညအိပ်ခဲ့ပြီး လမ်းဘေးရှိ ထမင်းဆိုင်များတွင် တောင်းရမ်းစားသောက်ခဲ့ကြောင်း သိရသည်။

"မနထမွန်ထံက မိခင်ဖြစ်သူရဲ့ ထိုင်းဖုန်းနံပါတ်ကိုရယူပြီး ဆက်သွယ်ခဲ့တယ်။ မနထမွန်ဟာ စိတ်ပိုင်းဆိုင်ရာအားနည်းနေတဲ့သူဖြစ်တယ်။ ၂၀၁၅ ခုနှစ် မေလက အိမ်ကနေ ပျောက်သွားတယ်လို့ သူ့မိခင်ထံမှသိရတယ်။ သမီးဖြစ်သူ ၎င်းကို ထိုင်းနိုင်ငံကို ပြန်လည်ပို့ဆောင်ပေးဖို့ အကူအညီတောင်းခံလာလို့ မြန်မာ-ထိုင်းနယ်စပ်လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းထံ ဖြစ်စဉ်ကို တင်ပြခဲ့တယ်။ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှာရှိတဲ့ မြန်မာ-ထိုင်းနယ်စပ်လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးအဖွဲ့ဝင် Pol. Col.Sukanya Phummarin ထံ ပြန်လည်လွှဲပြောင်းနိုင်ဖို့နဲ့ ထိုင်းနိုင်ငံသားဟုတ်မဟုတ် စိစစ်နိုင်ဖို့ ဆက်သွယ်အကြောင်းကြားခဲ့ပါတယ်" ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်လှဘုန်းက ပြောသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁)မှ ရဲအုပ်မင်းဇော်၊ ရဲအုပ်လှဘုန်းတို့က မနထမွန်နှင့်အတူ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရှိ နယ်စပ်လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာဆက်ဆံရေးရုံးသို့သွားရောက်ခဲ့ပြီး Pol.Col.Sukanya Phummarin နှင့်အတူစိစစ်ခဲ့ရာ ထိုင်းနိုင်ငံသားမှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့သဖြင့်ထိုင်းနိုင်ငံတာဝန်ရှိသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## သတင်းတိုများ

### ကျန်းမာရေးနှင့်စာဖတ်ရှိန်မြင့်မားရေးကျေးရွာများအထိဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာအရောက်ပြည်သူများ ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့်အခမဲ့ကွင်းဆင်းဆေးကုသမှုကိုဇွန် ၁၉ ရက်က ကျုံပေါက်ကျေးရွာအုပ်စု၌ ပြုလုပ်သည်။ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး ကျုံပေါက်ကျေးရွာအုပ်စုရှိ သုခမိန်စာကြည့်တိုက်တွင်ပြည်သူများ စာဖတ်ရှိန် မြင့်မားရေးအတွက်ပညာပေးခြင်းနှင့် မူးယစ်ဆေးဝါးနှင့်လူကုန်ကူးမှုဆိုင်ရာ ဗဟုသုတများကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### တိုင်းရင်းဆေးပညာဖြင့်အခမဲ့စမ်းသပ်ကုသပေး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ဘုတလင်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးပညာဖြင့် ရက် ၁၀၀ စီမံချက်အရအခမဲ့ကွင်းဆင်းကုသကာကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ အရိုး၊ အကြော၊ အဆစ်မြစ်ရောဂါနှင့်ဆီးချို ၊ သွေးတိုးရောဂါများ အများဆုံး ဖြစ်ပွားတတ်သည်ကိုစမ်းသပ်ပေးခဲ့ပြီး အကြောပြင်၊ဆေးစည်း၊ ဆေးကပ်ခြင်းလုပ်ငန်းများနှင့်စားဆေးအမျိုးပေါင်း ၂၀ ကျော်ဖြင့် အခမဲ့ကွင်းဆင်းကုသပေးခြင်းဖြစ်သည်။ မြို့နယ်အတွင်းရှိ လယ်တီ၊ ခိုးချောင်း၊ သခွတ္တနယ်၊ လွှဲတဲစသည့်ကျေးရွာများမှလူနာ ၃၀၀ ကျော်အား တိုင်းရင်းဆေးပညာဖြင့်ဇွန် ၁၉ရက်က ကုသပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# လူထုအခြေပြုခရီးသွားလုပ်ငန်းများဆောင်ရွက်ရန် ခရီးစဉ်သစ်များဖော်ထုတ်

**ရန်ကုန် ဇွန် ၂၁**

ကမ္ဘောဒီးယား၊လာအို၊ မြန်မာ၊ဗီယက်နမ်နှင့် ထိုင်းနိုင်ငံ ခရီးသွားဖိုရမ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး ဖိုရမ်နှင့် ပတ်သက်သည့် ပြန်လည်ဆွေးနွေးမှုအစီအစဉ်အဖြစ် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၉ ရက်က ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အဆိုပါဖိုရမ်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ရေရှည်တည်တံ့သော ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန်၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ ပူးပေါင်းဆောင်ရွက်ရေးကို အဓိက ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ထို့ပြင် တစ်နိုင်ငံတွင်းခရီးသွားလာခွင့်ဗီဇာရရှိရုံဖြင့် အခြားလေးနိုင်ငံသို့ပါ သွားရောက်နိုင်သည့်ဗီဇာ (single visa)၊ နိုင်ငံအသီးသီးနယ်စပ်ဖြတ်ကျော်သည့်အခါ လွယ်ကူချောမွေ့စေရေး(free border)၊ ခရီးသွားလာမှုနည်းပါးသည့်ကာလဖြစ်သည့် မိုးရာသီကာလအတွင်း ခရီးသွားများပိုမိုလာရောက်ရေး (green season)၊ လူထုအခြေပြု ခရီးသွားလာရေးလုပ်ငန်းပိုမိုအောင်မြင်အောင် ဖော်ဆောင်နိုင်ရေး စသည်တို့ကိုလည်း ငါးနိုင်ငံစလုံးမှခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြောင်းသိရသည်။

အဆိုပါဖိုရမ်တက်ရောက်နေစဉ်ကာလဖြစ်သည့် ဇွန် ၁၇ ရက်တွင် ထိုင်းနိုင်ငံ အခြေပြုခရီးသွား ဝန်ဆောင်မှုလုပ်ငန်း (Lonely Planet) မှ မြန်မာနိုင်ငံအတွက် ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးခရီးသွားဒေသဆုကိုလည်း လာရောက်ပေးအပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးဌာန၏ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်နေသည့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ရေးကဏ္ဍ၊ ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရေးနှင့် မြှင့်တင်ထိန်းသိမ်းရေးကဏ္ဍများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ဝန်ကြီးနှင့် တာဝန်ရှိသူများက မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**



## မြစ်သာမြစ်ဖြတ်ကျော်ကြိုးတံတားကြောင့် မိုးရာသီသွားလာမှုအဆင်ပြေ

**ဂန့်ဂေါ ဇွန် ၂၁**

ဂန့်ဂေါမြို့နယ် လက်ပန်ရွာသည် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်၏ မွေးဖွားရာ ဇာတိကျေးရွာဖြစ်သည်။ လက်ပန်ရွာ၏ တောင်ဘက်အရပ်တွင် မောက်ရွာရှိသည်။ လက်ပန်ရွာနှင့် မောက်ရွာမှာ ခရီးတာနီးနေသော်လည်း မောက်ရွာမှ ကားလမ်း၊ ရထားလမ်းနှင့် ဆရာတော်လှူဒါန်းထားသော ဆေးရုံရှိသည့် လက်ပန်ရွာသို့ သွားလာရန် မြစ်သာမြစ်ခြားနေသဖြင့် မိုးရာသီကာလတွင် ခက်ခဲစွာ သွားလာခဲ့ကြရသည်။ အဆိုပါခက်ခဲမှုကို ယောဆရာတော်က ၂၀၁၆ ခုနှစ်အတွင်း ကြိုးတံတားဆောက်လုပ်ရန် ငွေကျပ် ၂၈၈၂ သိန်း လှူဒါန်းမှုနှင့် စေတနာရှင်များထည့်ဝင်ငွေကျပ်သိန်း ၄၀ တို့ဖြင့် အလျား ၉၉၃ ပေ၊ အနံ ၆ ပေ၊ အမြင့် ပေ ၆၀ရှိ တိပိဋကမေတ္တာကြိုးတံတားကိုဆောက်လုပ်ခဲ့ရာ မောက်ကျေးရွာသာမက ဆက်စပ်လျက်ရှိသည့် ကျေးရွာများပါ သွားလာမှုအဆင်ပြေသွားသည်။ ဇန်နဝါရီလတွင် တံတားကို စတင်ဆောက်လုပ်ခဲ့ပြီး တံတားဖွင့်ပွဲကို ဇွန် ၁၅ ရက် နံနက်က အဆိုပါ တံတားထိပ်လက်ပန်ရွာဘက်၌ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဆရာတော်သည် ၎င်း၏ ဇာတိ လက်ပန်ကျေးရွာတွင် ရေတွင်းများကိုလည်းကောင်း၊ ဆေးရုံ၊ ဆေးခန်းနှင့်စာသင်ကျောင်းဆောင်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့် ပညာရေး ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် လိုအပ်သည်များ လှူဒါန်းခြင်းတို့ကိုလည်းကောင်း၊ စာပေသင်ကြားခဲ့သည့် ကန်ကျေးရွာတွင် တိုက်နယ်ဆေးရုံ အဆောက်အအုံ၊ စာသင်ကျောင်းဆောင်များကိုလည်းကောင်း လှူဒါန်း ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

# ဘုသီးတောင်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**ဘုသီးတောင် ဇွန် ၂၁**

ဘုသီးတောင်မြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (TSDP)အရ အမျိုးသား၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၆ နာရီခွဲက ကျင်းပသည်။



ဘုသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က ပြိုင်ပွဲအား သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး မီနီမာရသွန်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၂၁၀ ခန့်က မြို့တစ်ပတ်ပတ်၍ ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် နှစ်သိမ့်ဆု ရရှိသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဘာလေကလည်းကောင်း၊ အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာသန်းထွန်းကျော်က လည်းကောင်း၊ အမျိုးသမီး မီနီမာရသွန် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရွှေက လည်းကောင်း၊ အမျိုးသား မီနီမာရသွန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်ကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

**ဇော်နိုင်ထွန်း (ပြန်/ဆက်)**

# မသန်စွမ်းကလေးများဘဝမြှင့်တင်နိုင်ရေး ဘက်စုံအကူအညီများလိုအပ်နေ

**မုံရွာ ဇွန် ၂၁**

မသန်စွမ်းသူများ၏ ဘဝမြှင့်တင်နိုင်ရေးအတွက် ဆရာတော်ဦးယျေ၏ ဦးဆောင်မှုဖြင့် ပရဟိတမသန်စွမ်းဘက်စုံဖွံ့ဖြိုးရေးကျောင်း(အောင်ဆုထွန်းတောက်) အား စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက စတင်ဖွင့်လှစ်ခဲ့ရာ ခြောက်လတာကာလအတွင်း ဘက်စုံအကူအညီများ လိုအပ်လျက်ရှိနေသေးကြောင်း သိရသည်။

"ကျွန်တော်တို့ကျောင်းမှာ ဟသ်ာတ၊ ရွှေဘို၊ ကနီ၊ မုံရွာ၊ သပိတ်ကျင်း၊ ရေဦး၊ မကွေး၊ ချောက်၊ ပခုက္ကူစတဲ့ ဒေသတွေက မသန်စွမ်းသူ ၁၇ ဦးရှိပါတယ်။ အငယ်ဆုံးကလေးက ရှစ်နှစ်နဲ့ ၁၁ နှစ်အရွယ်တွေ ထိရှိပါတယ်။ နီးစပ်ရာတွေကနေကြားပြီး အနယ်နယ်အရပ်ရပ်ကနေ မသန်စွမ်းသူတွေကို လာရောက်အပ်နှံကြပါတယ်။ ကျောင်းကို လာရောက်အပ်နှံသူတွေကို အကျင့်စာရိတ္တကောင်းမွန်မှုနဲ့ ကူးစက်ရောဂါ၊ နာတာရှည်ရောဂါမရှိသူတွေကို စိစစ်လက်ခံပေးပါတယ်။ လက်ရှိ အနေအထားမှာ ဒီကျောင်းကနေပြီး ပြင်ပက အစိုးရအခြေခံပညာကျောင်းတွေမှာ သွားရောက် ပညာသင်ကြားနေရတဲ့ ကလေးငယ်နှစ်ဦးရှိပါတယ်။ ကျောင်းမှာ အလှူရှင်တွေ၊ အကျိုးတော်ဆောင်အဖွဲ့တွေ၊ နာယကအဖွဲ့တွေ၊ တိုင်းဒေသကြီး(မမသ)အဖွဲ့တွေကလည်း လိုအပ်ချက်တွေ ဖြည့်ဆည်းပေးကြပါတယ်။ ကျောင်းမှာကတော့ မသန်စွမ်းသူတွေ ဘဝမြှင့်တင်ပေးဖို့အတွက် သင်တန်းတွေလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ အဲဒီ လိုဖွင့်လှစ်သင်ကြားတဲ့နေရာမှာ သင်တန်းခန်းမရယ်လို့လည်း သီးသန့်မရှိသေးပါဘူး။ လက်ရှိ ဆောက်လုပ်ထားတဲ့ အမျိုးသမီး အိပ်ဆောင်က အခန်းလေးထဲမှာပဲ သူတို့တစ်တွေကို သင်ကြားပေးနေရပါတယ်။ နောက်တစ်ခုက အဲဒီလို အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးဖို့အတွက် သင်ထောက်ကူပစ္စည်းတွေ လိုအပ်လျက်ရှိပါတယ်။ ဥပမာ ကွန်ပျူတာအခြေခံ သင်တန်းမှာဆိုရင် တစ်ကျောင်းလုံးမှာ ကွန်ပျူတာ တစ်လုံးပဲရှိတဲ့အတွက် တချို့သင်ကြားရေးအပိုင်းတွေမှာ အခက်အခဲတွေရှိပါတယ်"ဟု ကျောင်းတာဝန်ခံ ဦးသိုက်ထွန်းက ပြောကြားသည်။

အဆိုပါကျောင်းတွင် အမျိုးသား (သီးသန့်) အိပ်ဆောင်များ လိုအပ်လျက်ရှိပြီး ကျောင်းသားဦးရေထပ်မံတိုးပွားလာပါက နေထိုင်စားသောက်မှုအတွက် ထပ်မံဖြည့်တင်းရန် လိုအပ်နေကြောင်း သိရသည်။ မုံရွာ ပရဟိတ မသန်စွမ်း ဘက်စုံဖွံ့ဖြိုးရေး သင်တန်းကျောင်း (အောင်ဆုထွန်းတောက်)ရှိ မသန်စွမ်းသူများအတွက် အနယ်နယ်အရပ်ရပ်မှ ထောက်ပံ့ကူညီလိုသူများ အနေဖြင့် ပရဟိတ မသန်စွမ်းဘက်စုံဖွံ့ဖြိုးရေးကျောင်း ချမ်းမြဝတီရပ်ကွက် မုံရွာမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## သတင်းတိုများ

### ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြင်စလူမြို့ ပိုးလောင်းကျေးရွာအုပ်စု ပိုးလောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၉ ရက်က အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO)မှ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေး အစီအစဉ်အရ ကမ္ဘာ့ကလေးအလုပ်သမားဆန့်ကျင် တိုက်ဖျက်ရေးနေ့(၂၀၁၆) အခမ်းအနားကို စာနာသောလက်များလူမှုဖွံ့ဖြိုးရေးအဖွဲ့နှင့် စွမ်းဆောင်ရှင်များ အသင်းတို့မှ ဦးဆောင်ကျင်းပခဲ့ကြကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း ရန်ကုန်တိုင်းဒေသကြီးတွင်ဒဂုံဆိပ်ကမ်းမြို့နယ်၊ မွန်ပြည်နယ်တွင် ရေးမြို့နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးတွင် လပွတ္တာမြို့နယ်၊ ပြင်စလူမြို့ ပိုးလောင်းကျေးရွာအုပ်စုတို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာအုပ်စုအတွင်း ကျောင်းနေအရွယ်တွင် ကျောင်းမနေရဘဲ အမှန်တကယ်လုပ်ငန်းခွင်တွင် ခိုင်းစေခံနေရသော ကလေး ၁၂၀၀ ၏ ပညာရေး၊ ကျန်းမာရေးကိုတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

### ဗဟုသုတတိုးပွားစေရေးအတွက်နယ်လှည့်ဟောပြော

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များအဆင့်မြှင့်တင်နိုင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲကို ဇွန် ၁၉ ရက်က မန်းကျိုးကျေးရွာတွင် ကျင်းပသည်။ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး အကြောင်းအရာများနှင့် ကွမ်းစားခြင်း၏ ဘေးထွက်ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ စာကြည့်တိုက်အဆင့်မြှင့်တင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းအရာများကိုလည်းကောင်း ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များပြုလုပ်ပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ရှမ်းအရှေ့ဒေသခံတိုင်းရင်းသားပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**တာချီလိတ် ဇွန် ၂၁**

ကျိုင်းတုံအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်းနှင့် တာချီလိတ်ခရိုင်ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံမှ ခေတ္တခရိုင်ဆေးရုံအုပ် ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာသိန်းကြိုင်ဦးဆောင်သော အထူးကုဆရာဝန်များ၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးပညာပေးဟောပြောခြင်းနှင့်အခမဲ့ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခြင်းကို ကျိုင်းလပ်မြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ မိုင်းပါလျှိုးအုပ်စု နမ့်ကိုင်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌လည်းကောင်း၊ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု မယ်လိပါကော်ကျေးရွာ၌လည်းကောင်း ဇွန် ၁၈ ရက်မှ ၁၉ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင်ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်းက နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ဆောင်ရွက်နေသောလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောကာ ကိုယ်ဝန်ဆောင်မိခင်နှင့် ငှက်ဖျားရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ၊ တီဘီရောဂါအကြောင်း သိကောင်းစရာများ အသိပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။ ထို့နောက် နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဆရာဝန်များက အထွေထွေရောဂါဝေဒနာရှင် ၃၈၁ ဦး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင် ၇၃ ဦး၊ သွားဝေဒနာရှင် ၂၅ ဦး၊ အရိုးအကြောဝေဒနာရှင် ၃၄ ဦးနှင့်ကလေး ၃၆ ဦး စုစုပေါင်း ၅၄၉ ဦးတို့အား စစ်ဆေးကုသပေးပြီး လိုအပ်သောဆေးဝါးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလုံစံခတ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်တင့်၊'ဝ'အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၊ မက်မန်းမဲဆန္ဒနယ်မြေ အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီနုပ်နှင့်တာချီလိတ်မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တကဝိန္ဒမဟာထေရ်မြတ်

**အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ**

**သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ ကျောင်းတိုက်ကြီးလမ်း၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်တိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိန္ဒမဟာထေရ်မြတ် (အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်သြဝါဒါစရိယ)သည် (၁၃၇၈ခုနှစ် နယုန် လဆန်း ၁၄ရက်)၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၁၀း၅၅နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဘဝနတ် ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၁၂/၁၃ရက်) ၂/၃-၇-၂၀၁၆ရက်(စနေ/တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနပွဲကျင်းပပါမည်။

**နာယက၊ စာချ၊ စာသင်သံဃာတော်များနှင့်**
**တပည့်ဒါယကာ၊ ဒါယိကာမများ**
**မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊**
**ဘုန်းစိုးရပ်၊ မုံရွာမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်စန်းစန်းဝင်း

## ပုသိမ်မြို့

**အသက်(၇၁)နှစ်**

ဦးစိုးသူရထွန်း (ကွမ်းခြံကုန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ထားထားအောင်တို့၏မိခင် ဒေါ်စန်းစန်းဝင်းသည် ၁၈-၆-၂၀၁၆ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Resource and Environment Myanmar Co.,Ltd.

**အုပ်စုဝင်မိသားစုများ**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/4648 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/8755 Suzuki Carry DA 63T P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးလှအေး ၁၄/ဖပန(နိုင်)၀၉၆၆၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၄၁၄၄၁ New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၄/ဖပန(နိုင်)၅၈၄၀၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဖျာပုံမြို့)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၉၁၄၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/6928၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးမှီ**

**အသက်(၉၁)နှစ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဌေးနှင့်ဒေါ်စောမြင့်သိန်းတို့၏မိခင် ဒေါ်အေးမှီသည် ၁၈-၆-၂၀၁၆ရက် နံနက် ၉ နာရီတွင် တောင်သာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်သန်း (ညောင်တုန်း၊ မဲဇလီ)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၇၃(လေးလွှာ)နေ(ဦးကျော်မြ-ဒေါ်စောမျှင်)တို့၏သမီး၊ (ဦးရန်းနား-ဒေါ်မယ်အုံ)တို့၏ချွေးမ၊ (ဦးဟုတ်ယံ)၏ဇနီး၊ ဦးတင်ရှိန်-(ဒေါ်ခင်မြ)တို့၏အစ်မ၊ (ဦးကျော်ထင်)-ဒေါ်စန်းစန်းဝင်း၊ ဒေါ်ရီရီဝင်း၊ ဦးအောင်သန်း-ဒေါ်အေးအေးဝင်း (အထက-၁၊ ဒဂုံ)၊ဦးမောင်မောင်စိုး-ဒေါ်မို့မို့လွင်၊ ဦးစိုးမိုးဝင်း-ဒေါ်စန္ဒာဝင်းတို့၏ချစ်လှစွာသောမိခင်၊ မရည်မွန်အောင်(ခေတ္တ-Dubai)၊ မဇင်မာထက်၊ မပြည့်ပြည့်ဖြိုး(အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြစီမံကိန်းဌာနခွဲ)၊ ဒေါက်တာမောင်မောင်မျိုးဆက်၊ မစောယုန္တယ်၊ မောင်ကောင်းစည်သူတို့၏အဘွားသည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ မဟာရံတံတိုင်း၊ နတ်လမ်း၊ ရေတွင်း၊ ရေကန်၊ ရွှေတိဂုံစေတီတော်၊ ၄က်ပျောဖူး၊ ရွှေသင်္ကန်း ဒါယိကာမကြီး**

### ဒေါ်ခင်မျိုးလှ (မြန်အောင်)

**အသက်(၈၅)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး(မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း) ဦးသန့်စင်နှင့် ဒေါ်အေးအေးခိုင်တို့၏ မိခင်ကြီး ဒေါ်ခင်မျိုးလှသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စက်ရုံမှူးနှင့်အရာထမ်းအမှုထမ်းများ**
**ရေနံဓာတုဗေဒစက်ရုံစု(သံပုရာကန်)**

### ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း၊ ရွှေတိဂုံစေတီတော် ၄က်ပျောဖူး၊ ရွှေသင်္ကန်း၊ တံခွန်တိုင်၊ မဟာရံတံတိုင်း ဒါယိကာမကြီး**

**ဒေါ်ခင်မျိုးလှ (မြန်အောင်)**

**အသက်(၈၅)နှစ်**

ဦးသန့်စင် (ဦးဆောင်ညွှန်ကြားရေးမှူး MPE နှင့်MPPE၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်အေးအေးခိုင်(Miraculous Fashion and Jewellery) တို့၏မိခင် ဒေါ်ခင်မျိုးလှသည် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံရေးဌာန မိသားစု**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးခင်မောင်ကြီး

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၈၈)နှစ်**

ဒေါ်ခင်ဘုန်းဦး(UNOPS,HR Officer)၏ဖခင် ဦးခင်မောင်ကြီးသည် ၁၉-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်လွင်ဦး**
**ဝါဝါနိုင်၊ ချိုချိုမြင့်၊ စန်းစန်းထွေး၊ ဆွေဆွေနိုင်၊**
**သင်းသင်းမာ၊ ချိုချိုအောင်၊ ခင်ထားနွယ်**

### ဒေါ်ထားရီ (ဟသ်ာတ)

**အထပြ(ငြိမ်း)၊ အထက(၁)ဟသ်ာတ၊ အထက(၁)ဒဂုံ**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ(၁)လမ်း၊ အမှတ် ၁၂နေ [ဦးအုန်းမောင်-ဒေါ်မြ(ဟသ်ာတမြို့)]တို့၏သမီး၊ (ဦးလှရွှေ၊ ဒေါ်သိန်းကြည်၊ ဒေါ်သန်းဝေ)တို့၏ညီမ၊ [ဦးထွန်းရှိန်(ရဲမှူးကြီး)]၏ဇနီး၊ ဦးဘုန်းနိုင်-ဒေါ်သီရိရှိန်၊ မစိုးစိုးအောင်တို့၏မိခင်၊ မောင်ဇော်လင်းမောင်(2nd TUTL)၊ မဖြူကြည်ခင်(ထ-၁၊ မ/ဒဂုံ)၊ မသူသူဟန်(ထ-၁၊ မ/ဒဂုံ) တို့၏အဘွားသည် ၂၀-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ခင်မျိုးလှ

**(မြန်အောင်)**

**အသက်(၈၅)နှစ်**

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာချိုဝင်းမော်-ဒေါ်ချိုချိုဝင်းတို့၏မိခင် ဒေါ်ခင်မျိုးလှသည် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲဝင်း-ဒေါက်တာဒေါ်ဝင်းသီတာလွင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ခင်မျိုးလှ (မြန်အောင်)

**အသက်(၈၅)နှစ်**

ဦးသန့်စင်(MD, MPE နှင့် MPPE၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်အေးအေးခိုင် (Miraculous Fashion and Jewellery)တို့၏ ချစ်လှစွာသောမိခင်သည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ**
**ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်(ခနိတော)**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်ခင်မျိုးလှ (မြန်အောင်)

**အသက်(၈၅)နှစ်**

ဦးသန့်စင်(MD, MPE နှင့် MPPE၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်အေးအေးခိုင် (Miraculous Fashion and Jewellery)တို့၏ ချစ်လှစွာသောမိခင်သည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းရောင်းဝယ်ရေးအရာရှိနှင့်ဝန်ထမ်းများ**
**တိုင်းရောင်းဝယ်ရေးအရာရှိရုံး(ရန်ကုန်တိုင်းဒေသကြီး)**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဝင်းစိုး

**ဦးစီးအရာရှိ(မြို့ပြ)လမ်းဦးစီးဌာန၊ ဒီမောဆိုမြို့နယ်**

**အသက်(၅၁)နှစ်**

ဦးအောင်ဝင်းစိုး ဦးစီးအရာရှိ(မြို့ပြ)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ၁၇-၆-၂၀၁၆ရက် (သောကြာနေ့) ည၉း၄၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**91-Civil သူငယ်ချင်းများ**
Chauk.G.T.I

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/6068 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/7915၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အထူးကျေးဇူးတင်ရှိခြင်း

### ဒေါ်ခင်မြ (ကျောက်ဖြူ)

**အသက်(၈၆)နှစ်**

၁၁-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားခဲ့သောမိခင် ဒေါ်ခင်မြ နာမကျန်းဖြစ်စဉ်က မေတ္တာစေတနာအပြည့်ဖြင့် အထူးဂရုစိုက်ကုသပေးခဲ့ကြသော တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ(၁/၁၀၀၀)မှ တပ်မှူးနှင့်တကွ ဗိုလ်မှူးကြီး ခင်အောင်ထွန်းနှင့်ဆရာဝန်၊ သူနာပြုများအားလည်းကောင်း၊ ဖြည့်ဆည်းမှုများဆောင်ရွက်ပေးသည့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ရွှေဂန္ဓမာထရေးဒင်းကုမ္ပဏီလီမိတက်မှ MDနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၃-၆-၂၀၁၆ရက် စျာပနအခမ်းအနားတွင် ကရုဏာမေတ္တာများဖြင့် လာရောက်အားပေးနှစ်သိမ့်ခဲ့ကြသည့် စတသ(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြသည့် MECမှ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူး တင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်စန်းစန်းဝင်း(ခ)ကေ့ရှုရဲ့ (ပုသိမ်မြို့)

**အသက်(၇၁)နှစ်**

၁၉၈၅-၉၂စီးပွားရေးတက္ကသိုလ်ကျောင်းသူဟောင်း မသီတာအောင် (ကံ့ကော်ဆောင်)၏မိခင် ဒေါ်စန်းစန်းဝင်း(ခ) ကေ့ရှုရဲ့ (ပုသိမ်)သည် ၁၈-၆-၂၀၁၆ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကံ့ကော်ဆောင်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စန်းစန်းဝင်း(ခ)ကေ့ရှုရဲ့

### (ပုသိမ်မြို့)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ ယုဇနတာဝါ၊ အမှတ် ၂၅၊ အခန်း ၅၀၄နေ ဦးစိုးအောင်၏ဇနီး၊ မသီတာအောင်၏မိခင်သည် ၁၈-၆-၂၀၁၆ရက် ည ၇း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မချိုချိုအောင်၊ မမိမိခိုင်၊ မဆွေဆွေတင်၊**
**မစန်းစန်းဝင်း၊ မအေးအေးမာ၊ မကြည်ကြည်ဝင်း၊**
**မခင်ဝင်း၊ မဌေးဌေးကြည်၊ မကြူကြူဝင်း၊**
**မတင်တင်အေး၊ မအေးအေးသောင်း**
**စီးပွားရေးတက္ကသိုလ်၊ ကံ့ကော်ဆောင်မှ**
**သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဝင်းစိုး

**ဦးစီးအရာရှိ(မြို့ပြ)လမ်းဦးစီးဌာန၊ ဒီမောဆိုမြို့နယ်**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ဝါဝါအိ၏ခင်ပွန်း၊ မောင်မျိုးသန့်ထွန်း၊မောင်ထက်မြက်အောင်တို့၏ဖခင် ဦးအောင်ဝင်းစိုးသည် ၁၇-၆-၂၀၁၆ရက်(သောကြာနေ့) ည၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကယားပြည်နယ် ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဝင်းစိုး

**ဦးစီးအရာရှိ(မြို့ပြ)လမ်းဦးစီးဌာန၊ ဒီမောဆိုမြို့နယ်**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ဝါဝါအိ၏ခင်ပွန်း၊ မောင်မျိုးသန့်ထွန်း၊မောင်ထက်မြက်အောင်တို့၏ဖခင် ဦးအောင်ဝင်းစိုးသည် ၁၇-၆-၂၀၁၆ရက်(သောကြာနေ့) ည၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘော်လခဲခရိုင်ရုံး၊ လမ်းဦးစီးဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဝင်းစိုး

**ဦးစီးအရာရှိ(မြို့ပြ)လမ်းဦးစီးဌာန၊ ဒီမောဆိုမြို့နယ်**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ဝါဝါအိ၏ခင်ပွန်း၊ မောင်မျိုးသန့်ထွန်း၊မောင်ထက်မြက်အောင်တို့၏ဖခင် ဦးအောင်ဝင်းစိုးသည် ၁၇-၆-၂၀၁၆ရက်(သောကြာနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လွိုင်ကော်ခရိုင်ရုံး၊ လမ်းဦးစီးဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်ဝင်းစိုး

**ဦးစီးအရာရှိ(မြို့ပြ)လမ်းဦးစီးဌာန၊ ဒီမောဆိုမြို့နယ်**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဒေါ်ဝါဝါအိ၏ခင်ပွန်း၊ မောင်မျိုးသန့်ထွန်း၊ မောင်ထက်မြက်အောင်တို့၏ဖခင် ဦးအောင်ဝင်းစိုးသည် ၁၇-၆-၂၀၁၆ရက်(သောကြာနေ့) ည၉း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒီမောဆိုမြို့နယ်ရုံး၊ လမ်းဦးစီးဌာနမိသားစု**

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒုတိယဗိုလ်မှူးကြီး F. သိန်းထွန်း (ငြိမ်း)
**စစ်တက္ကသိုလ်အပတ်စဉ်(၂)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ (စား/ထွေ)**
**ကုန်သွယ်ရေးဝန်ကြီးဌာန**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ အကွက်(၃၀)၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၆၄နေ (ဦးယောဟန်-ဒေါ်အေးကြည်)တို့၏သားကြီး၊(ဦးတိုးအောင်)၊(ဦးအောင်တိုး)-ဒေါ်ဂျူးစန်းစန်းဝင်း၊ (ဒေါ်ဂရေစ့်သန်းသန်းဝင်း-ဦးလှမြင့်)တို့၏အစ်ကို၊ ရီဘက်ကာ(ခ)ဒေါ်သက်သက်ထွန်း၏ခင်ပွန်း၊ဗိုလ်ကြီးမျိုးမြင့်(ငြိမ်း)-ဒေါ်သီသီဟန်၊ ဦးခင်မောင်ကြီး-ဒေါ်အေးအေးသိန်း၊ (ဦးသူရထွန်း)၊ ဒေါက်တာအောင်အောင်လွင်-ဒေါ်ဝင်းမင်းထွန်း(U.K)တို့၏ဖခင်၊ မောင်စစ်ထက်ထွန်း(Final B.D.S,YGN)၊ မမေဇင်မျိုးမြင့်(Final Part II၊ ဆေး-၁)၊ မောင်ထွန်းထက်အောင်(TTC)၊ မောင်ဘိုနိုလွင်(U.K)၊ မမေသီမျိုးမြင့်(Grade-6, E,TTC)၊ မဖေရယ်လွင်(U.K) တို့၏အဘိုးသည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၆-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ကျေးဇူးရှင် လက်ဦးဆရာဖြစ်သော ကြည်း-၈၄၂၅ ဒုတိယဗိုလ်မှူးကြီး ဖရန့်စစ်သိန်းထွန်း(ငြိမ်း)၊ ယခင်အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၏ တပ်ရင်းမှူးသည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ကြီးလှဌေးဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်မာမာဝေ မိသားစု**
**(ဗိုလ်မှူးချုပ်ထွေးဝင်း)နှင့်ဇနီး ဒေါ်လှလှဝေ မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ယခင် အမှတ်(၃) ချင်းသေနတ်ကိုင်တပ်ရင်း၏ တပ်ရင်းမှူး ကြည်း-၈၄၂၅ ဒုတိယဗိုလ်မှူးကြီး ဖရန့်စစ်သိန်းထွန်း(ငြိမ်း)သည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ယခင်အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်းမှ**
**အရာရှိ/စစ်သည် မိသားစုများ**

## ဦးမြင့်လွင် အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဝန်ထမ်းကြီးအိမ်ရာ၊ မြတ်သီရိလမ်း၊ အမှတ် ၃၀/၁၅နေ ဦးတင့်လွင်(MOGE)-ဒေါ်ခင်ရီတို့၏သား၊ ဦးဌေးလွင်-ဒေါ်ခင်နှင်းခိုင်၊ ဦးသီဟ-ဒေါ်ကြူကြူလွင်၊ ဦးတင်ဝင်း-ဒေါ်ခင်မေလွင်တို့၏မောင်၊ ဦးချစ်စိန်-ဒေါ်ခင်ကြည်(ကံပေါက်မြို့)တို့၏တူ၊ ဒုတိယဗိုလ်မှူးကြီးကြည်စိန်(ငြိမ်း) (စီးပွား/ကူးသန်း)-ဒေါ်အေးအေးမြင့်၊ ဦးကြည်ရှိန်၊ ဦးလှရွှေ၊ ဒေါ်သိန်းသိန်းရွှေတို့၏အစ်ကို၊ ကိုကျော်မျိုးထွတ်-မအေးမြတ်ခိုင်တို့၏ဦးလေးသည် ၂၀-၆-၂၀၁၆ရက် ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးရဲဌေး အသက်(၅၉)နှစ်
**FITTER, CDC-20646**
**MV.MANDALAY STAR**
**Continetal Shipping Line Pte Ltd.**

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အလယ်ရွာနေ ဦးရဲမြင့်-ဒေါ်တင်လှ၊ ဒေါ်အမာတို့၏သား၊ ဦးတင်မောင်-ဒေါ်ခင်ညိုတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် ၁၉နေ ဒေါ်မြင့်မြင့်စိန်၏ခင်ပွန်း၊ မထက်ထက်ခိုင်၊ မယဉ်မြတ်သူတို့၏ဖခင်၊ ဥက္ကာမိုး၊ မင်းဆက်နိုင်တို့၏အဘိုးသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့)မြန်မာစံတော်ချိန်၁၆း၁၀နာရီတွင် MV.MANDALAY STAR သင်္ဘောပေါ်၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ကျောက်မြောင်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးလှဦး အသက်(၆၈)နှစ်
**ပရိဘောဂစက်ရုံ၊ အလုံ(ငြိမ်း)**
**(ဈေးကလေး)**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာနေ (ဦးဘသန်း-ဒေါ်သန်းကြွယ်)၊ (ဦးခင်မောင်-ဒေါ်ကြင်နု)တို့၏မြေး၊ ရန်ကုန်မြို့နေ(ဦးမြ-ဒေါ်လှသန်း)တို့၏သား၊ ဦးဇော်ဝင်း၊ (ဦးသန်းဦး)-ဒေါ်သန်းကြည်၊ (ဦးနိုင်မင်း)၊ (ဦးနိုင်လင်း)၊ ဒေါ်ခင်မာလာ(စက်မှုသီးနှံ)၊ ဦးအေးနိုင်တို့၏အစ်ကို၊ မောင်အောင်မင်း၏ဘကြီးသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗားကရာတိုက်၊ အောင်မြေကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
## ဒေါ်ယုယုမေ(ခ)ဒေါ်ဖြူဖြူ
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယသဝတီ ၁၅လမ်း၊ အမှတ် ၁၀၂၅နေ (ဦးဘဌေး-ဒေါ်ခင်ကြည်)တို့၏သမီး၊ (ဦးခင်မောင်လွင်)၏ဇနီး၊ ဦးခိုင်မင်းရာဇာ (ခေတ္တ-နယူးဇီလန်) - ဒေါ်ယဉ်မင်းသက်(ခေတ္တ-နယူးဇီလန်)၊ ဗိုလ်ကြီးမျိုးသက်-ဒေါ်မေသန္တာဖြူ၊ ဦးယဉ်ထွေး-ဒေါ်အိအိဖြူတို့၏မိခင်၊ မဆင်းမြတ်မဒီဦး၏အဘွားသည် ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများမွန်းလွဲ၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်(ခ)ဦးရွှေမန်း
**အသက်(၅၆)နှစ်**

မန္တလေးမြို့၊ ၁၇လမ်း၊ ၈၀×၈၁လမ်းကြား၊ အမှတ် ၂၀နေ ရွှေမိုက်သူကြီး (ဦးလှသိန်း - ဒေါ်ခင်လှိုင်)တို့၏ သား၊ ဦးကျော်လွင် - ဒေါ်ခင်အုန်းမြင့်တို့၏မောင်၊ ဒေါ်ခင်ဝင်းကြည် (ကထိက၊ ဓာတုဗေဒဌာန၊တောင်ကြီးတက္ကသိုလ်)၊ ဦးထွန်းဝေ-ဒေါ်ခင်ဝင်းစိန်၊ ဒေါ်ဝင်းဝင်းခိုင်၊ ဒေါက်တာဒေါ်တင်တင်မိုး(ကထိက၊ ဓာတုဗေဒဌာန၊ မန္တလေးတက္ကသိုလ်)တို့၏အစ်ကို၊ မသဲသဲ၊ မောင်ဇော်မင်းထွန်း၊မောင်တင်မျိုးထွဋ်၊ မောင်သက်ပိုင်စိုးတို့၏ ဦးလေးသည် ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း၊ ရွှေတိဂုံစေတီတော် ငှက်ပျောဖူး၊ ရွှေသင်္ကန်း၊ တံခွန်တိုင်၊ မဟာရံတံတိုင်း ဒါယိကာမကြီး
## ဒေါ်ခင်မျိုးလှ(မြန်အောင်) အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းစင်တာ အခန်းအမှတ် (2B2)နေ (ဦးအုန်းခင်-ဒေါ်စောညွန့်)တို့၏သမီး၊ [သခင်ချစ်မောင်(မြန်အောင်)-ဒေါ်မြကြည်]တို့၏တူမ၊ [ဝဏ္ဏကျော်ထင် ဦးမောင်မောင်ရီ(တိုင်းအင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ကချင်ပြည်နယ်)]၏ဇနီး၊ ဒေါက်တာချိုဝင်းမော်(MD, ငြိမ်း၊ ဆေးဝါးစားကုန်စက်မှုဝန်ကြီးဌာန)-ဒေါ်ချိုချိုဝင်း (ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်-ငြိမ်း)၊ ဒေါက်တာအောင်သူ(Consultant, Physician, Northwick Park Hospital, London)၊ ဒေါက်တာမွေးမွေးသင်း (Associate Specialist, Gwynedd Hospital, Bangor,UK)-ဦးမျိုးတင့်(Lecturer,Menai College, Bangor,UK)၊ ဦးသန့်စင်(MD, MPE နှင့် MPPE, လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်အေးအေးခိုင်(Miraculous Fashion and Jewellery)၊ ဒေါ်အေးအေးသင်း(အေးမ)တို့၏ချစ်လှစွာသောမိခင်ကြီး၊ ဦးချိုဇေ(Q.H.S.E Manager,Heli-Union)၊ ဒေါ်အေးဆုမြတ်(ခေတ္တ-Australia)၊ ဦးထက်ချို(Technical Sales Executive, Puma Energy Asia Sun)၊ ဒေါ်ခိုင်ချိုမြတ်(Youth Consultant, U.N.F.P.A)၊ Simon T.Tint(Faenol School,Bangor.UK)၊ မောင်ဖွဲ့ဇာနည်မင်းသန့်(ခ) John Walter (International School Yangon)တို့၏ဘွားဘွားကြီးသည် ၁၉-၆-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ မဟာရံတံတိုင်း၊ နတ်လမ်း၊ ရေတွင်း၊ ရေကန်၊ ရွှေတိဂုံစေတီတော် ငှက်ပျောဖူး၊ ရွှေသင်္ကန်း ဒါယိကာမကြီး**
## ဒေါ်ခင်မျိုးလှ (မြန်အောင်)
**အသက်(၈၅)နှစ်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့်မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)ဦးသန့်စင်နှင့်ဒေါ်အေးအေးခိုင်တို့၏မိခင် ဒေါ်ခင်မျိုးလှ အသက်(၈၅)နှစ်သည် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမျိုးသူရစိုး**
**နေပြည်တော်**

ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးမြင့်
**(ပင်စင်)ရ/သုံးဦးစီးဌာန**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ရန်ကြီးအောင် (၁)လမ်းနေ ဦးညွန့်ဝင်း၏ဇနီး၊ ဦးရဲရင့်ဝင်း၏မိခင်၊ အကြင်နာစွဲမက်၊ ပင်ကိုရဲရင့်တို့၏အဘွားသည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
## ဒေါ်သိန်းလှ
**အသက်(၈၆)နှစ်**

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ သနပ်ပင်ဆိပ် အရှေ့ကျေးရွာနေ(ဦးစိမ်းမောင်)၏ဇနီး၊ (ဦးအောင်သန်းဦး)-ဒေါ်မြစန်း၊ ဦးလှမြင့်-ဒေါ်ခင်မာခိုင်တို့၏မိခင်၊ ကိုဟန်မျိုးထွန်း၊ ကိုသန်းထွန်း-မယဉ်ယဉ်သိမ့်၊မထက်ရည်လွင်၊ မလင်းလင်းထက်တို့၏အဘွားသည် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၄း၃၀နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းနွယ်
**ကျောင်းဆရာဟောင်း**
**မွေးမြူရေးဌာန(အငြိမ်းစား)**
**အသက်(၇၈)နှစ်**

ဖျာပုံမြို့နယ်၊ ချောင်းတွင်းကျေးရွာနေ(ဦးကိုးဌေ-ဒေါ်တာတာ)တို့၏သား၊ (ဦးမောင်လွင်-ဒေါ်မမကြီး)တို့၏သားသမက်၊ ဒေါ်နုနု၏ခင်ပွန်း၊ ဦးမင်းကြည်-ဒေါ်မြင့်မြင့်ချို၊ ဦးလွမ်းဝေမောင်-ဒေါ်စိမ်းစိမ်း၊ ဦးမောင်ကြိုင်-ဒေါ်ဝါဝါ၊ ဦးကျော်မင်းထွဋ်-ဒေါ်မော်မော်အေး၊ ဦးစိုးမင်းထွဋ်-ဒေါ်လဲ့လဲ့ဝင်းကြိုင်၊ ဦးကျော်ကျော်မြင့်-ဒေါ်ဝင်းမြတ်သူ၊ ဦးဝင်းနိုင်-ဒေါ်သန္တာတို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏ အဘိုးသည် ၂၁-၆-၂၀၁၆ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ကြူချောင်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးဝင်းနိုင်(မိုဟာမ္မဒ်ယူဆွတ်စ်)
**ပစ္စည်းထိန်းသိမ်းရေးအရာရှိ(ငြိမ်း)**
**မြန်မာ့ရေနံနှင့်**
**သဘာဝဓာတ်ငွေ့လုပ်ငန်း**
**အသက်(၈၁)နှစ်**

မန္တလေးမြို့ (အထက်လွှတ်တော်အမတ်၊ ဝတ်လုံတော်ရမင်း ဦးအောင်သင်း-ဒေါ်မမလေး)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း (အာတီးယားလမ်း)၊ အမှတ် ၂၀နေ (ဦးသိန်းတင်-ဒေါ်ခင်မမ)တို့၏မောင်၊ ကမာရွတ်မြို့နယ်၊(၈)ရပ်ကွက်၊သီရိမင်္ဂလာလမ်း(အာတီးယားလမ်း)၊ အမှတ် ၂၉နေ (ဦးကိုကိုကြီး-ဒေါ်ခင်ကြည်ကြည်)၊ (ဦးစိုးမြင့်-ဒေါ်တင်တင်ရွှေ)တို့၏ညီ၊ (ဒေါ်ညွန့်ညွန့်)၏အစ်ကို၊ ဒေါ်မီမီတင်၊ ဦးစိုးသန့်-ဒေါ်ခင်ဆွေဝင်း၊ ဦးသိန်းဝင်း-ဒေါ်စန်းစန်းတင့်၊(ဒေါ်ခင်အုံခိုင်)၊ဒေါ်စုမွန်၊ဦးမောင်မောင်အေး-ဒေါ်ခင်ခင်ကြီး၊ ဒေါက်တာလှိုင်လှိုင်ကြီး၊ဒေါ်စုစုတို့၏ဦးလေးသည် ၁၉-၆-၂၀၁၆ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးကဘာရ်ဇတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
## ဦးစိုးလှိုင်
**ဦးစီးမှူး၊ သုံးခွ သ/မဦးစီး(ငြိမ်း)**
**အသက်(၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၁)ရပ်ကွက်၊အနော်ရထာလမ်း၊ အမှတ် ၁၄နေ (ဦးအောင်ညွန့်-ဒေါ်သိန်း)တို့၏သား၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အောင်ပြေငြိမ်းလမ်းနေ (ဦးပွ - ဒေါ်စိမ်းဥ)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်အေး(လ/ထ ညွှန်ကြားရေးမှူး၊ သ/မဦးစီး၊ ငြိမ်း)၏ ခင်ပွန်းသည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သုံးခွမြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၆-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးစိန် (ပေါင်းတည်)
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ် ၅/၁နေ (ဦးကြိုင်)၏ဇနီး၊ ဦးအဂ္ဂလ(မဟာရာဇိကာရမ်ကျောင်းတိုက်၊ စမ်းချောင်း)၊ဒေါ်ကြည်ကြည်ဝင်း၊(J Donuts)၊ ဦးကိုအေး-ဒေါ်နွယ်နွယ်ဝေတို့၏မိခင်၊ မောင်စိုပြေကိုကိုအေး(အင်ဂျင်နီယာဌာန၊ အာရှတော်ဝင်ဆေးရုံ)၊ မောင်ရန်ပြေကိုကိုအေး(Final Part I-ဆေးတက္ကသိုလ်-၂)၏အဘွားသည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ခင်
**(ပဲခူး-ဘုရားကလေး)**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၃၇နေ (ဦးထွန်းညိမ်း-ဒေါ်ငွေမြိုင်) တို့၏သမီး၊(ဦးစံပွင့်-ဒေါ်ဖွားရင်)တို့၏ သမီးချွေးမ၊ (ဦးလှ)၏ဇနီး၊ ဒေါ်ခင်လှ၊ ဒေါ်ယဉ်လှ၊ ဒေါ်ယဉ်မြတ်တို့၏ညီမ၊ ဒေါ်တင်ရွှေ ဦးတင်ဝင်း၊ ဒေါ်သိန်းချစ်တို့၏အစ်မ၊ဦးသိန်းဇံ-ဒေါ်ခင်စိုးဝင်း၊ ဦးဌေးလွင်၊ ဦးစိုးအောင်-ဒေါ်ရင်ရင်တင့်၊ မနုယဉ်(ခ)မေမြတ်မွန်တို့၏မိခင်၊ ကိုဝေလင်းအောင်၊ ထက်အောင်ခိုင်၊ မစုသဲဖြူဖြူဇံ၊ မခိုင်ဇင်ဇင်သော်တို့၏အဘွားသည် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၇း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၆ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၆-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဖိုးဆိုင် (မင်းပြား)
**အသက်(၉၂)နှစ်**

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်နေ (ဦးထုံးခြင်-ဒေါ်မဘူး)တို့၏သား၊(ဦးဖိုးစိန်)၊ ဦးဖိုးလှတို့၏အစ်ကို၊ ဦးမောင်ထွန်း-ဒေါ်ခင်ဖြူ၊ ဒုရဲမှူးကြီးဦးဘစိန်-ဒေါ်နုနုရင်၊ ဒေါ်မမြစိန်-(ဦးလွန်းတင်)၊ တပ်ကြပ်ကြီး ကျော်မြ (ခယလ)-ဒေါ်သန်းသန်းဌေး၊ (ဦးကျော်အောင်)-ဒေါ်အေးအေးဝင်း၊ ဒေါ်ရွှေမဖြူ-ဦးလှဝင်း၊ ဒေါ်သန်းသန်းမူ(Singapore)-ဦးညီလှကျော်တို့၏ဖခင်၊မြေး ၁၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုး၊(ဒေါ်ဒေါင်းမ)၏ခင်ပွန်းသည် ၂၀-၆-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၂၀၊ လေးလွှာ နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်အေး
**မန်နေဂျာ၊ ရာဇသောက်ရေသန့်**
**(သန်လျင်)**
**အသက်(၅၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပေါင်းစည်းလမ်း၊ အမှတ် ၇နေ (ဦးသောင်း)-ဒေါ်အိတို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာ၊ မြတိုက်၊အမှတ် ၂၀၁နေ(ဦးမျိုးနောင်)-ဒေါ်နန်းခင်စမ်းရီတို့၏သားသမက်၊ဒေါ်ဆောင်းမျိုးခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မသန့်ဖွေးဖွေးနှင်း၊ မမေဖြူဖြူစင်တို့၏ဖခင်သည် ၂၁-၆-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (မြခွာညိုအိမ်ရာမှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်း အသက်(၉၀)
**ခရမ်း(အေးရွာ)**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အေးရွာကျေးရွာနေ (ဦးသာဒွန်း-ဒေါ်ခင်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၂နေ (ဦးအောင်သောင်း)၏ဇနီး၊ (ဦးသန့်ရင်)၊ ဒေါ်အောင်မေမြင့်၊ ဒေါ်ညွန့်ညွန့်နွယ်(လ/ထမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ရုံးချုပ်၊ နေပြည်တော်)တို့၏မိခင်သည် ၂၁-၆-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယကာကြီး
## ဦးမောင်မောင် အသက်(၈၂)နှစ်
**စိန်ကမ္ဘာ ဆားစက်၊ ရန်ကုန်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်နေ (ဦးရွှေလဝင်း-ဒေါ်မကင်း)တို့၏သား၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ အမှတ် ၂၄နေ ဒေါ်တင်သောင်း၏ခင်ပွန်း၊ ဦးသန်းအောင်-ဒေါ်ညိုညို(ဖူးပွင့်စံ ဆားစက်)၊ ဦးမောင်ကြီး-ဒေါ်ခင်စောမွန်၊ ဦးမျိုးဝင်း-ဒေါ်ကျင်ကျင်ဝင်း၊ ဦးမျိုးခိုင်စိုး-ဒေါ်ဆွေဆွေခိုင်၊ မနီနီလင်းတို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၀၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မဟာဝိဟာရ ဓမ္မဝိနယတက္ကသိုလ် ဒုတိယပါမောက္ခချုပ်
## ဆရာကြီး ဦးထွန်းဆွေ (ကျောက်ပန်းတောင်း)
**(B.A, B.L) တရားလွှတ်တော်ရှေ့နေ**
**အသက်(၈၁)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် ၇နေ ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်စိုးစိုး၏အစ်ကို၊ ဒေါ်ခင်မေဝင်း၏ခင်ပွန်း၊ ကိုကျော်စွာဦး-မမင်းမင်းသန့်၊ ကိုမင်းမောင်-မအောင်မေဝင်း၊ မထိုက်ထိုက်ထွန်း၊ ကိုကျော်ဆန်းလွင်-မမေသော်ထွန်း(USA)၊ ရဲတပ်ကြပ်မိုးမင်း(အမှတ်-၂၊ ရဲစခန်း၊ လားရှိုး)၊ကိုဘုန်းကျော်-မချမ်းချမ်းသိမ့်တို့၏ဖခင်၊ ကိုဖြိုးမင်းစိုး၊ ဗိုလ်မှူးဝဏ္ဏ-မယုယုကျော်တို့၏ဘကြီး၊ မောင်လင်းစည်သူ၊ မပန်းယုဆွေ၊ မောင်ပြည့်ဘုန်းပိုင်၊ မမေမြတ်လွင်၊ မောင်မင်းစွမ်းပြည့်၊ မောင်ဖြူစင်မောင်တို့၏အဘိုးသည် ၂၀-၆-၂၀၁၆ရက် ညနေ ၄း၃၀နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆံ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးရီ
**အသက်(၇၇)နှစ်**

သူငယ်ချင်း ထိန်ဝင်း၏မိခင် ဒေါ်အေးရီသည် ၁၉-၆-၂၀၁၆ရက်တွင် ရွှေပေါက်ကံ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၆)မှ သူငယ်ချင်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး
**ဗိုလ်ဗိုလ်မင်းမိသားစု၏မိခင်**
## ဒေါ်ခင်စိန် အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၈၆၅နေ ဦးဗိုလ်လေး၏ဇနီး၊ ဦးသန့်ဇင်ဦး-ဒေါ်မြတ်သန္တာ၊ ဒေါ်အေးအေး၊ ဒေါ်ခိုင်ခိုင်တို့၏မိခင်၊ မောင်သန့်နိုင်ထွန်း၊ မစုသန္တာဦး၊ မအေးသီတာမိုး၊ မောင်ဥက္ကာမင်းတို့၏အဘွားသည် ၂၁-၆-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၆း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ပင်လုံလမ်း၊ (၂၉)ရပ်ကွက်၊ ဟိုတယ်ဗိုလ်ဗိုလ်မင်းမှ နံနက် ၉း၁၅ နာရီနှင့် ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ ဗိုလ်ဗိုလ်မင်းမုန့်တိုက်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ခင်မျိုးလှ (မြန်အောင်)
**နာယက**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းစင်တာ၊ အခန်းအမှတ် (2B2)နေ (ဦးအုန်းခင်-ဒေါ်စောညွန့်)တို့၏သမီး၊ (ဝဏ္ဏကျော်ထင် ဦးမောင်မောင်ရီ)၏ဇနီးသည် ၁၉-၆-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဒေါ်ဥမ္မာဆွေ အသက်(၄၃)နှစ်
**ဒု-ဦးစီးမှူး၊ ကမ်းပါးနီ**
**မျိုးပွားခြံ၊ လယ်ဝေး**

နတ်မောက်မြို့၊ အောင်ဆန်းရပ်နေ (ဦးမြင့်ဆွေ)-ဒေါ်ခင်သန်းတို့၏ သမီး၊ ပျဉ်းမနားမြို့၊ မင်္ဂလာသာဇံရပ်၊ အမှတ် ၈/၄၇နေ ဦးကျော်ဝင်း(သစ်ထုတ်လုပ်ရေး၊ ငြိမ်း)-ဒေါ်စီစီသန်းတို့၏ သမီးချွေးမ၊ မအိမ့်ဖြူစင်မင်း (ကျန်းမာရေး)၊ မသံဇဉ်မင်း(Grade-X၊ ထ-၄)၊ မောင်ဉာဏ်လင်းသစ်တို့၏မိခင်၊ ဦးရောင်နီမင်း (ဓာတ်ပုံနှင့် ဗီဒီယိုလုပ်ငန်း)၏ ချစ်လှစွာသောဇနီးသည် ၂၁-၆-၂၀၁၆ရက် နံနက် ၉း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၆ရက် ညနေ ၃ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်ကျင်လေး(ခ)
## ဒေါ်ဌေးဌေးဦး (ကလော)
**အသက်(၆၆)နှစ်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်းနေ (ဦးကိုဦး - ဒေါ်အေးညို)တို့၏ သမီး၊ (ဦးအရွှေ - ဒေါ်လွန်းမေ)တို့၏ သမီးချွေးမ၊ ကလောမြို့၊ (၇)ရပ်ကွက်၊ ၁/သစ်တောလမ်းနေ (ဦးမင်းလွင်)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ကျင်အေး)၏ ညီမ၊ဦးသိန်းရွှေ၊(ဦးသိန်းဖေ-ဒေါ်ဝင်း)၊ ဒေါ်ခင်သစ်၊ ဦးသိန်းလွင်၊ ဒေါ်ခင်ဖြူ(ဦးလှိုင်)၊ ဦးသိန်းငွေ-ဒေါ်အေးဝင်း၊ (မောင်ညီထွေး)တို့၏အစ်မ၊ ဦးအေးလွင်ဦး-ဒေါ်ခင်မြသင်း၊ ဦးချောချောလွင်-ဒေါ်နန်းလှလှဝင်း၊ ဒေါ်မေဌေးလွင်-(ဦးအောင်အောင်ထွန်း)၊ ဦးဇင်ချိုနေလွင် - ဒေါ်ဝင်းမင်းလတ်တို့၏ ချစ်လှစွာသောမိခင်၊ မနန်းမွန် မွန်ချောလွင်၊ မသင်းသူသူလွင်၊ မောင်သီဟအေးလွင်၊ မောင်ဝဏ္ဏအေးလွင်၊ မောင်ရဲစွမ်းရည်တို့၏ဘွားမေသည် ၂၁-၆-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၀၀း၀၅နာရီတွင် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရက်ကွက်၊ နံ့သာဖြူလမ်း၊ အမှတ် ၁၄၄/၂ နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၆-၂၀၁၆ရက်(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များ ယနေ့ကျင်းပမည်

❍ ညီမြတ်သော်တာ

**ရန်ကုန် ဇွန် ၂၁**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များအနက် ဒုတိယနေ့ပွဲစဉ်များကို ဇွန် ၂၂ ရက်(ယနေ့) ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး MNL ထိပ်သီး အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ဧယျာဝတီ ရွှေမြေ အသင်းတို့မှာ ပထမတန်းကလပ်အသင်း များနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဒုတိယနေ့ပွဲစဉ်အဖြစ် ဇွန် ၂၂ ရက်(ယနေ့) တွင် သုဝဏ္ဏကွင်း၌ နေပြည်တော်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ဧယျာဝတီရွှေမြေအသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြဝတီအသင်းနှင့် နေပြည်တော်အသင်းတို့မှာ ပထမအဆင့်မှ တက် ရောက်လာခြင်းဖြစ်ပြီး ဧယျာဝတီရွှေမြေအသင်း နှင့် ရှမ်းယူနိုက်တက်အသင်းတို့မှာ ဒုတိယ အဆင့်မှ စတင်ကစားရခြင်းဖြစ်သည်။ ရှမ်းယူ နိုက်တက်အသင်းနှင့် ဧယျာဝတီရွှေမြေအသင်း တို့မှာ လက်ရှိ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယ အကျော့တွင် သုံးပွဲဆက်တိုက် အနိုင်ရရှိထားပြီး ခြေစွမ်းပြနေသည့် အသင်းများဖြစ်သည်။ ယင်း နှစ်သင်းမှာ လာမည့်တစ်ပတ်တွင် အမှတ်ပေးပွဲ ၌ ထိပ်တိုက်တွေ့ဆုံမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ

စာမျက်နှာ ၁၄ ကော်လံ ၁ ❋



# ဖားကန့်မြို့ မိုးသည်းထန်မှုကြောင့် နေအိမ်များရေထဲမျောပါ ရေကြီးနိုင်မည့် နေရာများတွင် ကယ်ဆယ်ရေးအဖွဲ့များချထား

**တင်မောင်လွင် (မြန်မာ့အလင်း)**

**ဖားကန့် ဇွန် ၂၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကုဋ္ဌေကျေးရွာ၊ လေးအိမ်စုရွာ(ဒေသအခေါ် အဝေါ)၌ ဇွန် ၂၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ် ၁၂ လုံး ရေနှင့်အတူ မျောပါပျက်စီးသွားခဲ့သည်ဟု ဇွန် ၂၁ ရက် နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက် က အတည်ပြုပြောကြားခဲ့သည်။

"ကျွန်တော်တို့ဆီမှာ မိုးကနေ့တိုင်းဆက်တိုက်ရွာနေတယ်။ ဇွန် ၂၀ ရက်ညပိုင်းက ရွာတဲ့မိုးကြောင့် နေအိမ် ၁၂ လုံး ပေ ၃၀ အကျယ်ရှိ မားဆားချောင်းထဲမျောပါသွားခဲ့ပြီး လူနဲ့ တိရစ္ဆာန်တွေတော့ ထိခိုက်ဒဏ်ရာမရရှိခဲ့ပါဘူး"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါပျက်စီးသွားသောနေအိမ်များအား လုံးခင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များက ဇွန် ၂၁ ရက် နံနက်ပိုင်းမှစ၍ ကယ်ဆယ်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လူဦးရေ ၂၀ ခန့်ကို ကုဋ္ဌေကျေးရွာ အဝေးရာရာမ ကျောင်းတိုက်၌ ယာယီပြောင်းရွှေ့ထားကြောင်း၊ ထို့အပြင် အန္တရာယ်ထပ်မံရှိနေသည့် နေအိမ်ခုနစ် လုံးကိုလည်း ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒



# အိုလံပစ်နေ့အထိမ်းအမှတ်သေနတ်ပစ်ပြိုင်

**ရန်ကုန် ဇွန် ၂၁**

အိုလံပစ်နေ့အထိမ်းအမှတ်သေနတ်ပစ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် မြန်မာနိုင်ငံသေနတ်ပစ်အား ကစားအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအလွတ်တန်း ၁၀ မီတာလေပစ္စတို၊ လေရိုင်ဖယ်၊ အမျိုး သားလူသစ်တန်း ၁၀ မီတာလေရိုင်ဖယ်၊ (အမျိုးသား၊ အမျိုး သမီး)လူသစ်တန်း ၁၀ မီတာလေရိုင် ဖယ်၊(အမျိုးသား၊ အမျိုးသမီး)လူသစ်တန်း လေပစ္စတို၊ လေရိုင်ဖယ်ပြိုင်ပွဲများကို သေနတ်ပစ် အားကစားသမား ၆၆ ဦး ပါဝင် ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို ဇွန် ၂၄ ရက်အထိကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**တင်စိုး(မြန်မာ့အလင်း)**


ကူမာမိုတို၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူလေးဦးသေဆုံး၊ နှစ်ဦးပျောက်ဆုံး စာ - ၁၀

ဂျိုကိုဝီ၏ ရက်ပေါင်း (၆၀၀) စာ - ၁၁

မန္တလေး၌ တစ်သောင်းတန်ငွေစက္ကူအတုနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းမိ စာ - ၁၃


